

# ၂၀ ရာစု ဂီတပညာရှင်များ

ရန်နောင်ဦး

# မာတိကာ


၁။ ဘော့ဒိုင်လန် (သို့မဟုတ်) ကမ္ဘာကြီးကို စကားသင်ပေးသူ ၁

၂။ လူးဝစ်အမ်းစထရောင်း (သို့မဟုတ်) လွတ်လပ်ခြင်း၏ဂီတ ၁၁

၃။ ဘီးတဲလ်စ် (သို့မဟုတ်) လေးယောက်တွဲဟာမိုနီ ၂၀

၄။ အဲလ်ဗစ်ပရက်စလေ (သို့မဟုတ်) ရော့ခ်အင်ရိုးဘုရင်ကြီး ၂၇

၅။ အိုင်ဂါစထရာဗင်စကီး (သို့မဟုတ်) အသံများကို အစီအစဉ်ချသူ ၃၄

၆။ အဲရစ်ကလက်ပ်တန် (သို့မဟုတ်) ဂစ်တာနတ်ဘုရား ၄၃

၇။ **Queen** (သို့မဟုတ်) ခေတ်သစ်ဂန္ထဝင် ၅၁

၈။ **Pink Floyd** (သို့မဟုတ်) ဆိုင်ခီဒဲလစ်ပန်းပွင့် ၅၉

၉။ ကတ်ကိုဘိန်း (သို့မဟုတ်) ဂီတပရော်ဖက်ဆာ ၆၆

၁၀။ ဖရန့်ဇက်ပါ (သို့မဟုတ်) ဂီတပရော်ဖက်ဆာ ၇၂

၁၁။ ရန်းနီး (သို့မဟုတ်) ခမ်းနားသောအိပ်မက် ၇၉

၁၂။ ဂျိုးစထရီယာနီ (သို့မဟုတ်) ဂစ်တာနှင့် စကားပြောသူ ၈၅

၁၃။ ဝူဒီဂပ်သရီ (သို့မဟုတ်) ကျေးလက်အဆိုတော်တို့၏ဖခင် ၉၁

# ဘောဒ္ဒိုင်လန်

(သို့မဟုတ်)

# ကမ္ဘာကြီးကို စကားသင်ပေးသူ



ကျွန်တော့်ကိုယ်ကျွန်တော် ပုံဖော်မထားဘူး။ ဒီနေ့တစ်မျိုးစဉ်းစားမိပြီး နက်ဖြန်တစ်မျိုး စဉ်းစားရင်စဉ်းစားမယ်။ တစ်နေ့အတွင်းမှာလည်း စိတ်ပြောင်းချင်ပြောင်းမယ်။ နိုးထလာချိန်မှာ ကျွန်တော်ဟာ တစ်ဦးဖြစ်ပြီး အိပ်ရာဝင်ချိန်မှာ အခြားတစ်ဦး ဖြစ်ချင်ဖြစ်မယ်။ တချို့အချိန်တွေမှာ ကျွန်တော် ဘယ်သူလဲဆိုတာ ကျွန်တော်မသိဘူး။ ဒါဟာ ကျွန်တော့်အတွက်တော့ ပြဿနာမရှိပါဘူး။

**ဘော့ဒိုင်လန်**

၁၉၆၀၊ နယူးဂျာစီဆေးရုံတွင် နာမကျန်းဖြစ်နေသော ကျေးလက်အဆိုတော်ကြီးဝူဒီဂပ်သရီထံသို့ လူငယ်တစ်ဦးရောက်ရှိလာ၏။ ထိုလူငယ်မှာ မင်နီဆိုတာ တက္ကသိုလ်တွင် စာပေအထူးပြုသင်ကြားနေချိန်၌ ဝူဒီဂပ်သရီ၏ သီချင်းများကြောင့် ကျေးလက်ဂီတကို စိတ်ဝင်စားလာခဲ့ရသည်ဆို၏။ ကျေးလက်အဆိုတော်ကြီးက နေမကောင်းဖြစ်လျက်နှင့်ပင် ထိုလူငယ်ရေးလာသော သီချင်းများကို နားဆင်၍ ဝေဖန်အကြံပေးခဲ့သည်။ ထိုကာလအတွင်း ၎င်းလူငယ်သည် ဂပ်သရီ၏ ရောက်တတ်ရာရာ ရေရွတ်သော ဘလူးစ်ဟန်နှင့် ဗန်းစကားဆန်သည့် အနောက်တောင်ပိုင်း လေးတိလေးတွဲလေသံတို့ကို အမွေရရှိခဲ့သည်။ ထိုလူငယ်မှာ နောင်အခါ၌ ကျေးလက်ဂီတတွင် အရေးအပါဆုံးဖြစ်လာမည့် ဘော့ဒိုင်လန် (Bob Dylan) ပင် ဖြစ်တော့သည်။ ဘော့ဒိုင်လန်သည် သူ၏ ပြောင်မြောက်သော စာသားများဖြင့် ၁၉၆၀ ခုနှစ် လူငယ်များ၏ ဘဝနေဟန်နှင့် တွေးခေါ်မှုတို့အပေါ် လွှမ်းမိုးခဲ့သည်။ သူသည် သီချင်းဆိုသူနှင့် ရေးဖွဲ့သူတို့၏ ခေတ်ပြိုင်ပုံရိပ်ကို မည်သို့ဖြစ်သင့်သည်ဟု ဖန်တီးပြသခဲ့သူ ဖြစ်သည်။

၁၉၆၃ တွင် ပီတာ၊ ပေါလ်နှင့် မေရီတို့ သီဆိုသော Blowin' in the Wind သီချင်းထွက်ပေါ်လာသောအခါ သီချင်းရေးဖွဲ့မှုကဏ္ဍတွင် အချိုးအကွေ့တစ်ခု ဖြစ်ထွန်းလာခဲ့ရသည်။ ယင်းမတိုင်မီက ရော့ခ်အင်ရိုးဂီတသည် ပုံသဏ္ဍာန်အားဖြင့်သာ တိုးတက်သော်လည်း စာသားအကြောင်းအရာအားဖြင့် လေးနက်မှုမရှိ၊ ဆယ်ကျော်သက်အကြိုက် အသည်းကွဲအကြောင်းအရာများကသာ လွှမ်းမိုးထားသည်။ Blowin' in the Wind မှာ ပြည်တွင်းစစ်ကို ရေးဖွဲ့ထားခြင်း

ဖြစ်ပြီး၊ ကျေးလက်ဂီတနယ်ပယ်တွင် ရောင်းအကောင်းဆုံး ဓာတ်ပြားတစ်ချပ်ဖြစ်လာသည်။ ထိုသီချင်းကို ရေးဖွဲ့သူမှာ ဘော့ဒိုင်လန်ဖြစ်သည်။ သီချင်းဆိုသူထက် ထိုသီချင်းရေးသူကို စတင် စိတ်ဝင်စားခြင်းခံရသော သီချင်းလည်း ဖြစ်သည်။

"လူကိုလူလို့သတ်မှတ်ဖို့ လမ်းပေါင်းများစွာ
လူဟာဘယ်လောက် လှမ်းလျှောက်ရမလဲ
မြေမှာခိုဝင်မအိပ်စက်မချင်း ချိုးဖြူငှက်ငယ်
ပင်လယ်တွေ ဘယ်လောက်ရွက်လွှင့်ရမှာလဲ
သူတို့ထာဝရ မတားမချင်း အမြောက်ဗုံးဆန်တွေ
ဘယ်နှကြိမ် ဘယ်နှခါ ပျံသန်းကြမတဲ့လဲ"

၎င်းမှာ **လေထဲမျောလွင့်နေဆဲ** သီချင်းမှ စာသားတစ်ပိုင်းတစ်စဖြစ်သည်။ "လူတွေငိုသံကိုကြားတတ်ဖို့ လူသားတစ်ယောက်မှာ နားရွက်တွေ ဘယ်လောက်များ ရှိသင့်သလဲ" "မမြင်ဟန်ဆောင်ထားဖို့ လူတစ်ယောက်ရဲ့ ဦးခေါင်းဟာ အချိန်ဘယ်လောက်ကြာကြာ လွှဲထားရမလဲ"တဲ့၊ မေးခွန်းများစွာ ထုတ်ထား ပြီး "အဖြေကတော့ လေမှာ မျောလွင့်နေဆဲပါ"ဟု ရေးဖွဲ့ထားသည်။ ဒိုင်လန်မတိုင်မီက တေးသီချင်းများသည် ဂီတပိုင်းဆိုင်ရာတွင် ကောင်းမွန်သလောက် အကြောင်းအရာပိုင်းဆိုင်ရာတွင် ကြဲလှီချို့တဲ့နေကြသည်။ ဒိုင်လန်သည် သူ၏ အကြောင်းအရာကောင်းပြီး အတွေးအခေါ်ထက်မြက်သည့် သီချင်းများဖြင့် အပေါ်စားဂီတသမားများကို ကြမ်းတိုက်သလို ပွတ်တိုက်ဆေးကြောဖယ်ရှားခဲ့သည်။ ကျေးလက်ဂီတသမား ဒိုင်လန်သည် နောက်မျိုးဆက်သစ်လူငယ်များ၏ ရော့ခ်ဂီတနှင့် လိုက်ဖက်သော အကြောင်းအရာများကို ကြိုတင်မျိုးစေ့ချပေးခဲ့သည်။ သီချင်းတစ်ပုဒ်သည် တိုက်ရိုက်ကျရမည်၊ ပုဂ္ဂိုလ်ရေးဆန်ရမည်၊ အာဟာရဖြစ်ရမည်၊ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် ဖြစ်ရမည်ဟု သူက လူငယ်များအား ညွှန်ပြခဲ့သည်။ သူ၏ ဂီတမှ တုံ့ပြန်တတ်သည့် သဘောဆောင်သော တန်ပြန်ယဉ်ကျေးမှုက စိမ့်ယိုထွက်ပေါ်လာခဲ့ပေသည်။

ဘော့ဒိုင်လန်၏ ငယ်နာမည်မှာ **ရောဘတ်အယ်လန်ဇင်မာမန်း (Robert Allen Zimmerman)** ဖြစ်သည်။ သူ့ကို ၁၉၄၁၊ မေ ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုတာပြည်နယ်၊ ဒါလုမြို့၌ မွေးဖွားခဲ့ပြီး ကနေဒါနယ်ခြားမျဉ်းနှင့် မိုင် ၆၀ သာ ကွာဝေးသော သတ္တုတွင်းမြို့လေးဖြစ်သည့်

ဟာစ်ဘင်း၌ ကြီးပြင်းခဲ့သည်။ ဂီတကို ခံစားတတ်သော သူ့ဖခင်က ဒိုင်လန်နှင့် သူ့ညီငယ်ဒေးဗစ်တို့အတွက် စန္ဒရားတစ်လုံး ယူဆောင်လာခဲ့သည်။ ဒိုင်လန် သည် ငယ်စဉ်ကတည်းကပင် စန္ဒရား၊ ဂစ်တာနှင့် ဟာမိုနီကာတို့ကို သူ့အလိုလို တီးတတ်လာခဲ့သည်။ အထက်တန်းကျောင်းအရောက်တွင် ကိုယ်ပိုင်တီးဝိုင်းဖွဲ့ ပြီး ရော့ခ်အင်ရိုးသီချင်းများ တီးခတ်ကာ အပေါင်းအဖော်များ အကြား ထင် ရှားခဲ့သည်။ ညပိုင်း ရေဒီယိုအစီအစဉ်တွင် သူနှစ်နှစ်ခြိုက်ခြိုက် နားဆင်ခဲ့သည် က လူမည်း ဂီတသမားများဖြစ်သည့် ချပ်ဘာရီ၊ ဖက်စ်ဒိုမီနို၊ လစ်တဲရစ်ချက် စသူတို့ပင်။ ၁၉၅၉ တုန်းက ရောဘတ်ဇင်မာမန်းဆိုသည့် ဒိုင်လန်လောင်းလျာ၏ ရည်မှန်းချက်က လစ်တဲရစ်ချက်ဝိုင်းနဲ့ ဆက်သွယ်မိဖို့ပါတဲ့။ သို့သော် ဒိုင်လန် ၏ ဂီတလမ်းကြောင်းကို ပြောင်းလဲစေခဲ့သူမှာ ကျေးလက်အဆိုတော်ကြီး ဝူဒီ ဂပ်သရီပင် ဖြစ်သည်။ မင်နီဆိုတာ တက္ကသိုလ်တွင် တက်ရောက်စပြုနေပြီး ကျောင်းစာတွင် စိတ်မဝင်စားသော ဒိုင်လန်သည် ဝူဒီဂပ်သရီကြောင့် ကျေး လက်ဂီတကို စိတ်ဝင်စားလာပြီး ကျောင်းမှထွက်ကာ ဝူဒီထံတွင် နည်းနာယူ ခဲ့သည်။ ထိုစဉ်က နာမည်ကြီးနေသော ဝေလနယ်သားကဗျာဆရာကြီး "ဒိုင် လန်သောမတ်စ်" ကို အစွဲပြုကာ သူ့နာမည်ကို ဘော့ဒိုင်လန်ဟု ပြောင်းလဲ လိုက်ပြီး သီချင်းများ စတင်ရေးသားခဲ့သည်။ ၁၉၆၁ တွင် နယူးယောက်သို့ ရောက်ရှိခဲ့ပြီး သူ့ကိုယ်ပိုင်သီချင်းများကို အကူးစတစ်ဂစ်တာနှင့် ဘာဂျာတစ် လက်ဖြင့် စတင်ဖျော်ဖြေခဲ့၏။ ဂျွန်ဟမ်မွန်၏ ကိုလံဘီယာဓာတ်ပြားတိုက်မှ သူသီဆိုသည်ကို ကြားသွား၍ နှစ်သက်သဖြင့် ဓာတ်ပြား စတင်သွင်းစေခဲ့ သည်။

ဒိုင်လန်၏ ပထမအယ်လ်ဘမ် Bob Dylan မှာ သိပ်မအောင်မြင်ခဲ့ချေ။ ဝူဒီဂပ်သရီကို ရည်ညွှန်းဖွဲ့ဆိုထားသည့် Song To Woody သီချင်းကိုတော့ အနည်းငယ် သတိထားမိကြသည်။ ဒုတိယအယ်လ်ဘမ် The Freewhelin' Bob Dylan (၁၉၆၃) တွင် ကျမှ ဒိုင်လန်၏ ဆန်းသစ်၍ အားကောင်းသော A Hard Rain's A - Gonna Fall **နှင့်** Master of War စသော သီချင်း ကောင်းများ ပါဝင်လာကာ တစ်နိုင်ငံလုံးက လက်ခံလာခဲ့ကြသည်။ (ပီတာ၊ ပေါလ်နှင့် မေရီတို့ သီဆိုခဲ့သော Blowin' in the Wind ကိုလည်း ထိုအယ်လ် ဘမ်တွင် ဒိုင်လန်က ပြန်ဆိုခဲ့သည်) ဒိုင်လန်၏ တေးသီချင်းများမှာ ရိုးစင်း

သော ကော့ဒ်အနည်းငယ်နှင့် လိုက်ဆိုရလွယ်သော တေးသွားပေါ်တွင် နက်နဲသော အကြောင်းအရာများကို တည်ဆောက်ထားသောကြောင့် လှည်းနေလှေအောင် မြင်းဇောင်းမကျန် နှစ်သက်လာကြသည်။ ဒိုင်လန်၏ ရေးဖွဲ့မှုတွင် ဂီတကနည်းပါးပြီး ကဗျာဓာတ်များစွာ ပါဝင်နေသည်ကို တွေ့ရသည်။ သူ၏ A Hard Rain's A - Gonna Fall မှာ ကဗျာအဖြစ်ရော သီချင်းအဖြစ်ပါ ထင်ရှားသည်။ "Hard Rain" သီချင်းကို အမေရိကန်စာပေဦးဆောင်ပုဂ္ဂိုလ်ဖြစ်သည့် Watter Lowenfles က ကဗျာပေါင်းချုပ်စာအုပ်တွင် တည်းဖြတ်၍ ထည့်သွင်းဖော်ပြခဲ့ရသည်။ ၎င်းသီချင်းမှာ အမေရိကန်နှင့် ရုရှားတို့ ဖြစ်ပွားသော ၁၉၆၂ ကျူးဘားအရေးအခင်းကို ရှုတ်ချထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင် ဒိုင်လန်၏ သူမြင်ရကြားရ တွေ့ကြုံရသမျှပေါ် စာသားဖွဲ့နိုင်မှုစွမ်းရည်ကို တွေ့မြင်နိုင်ပေသည်။

“ဒိုင်လန်ဟာ သီချင်းရေးနည်းဥပဒေအားလုံးကို ချိုးဖောက်ခဲ့တယ်” ဟု ဝေဖန်ရေးဆရာရောဘတ်ရှယ်လ်တန်က ရေးသားခဲ့သည်။ သူ၏ ပထမဆုံး လူထုသီချင်းမှာTalking John Brich ဖြစ်ပြီး ဂပ်သရီနှစ်သက်လေ့ရှိသည့် ဖွဲ့စည်းပုံမျိုးဖြစ်သည်။ စစ်ဆန့်ကျင်ရေးသီချင်းများဖြစ်သည့် Master of War နှင့် With God on our Side တို့ကို ရေးသားခဲ့သည်။ လူငယ်နှင့် မိဘတို့၏ ပဋိပက္ခကို ရေးဖွဲ့သော The Times They Are A-Changin သည် မျိုးဆက်သစ်လူငယ်များအပေါ် ကြီးစွာ လွှမ်းမိုးခဲ့သည်။

“ထွက်ခဲ့လော့ မိခင် ဖခင်တို့
မြေပြင်ပေါ် ခြေချကြလော့
ပြစ်တင်ဝေဖန်မှု မပြုကြလင့်
သင်တို့သားသမီးများကဖြင့်
သင်တို့အမိန့်ကို မနာခံကြချေပြီ
အသင်တို့ လမ်းဟောင်းကဖြင့်
လျင်မြန်စွာ ထပ်ကာဖြစ်နေပေ၏
အပြောင်းအလဲဖြစ်မယ့် အချိန်တွေကို
သင်တို့လက်မခံနိုင်ကြရင်ဖြင့်
နောက်အသစ်တစ်ခုကို မောင်းထုတ်လိုက်ကြပါချေ”

"သူဟာ နောက်ထပ်အသစ်တစ်ခုဆီသာ အမြဲအာရုံရောက်နေတတ်တယ်၊ ဒီအဖြစ်က သူ့ကို တင်းကျပ်နေစေပေမဲ့ သူ့အနုပညာဖန်တီးမှုအတွက် အထောက်အကူလို ဖြစ်နေပါတော့တယ်"ဟု အမျိုးသမီး ကျေးလက်အဆိုတော် ဂျိုအန်ဘီးဇ် **(Joan Baez)** က ပြောကြားခဲ့သည်။ ဂျိုအန်ဘီးဇ်မှာ ဒိုင်လန်ရေးသားသည့် Don't Think Twice, It's Alright နှင့် It Ain't Me, Babe သီချင်းများဖြင့် ကျော်ကြားလာသူဖြစ်သည်။ ကျေးလက်ဂီတအပေါ် အမှန်တကယ် မြတ်နိုးမှုနှင့် သူမ၏ အရည်အချင်းများကြောင့် လူငယ်များက လေးစားကြသည်။ သူမသည် ဗီယက်နမ်စစ်ပွဲကို ဆန့်ကျင်သည့် လူထုဆန္ဒပြပွဲများတွင် ပါဝင်တတ်သည့် တတ်ကြွသော ဂီတပညာရှင်တစ်ဦး ဖြစ်သည်။ ဒိုင်လန်နှင့် ဂျိုအန်ဘီးဇ်တို့သည် ကျေးလက်ဂီတမြင်ကွင်း၏ အလယ်ဗဟိုတွင် အရေးပါ လိုက်ဖက်ညီသော အတွဲတစ်တွဲဖြစ်သော်လည်း ဒိုင်လန်က လက်ထပ်သောအခါ **ဆာရာ**ဆိုသူ အမျိုးသမီးနှင့်သာ လက်ထပ်ခဲ့သည်။ ဒိုင်လန်သည် ဂျိုအန်ဘီးဇ်ကို သာမက ကျေးလက်ဂီတကိုပါ စွဲလမ်းခဲ့သည်။ ၁၉၆၅ တွင် လျှပ်စစ်ဂစ်တာကို ကိုင်စွဲပြီး ပေ့ါပ်အယ်လ်ဘမ် Highway 6, Revisited ကို ထုတ်ဝေခဲ့သည့် အတွက် ကျေးလက်ပရိသတ်များက သူ့ကို ရှုတ်ချခဲ့ကြသည်။ ကျေးလက်ဂီတ၏ ရည်ရွယ်ချက်မှာ လူအများစုလက်ထဲ ဂီတကို ရောက်ရှိစေဖို့အတွက် ဖြစ်သည်။ ထို့ကြောင့် ခံစားသူများ လွယ်လင့်တကူ လိုက်လံတီးခတ်နိုင်ဖို့ ဟော်လိုဂစ်တာဖြင့်သာ တီးခတ်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ခေါင်းဆောင်ကြီး ဒိုင်လန်က လျှပ်စစ်ဂစ်တာကို ကိုင်စွဲလိုက်သောအခါ ဂျိုအန်ဘီးဇ်တို့ကအစ ဒိုင်လန်ကို ကျေးလက်ဂီတအပေါ် သစ္စာဖောက်သည်ဟု စွပ်စွဲလာကြသည်။ ဒိုင်လန်က "သူတို့က မင်းရဲ့ ပရိသတ်တွေပါ၊ ကိုယ့်ရဲ့ ပရိသတ်တွေ မဟုတ်ဘူး"ဟု တုံ့ပြန်ခဲ့သည်။

သို့သော်လည်း ဤဂယက်မှာ မသေးချေ။ ဒိုင်လန်၏ စင်မြင့်ဖျော်ဖြေပွဲများတွင် ကျေးလက်ဂီတနှင့် ရော့ခ်ဂီတဟူ၍ နှစ်ပိုင်းခွဲကာ ဖျော်ဖြေလာရသည်။ အကူးစတစ်ဂစ်တာနှင့် ဖျော်ဖြေပြီး၍ လျှပ်စစ်ဂစ်တာကောက်ကိုင်သည့်အခါတိုင်း စင်အောက်ရှိ ကျေးလက်ပရိသတ်က ဒိုင်လန်ကို စင်ပေါ်မှ ဆင်းပြေးမတတ် ဆဲဆိုပြစ်တင်ရှုတ်ချကြတော့သည်။ ဒိုင်လန်အဖို့ ဝမ်းနည်းမျက်ရည်ဝဲလျက် ဖျော်ဖြေရသည့်ပွဲပေါင်း မနည်းတော့။ သို့သော် စင်အောက်ရှိ ပရိသတ်


သည် ဒိုင်လန်ကို ဆဲဆိုရင်းနှင့်ပင် ဒိုင်လန်၏ လျှပ်စစ်ဂစ်တာနှင့် တီးခတ်သည့် သီချင်း Like A Rolling Stone ကို လိုက်ဆိုလာကြသည်။ ဒိုင်လန်၏ ရှော့ခ် ဆန်သည့် အဓိပ္ပာယ်သိရခက်၍ ပေါက်ကွဲတတ်သော စာသားများကို အရသာ ခံတတ်သည့် သီးခြားမျိုးဆက်တစ်ခုက ပေါ်ပေါက်လာခဲ့ချေပြီ။ ၁၉၆၆ ဇူလိုင် တွင် မော်တော်ဆိုင်ကယ် ထိခိုက်မှု ဖြစ်ပွား၍ ဒိုင်လန်၏ လည်ပင်း ထိခိုက် သွားခြင်းကြောင့် “ဒိုင်လန်သီချင်းမဆိုနိုင်တော့” ဟူသော အသံများ ထွက် ပေါ်လာသည်။ သို့သော်လည်း ထို့အရင်က သွင်းယူခဲ့သော Blonde on Blonde အယ်လ်ဘမ်က ဩဂုတ်လတွင် ထွက်ရှိလာခဲ့၏။ ၎င်းအယ်လ်ဘမ် အတွင်းမှ သီချင်းများ၏ အတွေးသစ်၊ ရေးဖွဲ့မှုအသစ်များကြောင့် တက္ကသိုလ် များ ကျောင်းများကပင် ထိုသီချင်းများကို လေ့လာဆန်းစစ်ရသည်။ သူရေးသော သီချင်းများကို ပညာရှင်များက လေ့လာ၍ စာတမ်းဖတ်ပွဲများပင် ပြုလုပ်လာ ကြရသည်။ ဒိုင်လန်၏ သီချင်းများသည် ခေတ်ပြိုင်များအပေါ်တွင်ပါ လွှမ်းမိုး လာခဲ့သည်။ ဘီးတဲလ်စ်အဖွဲ့သည်ပင် ဒိုင်လန်၏ Bob Dylan's 115th Dream, When I Paint My Masterpiece သီချင်းမျိုးတွေ ကြားပြီးမှ လေး နက်သော အကြောင်းအရာများကို တေးရေးဖွဲ့ရကောင်းမှန်း သိလာကြရသည်။ ၁၉၇၀ ဇွန် ၉ ရက်တွင် ပရင်စတန်တက္ကသိုလ်မှ ဒိုင်လန်ကို **ဂီတဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့** ချီးမြှင့်ခဲ့သည်။ ၎င်းနောက်တွင် ဒိုင်လန်သည် ရုပ်ရှင်နောက် ခံတေးများစွာ ရေးသားလာရသည်။ ၎င်းတို့အနက်မှ Knockin' on Heaven's Door မှာ ထင်ရှားသည်။

၁၉၈၅ တွင် အာဖရိကဒုက္ခသည်များအတွက် ရန်ပုံငွေသီချင်း We are the World ၌ အခြားအနုပညာရှင်များနှင့်အတူ ပါဝင်ကူညီခဲ့သည်။ ၁၉၉၄ တွင် ဝုဒ်စတော့ဂီတပွဲတော်၌ လူငယ်ဂီတဝိုင်း Metallica, Nine Inch Nails တို့နှင့် တွဲဖက်ဖျော်ဖြေခဲ့သည်။ ၎င်းနှစ်၌ပင် "MTV Unplugged" ကို ထုတ် လွှင့်ခဲ့သည်။ ၁၉၉၇ တွင် ခရစ်ယာန်မင်္ဂလာပွဲတော် အခမ်းအနား၌ ပုပ်ရဟန်းမင်း ဂျွန်ပေါလ်၏ တောင်းဆိုမှုကြောင့် လူထုရှေ့၌ သီချင်းဆိုပြခဲ့ရသည်။ ပုပ်ရဟန်း မင်းကြီးက မျက်လုံးများအသာမှိတ်၍ ဒိုင်လန်၏ Knockin' on Heaven's Door နှင့် Hard Rain တို့ကို နားဆင်သည်။ ၎င်းနောက် ဒိုင်လန်က Foever Young ကို ထပ်သီဆိုသည်။ ဒိုင်လန်၏ သားဖြစ်သူ ဂျက်ကော့ဒိုင်လန်သည်

လည်း သီချင်းဆိုရာ နောက်ပိုင်းခေတ်လူငယ်များကြား၌ "Wallflowers ဝိုင်းမှ ဂျက်ကော့၏ ဖခင်"အဖြစ်လည်း ထင်ရှားလာပြန်သည်။ ဒိုင်လန်သည် ၁၉၉၃ ၌ World Gone Wrong ဖြင့် ဂရမ်မီဆု ရရှိခဲ့ပြီး ၁၉၉၈ တွင် Time Out of Mind အယ်လ်ဘမ်ဖြင့် ဂရမ်မီဆု ထပ်မံရရှိခဲ့ပြန်သည်။ ထိုအယ်လ်ဘမ်သည် ဒိုင်လန်၏ ခြောက်နှစ်အတွင်း ကိုယ်ပိုင်သီချင်းအသစ်များ ပထမဆုံး စုစည်းမှုဖြစ်သည်။ "ဂီတထဲမှာပဲ ဘာသာတရားနဲ့ တွေးခေါ်မှုကို ကျွန်တော် ရှာဖွေတယ်၊ တခြားဘယ်နေရာမှ သွားမရှာဘူး။ **Let Me Rest on a Peaceful Mountain** နဲ့ **I Saw the Light** လိုမျိုး သီချင်းတွေဟာ ကျွန်တော့် ဘာသာရေးပဲ။ သီချင်းတွေဟာ ကျွန်တော့်အဘိဓာန်ပဲ၊ သီချင်းတွေကို ကျွန်တော် ယုံကြည်တယ်" ဤသည်မှာ ဒိုင်လန်၏ ဘဝအမြင် ဖြစ်ဟန်တူသည်။

"ဘော့ဒိုင်လန်၏ သီချင်းများသည် ၂၀ ရာစုလူသားများ၏ ဘဝအမြင် အပေါ် ကြီးစွာလွှမ်းမိုးခဲ့သည်"ဟု တိုင်းမ်မဂ္ဂဇင်းကြီးက သတ်မှတ်ခဲ့သည်။ ဒိုင်လန်မတိုင်မီက **သီချင်း**ဆိုသည်မှာ ဂီတ၏ လက်အောက်ခံနယ်မြေသာ ဖြစ်ခဲ့ရသည်။ ခွန်အားကောင်းသောသီချင်းများဖြစ်လာဖို့အတွက် လူထုလှုပ်ရှားမှုများ၊ ဘဝဒဿနများ၊ ငြိမ်းချမ်းရေး နိမိတ်ပုံများနှင့် ဆန်းသစ်သော အာရုံခံစားမှုများကို ထည့်သွင်းဖို့လိုကြောင်း ဒိုင်လန်က မီးမောင်းထိုးပြခဲ့သည်။ သီချင်းများတွင် အသံပိုင်းဆိုင်ရာမက အကြောင်းအရာပိုင်းဆိုင်ရာပါ ထက်မြက်ကောင်းမွန်ဖို့လိုသည်မှာ သေချာခဲ့ချေပြီ။ ကျွန်ုပ်တို့သည် နေ့စဉ်စကားပြောနေကြသည်မဟုတ်ပါလား။ ကျွန်ုပ်တို့ ကမ္ဘာကြီးပြောသင့်သည့်၊ ပြောလိုသည့် စကားများကို ဒိုင်လန်က သီချင်းများဖြင့် ပြောပြခဲ့သည်။ ဒိုင်လန်ကို ရော့ခ်ကဗျာဆရာ၊ ကျေးလက်ရော့ခ်ပညာရှင်၊ ရော့ခ်ပရော်ဖက်ဆာ စသဖြင့် ဝိုင်းသတ်မှတ်ကြသည်။ ကဗျာစကားဖြင့် ပြောရပါလျှင် အခြားဂီတသမားများ လေးလုံးစပ်ကို မက်မက်စက်စက်ဖွဲ့နေစဉ်ကာလတုန်းကတည်းက ဒိုင်လန်က မော်ဒန်ဖြစ်ခဲ့သည်၊ ကာရန်မဲ့ခဲ့သည်။ ထို့ကြောင့် ဒိုင်လန်ကို ရော့ခ်ကဗျာဆရာဟု သတ်မှတ်သည်မှာ မမှားပါ။ စင်စစ်တော့ ဘော့ဒိုင်လန်သည် ကမ္ဘာမြေကြီးကို စကားသင်ပေးသူ ဂီတသမားတစ်ဦးသာ ဖြစ်ပေတော့သည်။

❖ ❀ ❖



# လူ့ဝစ်အမ်းစထရောင်း

(သို့မဟုတ်)

# လွတ်လပ်ခြင်း၏ဂီတ



“ဂျပ်ဇ်သမားတစ်ယောက်ဟာ လက်တန်းဖွဲ့ဆိုမှု လွတ်လွတ်လပ်လပ် လုပ်နိုင်ရမယ်လို့ ကျွန်တော် ယုံကြည်တယ်။ သူကြိုက်တဲ့ နည်းနဲ့ တီးမှုတ်ခွင့် ရှိတယ်”

**လူးဝစ်အမ်းစထရောင်း**

**စိတ်ကူးချိုချို**

၁၉၁၃ နှစ်သစ်ကူးကျောင်းပိတ်ရက်တွင် နယူးအော်လန်မြို့ ပါဒိဒိုလမ်းမပေါ်၌ ကလေးငယ်များ ပျော်မြူးနေကြသည်။ ဖြောက်အိုးများဖောက်ခြင်း၊ ယမ်းစက္ကူများ မီးရှို့ခြင်း၊ ခရာများမှုတ်ခြင်း၊ ကစားစရာ သေနတ်များနှင့် ပစ်ခတ်ခြင်းတို့မှာ ထိုဒေသ၏ နှစ်သစ်ကူး ယဉ်ကျေးမှု အမှတ်အသားများပင် ဖြစ်သည်။ လူဖြူလူမည်းကလေးငယ်များနှင့် အရွယ်ရောက်သူများပါမကျန် လမ်းမများပေါ်သို့ ထွက်၍ နှစ်သစ်ကို ပျော်ရွှင်စွာ ဆီးကြိုနေကြသည်။ ထိုအချိန်တွင် ဆယ်ကျော်သက်အရွယ် လူမည်းကလေးငယ် လေးဦးထင်းရှူးသေတ္တာကို တီးသူကတီး၊ သီချင်းဆိုသူကဆိုဖြင့် ချီတက်လာကြသည်။ ခေါင်းဆောင်လုပ်သော ကောင်လေး၏လက်ထဲတွင် သေနတ်တစ်လက်ပါလာသည်။ အခြားသူများလို ကစားစရာ သေနတ်တော့မဟုတ်၊ တကယ့်သေနတ်ပင် ဖြစ်သည်။ သူတို့အဖွဲ့ ချီတက်ရာ၌ အသံပေးရန်ဟူသော အကြံဖြင့် သူ့မိခင်ဝှက်ထားရာမှ တိတ်တဆိတ် ရှာယူခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းသေနတ်အစစ်ထဲသို့ ကျည်ဆန်မထည့်ဘဲ ယမ်းမှုန့်လေးများထည့်၍ ပစ်ခတ်ခြင်းဖြင့် ကျယ်လောင်သောအသံကို ထွက်ပေါ်စေသည်။ သေနတ်ဖြင့် ပစ်ဖောက်အချက်ပေးပြီးနောက် သူတို့အဖွဲ့ သီချင်းစဆိုကြရာ လမ်းပေါ်ရှိ ပရိသတ်က နှစ်ခြိုက်သြဘာပေးပြီး ငွေအကြွေစေ့များဖြင့် ပစ်ပေါက်အားပေးကြသည်။ တကယ်တော့ ၎င်းအဖွဲ့၏ ဝိုင်းခေါင်းဆောင်အဖြစ် သီချင်းတိုက်ပေးသူမှာလည်း သေနတ်ကိုင်ထားသည့် ဒစ်ပါးအမည်ရ အမ်းစထရောင်းပင် ဖြစ်သည်။ ထိုစဉ် သူတို့သီချင်းဆိုရာအနားသို့ လူဖြူကောင်လေးတစ်ဦးက ကစားစရာ သေနတ်တစ်လက်နှင့် ရောက်လာ

သည်။ ဒစ်ပါးက စချင်နောက်ချင်သောအကြံဖြင့် ထိုကောင်လေး၏အနား တွင် သေနတ်ကို မြှောက်၍ နှစ်ချက်ပစ်ဖောက်လိုက်သည်။ သေနတ်သံမှာ အလွန်ကျယ်လောင်လှသည်ဖြစ်၍ လူဖြူကောင်လေးမှာ အလွန်ထိတ်လန့်သွားပုံ ရသည်။ မကြာမီပင် ဒစ်ပါးကို ရဲက လာဖမ်းသွားတော့သည်။ လူဖြူကောင် လေးတစ်ယောက်ကို သေနတ်နှင့် ပစ်ခတ်မှုအတွက် ဖြစ်သည်။ ဒစ်ပါးက ထို သေနတ်သည် အန္တရာယ်မရှိကြောင်း၊ ယမ်းမှုန့်လေးများထည့်၍ ကစားစရာအဖြစ် သာ ရည်ရွယ်ကြောင်း ရှင်းပြသော်လည်း မရချေ။ လူမည်းလေးတစ်ယောက် ဖြစ်သော ၁၃ နှစ်သား ဒစ်ပါးကို တရားသူကြီးက လူငယ်ပြုပြင်ရေးဂေဟာတစ်ခု သို့ ပို့ရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။ တရားသူကြီး၏ မမျှတသော ဤဆုံး ဖြတ်ချက်က ဒစ်ပါးဟူသော ဆင်းရဲသားလူမည်းကလေးကို ကမ္ဘာကျော်ဂျပ်ဇ် ဂီတပညာရှင် ထရမ်းပက်သမား လူးဝစ်အမ်းစထရောင်းအဖြစ်သို့ ပြောင်းလဲ တွန်းပို့ပေးလိုက်သလို ဖြစ်သွားချေတော့သည်။ အဘယ့်ကြောင့်ဆိုသော် အမ်းစ ထရောင်းသည် လူငယ်ပြုပြင်ရေးဂေဟာ၏ တီးဝိုင်းတွင် **ကောနက်**အမည်ရှိ လေမှုတ်တူရိယာနှင့် စတင် ထိတွေ့ခဲ့ရသောကြောင့်ပင် ဖြစ်သည်။

လူးဝစ်အမ်းစထရောင်းကို ၁၉၀၀ ပြည့်နှစ် ဇူလိုင် ၄ ရက်တွင် နယူး အော်လန်မြို့ရှိ ဆင်းရဲသားရပ်ကွက်၌ ဖွားမြင်ခဲ့သည်။ လူးဝစ် ငါးနှစ်သားအရွယ် တွင် ဖခင်ဖြစ်သူက နောက်အိမ်ထောင်ပြုကာ သူတို့မိသားစုကို လမ်းခွဲသွားခဲ့ သည်။ မိခင်ဖြစ်သူက မိသားစုစားဝတ်နေရေးအတွက် လူးဝစ်နှင့် သူ့ညီမလေး ကို ဘွားအေထံအပ်နှံပြီး လူဖြူအိမ်တစ်အိမ်၌ နေ့ဘက်အစေခံသွားလုပ်ရရှာ သည်။ လူဖြူလူမည်း ခွဲခြားမှုလှိုင်းတံပိုးကြား၌ လူးဝစ်ကြီးပြင်းလာရသည်။ ထိုစဉ်က ဘတ်စကား၏ အရှေ့ဘက်ခြမ်းတွင် လူမည်းများ ထိုင်ခွင့်မရှိ၊ ပျော် ပွဲစားရုံနှင့် ကလပ်အတော်များများတွင်လည်း "လူမည်းများမလာရ"တဲ့။ ရှေး ယခင်က အမေရိကန် နီဂရိုးများသည် ကျေးကျွန်များ ဖြစ်ခဲ့ရသည်။ အဝေး တစ်နေရာမှ ဖမ်းဆီးခေါ်ဆောင်လာပြီး ကျေးကျွန်ပြုခြင်း ခံနေရသော လူမည်း များ၏ ဝေဒနာများသည် ဘလူးစ် (Blues) သီချင်းများအဖြစ် ဖွံ့ဖြိုးလာရသည်။ ဘလူးစ်သီချင်းများ၏ မူလအစသည် အမေရိကန်လူမည်းတို့၏ ဘဝအမောပင် ဖြစ်၏။ လူးဝစ်ကြီးပြင်းလာစအချိန်တွင်မူ ကျေးကျွန်စနစ်မရှိတော့ပါ။ အသား အရောင် ခွဲခြားမှုကတော့ လတ်ဆတ်ဆဲပင်။ အခွင့်အရေးတန်းတူမရသော

လူမည်းတို့၏ မျက်ရည်စများသည် ရယ်သံအဖြစ် ပြောင်းလဲလာကြသည်။ လွတ်မြောက်လိုစိတ်၊ လွတ်လပ်စိတ်ကို ထင်ဟပ်ပြသော ဂျပ်ဇ်ဂီတသည် တဖြည်းဖြည်း ပေါ်ထွက်စပြုလာသည်။ အငိုပြီးလျှင် အရယ်ရှိရစမြဲ မဟုတ်ပါကလား။ မြူးကြွသော စည်းချက်များ၊ ရွှဲ့စောင်းသော တေးသံများ၊ ဆန်းသစ်သော လက်တန်းဖွဲ့ဆိုမှုများဖြင့် နယူးအော်လန်မြို့ရှိ လူမည်းကလပ်များတွင် နီဂရိုးဂီတပညာရှင်များက ဂျပ်ဇ်ဂီတကို စုပေါင်းထုတ်ဖော်နေချိန်တွင် ထိုဂီတ၏ **"အနှစ်သာရ"** ဖြစ်သော လူးဝစ်အမ်းစထရောင်းကို ဖွားမြင်လာခဲ့သည်။

နယူးအော်လန်မြို့ကို ရစ်ခွေစီးဆင်းနေသော မစ္စစ္စပီမြစ်ကြီးထဲတွင် လူးဝစ်တို့ သူငယ်ချင်းတစ်တွေ ရေသွားကူးကြသည်။ ရေကူး၍ မောလာလျှင် သီချင်းများ အော်ဆိုကြသည်။ မိခင်ကို ကူညီသောအနေဖြင့် သတင်းစာရောင်း၍ ဝင်ငွေရှာပေးသူ လူးဝစ်သည် ညအခါတွင် လမ်းမပေါ်၌ ကောင်လေးသုံးယောက်ပါသော အပျော်တမ်းအော်ဆိုဂီတဝိုင်း၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သေးသည်။ မည်သည့်သီချင်းအကြောင်းအရာမျိုးကို မည်သည့် ခံစားမှုမျိုးဖြင့် နှေးဆိုရမည် မြန်ဆိုရမည်ကို အမ်းစထရောင်းက ညွှန်ကြားခဲ့၏။ ထိုအပျော်တမ်းဝိုင်းလေးသည် ညဘက်တွင် ပါဒီဒိုလမ်းပေါ်၌ လှည့်လည်သီဆိုရာ လူအများက ချီးမွမ်းအားပေး၍ အကြွေစေ့များ ချီးမြှင့်ကြရသည်။ ဂီတမျိုးစေ့ပါလာသော လူးဝစ်တစ်ယောက် နှစ်သစ်ကူးကျောင်းပိတ်ရက်တွင် အထက်ပါအတိုင်း တကယ့်သေနတ်ဖြင့် ဆော့မိ၍ လူငယ်ပြုပြင်ရေးဂေဟာသို့ ရောက်လာရခြင်း ဖြစ်သည်။

လူငယ်ပြုပြင်ရေးဂေဟာတွင် ပါဒီဒိုလမ်းမှ လူဆိုးလေးအဖြစ် ဆရာများက လူးဝစ်ကို နှိမ်ကြသည်။ အပေါင်းအသင်းများက ဆေးဖော်ကြောဖက်မလုပ်။ ထိုအထဲတွင် ဆရာပီတာဒေးဗစ်က အဆိုးဆုံးပင်၊ လူးဝစ်ကို ခဏခဏ ပြစ်ဒဏ်ပေးလေ့ရှိသည်။ သို့သော် ဆရာဒေးဗစ်ကို ထိုလူငယ်ဂေဟာတီးဝိုင်း၏ ဝိုင်းခေါင်းဆောင်အဖြစ် မြင်တွေ့ရသောအခါ လူးဝစ်လေးစားစပြုလာသည်။ ဆရာဒေးဗစ်ကလည်း လူးဝစ်၏ စာရိတ္တကောင်းမွန်မှုကို ရိပ်စားမိလာပြီး သူ၏ ဂီတပိုးကိုပါ သိရှိလာသဖြင့် သူ့တီးဝိုင်းသို့ခေါ်ပြီး ကောနက်အမှုတ်သင်ပေးခဲ့သည်။ စိတ်အားထက်သန်ပြီး ပါရမီရှိသော လူးဝစ်မှာ အတတ်မြန်လေသည်။ ထိုဂေဟာမှ လူငယ်များကလည်း သူ့ကို ချစ်ခင်လာကြချေပြီ။

ပါးစပ်ပြဲသောသူ့ကို **"ဆက်ချ်မို"** ဟု ချစ်စနိုးခေါ်ကြ၏။ မကြာခင် လူးဝစ်သည် ဝိုင်းခေါင်းဆောင်ဖြစ်လာသည်။ သူတို့ဝိုင်းသည် လမ်းမချီတက်ပွဲများ၊ ဘုရားကျောင်းစည်းဝေးပွဲများ၊ ပါတီပွဲများတွင် သွားရောက်ဖျော်ဖြေလာရသည်အထိ တင်ရှားလာသည်။ ၁၉၁၅ တွင် လူးဝစ်၏ ကောင်းမွန်စွာ နေထိုင်မှုကြောင့် ပြန်လွှတ်ပေးရန် လူငယ်ဂေဟာမှ ဆုံးဖြတ်ခဲ့ကြသည်။ တီးဝိုင်းနှင့် ကောနက်ကို စွန့်လွှတ်ပြီး အပြင်လောကထဲ လူးဝစ်ပြန်ရောက်လာချိန်တွင် အလုပ်ကြမ်းမျိုးစုံလုပ်ကိုင်၍ ရပ်တည်ရတော့သည်။ ထို့နောက် မက်ထရမ်ဂါ ကပွဲရုံ၌ ထရမ်းပက်မှုတ်သည့် အလုပ်ကို ရရှိသည်။ လူးဝစ်သည် ထရမ်းပက်မှုတ်ရာ၌ သူ၏ ငယ်ဘဝပုံရိပ်များ၊ ခံစားမှုဝေဒနာများကို အာရုံထဲ မြင်ယောင်၍ တီးမှုတ်လေ့ရှိသည်။ စိတ်လှုပ်ရှားမှုအပြည့်ပါသော လူငယ်ကလေး အမ်းစထရောင်း၏ ထရမ်းပက်သံမှာ လူကြိုက်များ ရေပန်းစားလာပြီး ထိုစဉ်က သူ့ထက်ဦးစွာ နာမည်ကြီးနေသော ထရမ်းပက်သမား ဂျိုးအော်လီဗာကပင် တကူးတက လာရောက်နားဆင်ကာ အံ့သြ ချီးမွမ်းခဲ့ရသည်။

လူးဝစ်၏ ငယ်ဘဝ အိပ်မက်များထဲတွင် သူချစ်သော မစ္စစ္စပီမြစ်ရိုးတစ်လျှောက်ရှိ အပျော်စီးသင်္ဘောကြီးများပေါ်မှ တီးဝိုင်းတွင် ပါဝင်တီးမှုတ်လိုသည့်ဆန္ဒက ပါဝင်ခဲ့သည်။ ယခုတော့ ထိုအိပ်မက်က တကယ်ဖြစ်လာခဲ့ပြီ။ သို့သော် အခက်အခဲတချို့ကတော့ ရှိသေးသည်။ နုတ်စ်များကို ဖတ်ပြီး တီးမှုတ်ရာ၌ လူးဝစ် မထူးချွန်လှပါ။ နေးကွေးညံ့ဖျင်းလှသည်ဟုပင် ပြောလျှင်ရသေးသည်။ သို့သော် တေးသွားတစ်ပုဒ်ကို တစ်ခါကြားပြီးရုံနှင့် စိတ်ကြိုက်ဖွဲ့နွဲ့တီးမှုတ်မှု၌တော့ အမ်းစထရောင်းကို မီသူမရှိ။ သင်္ကေတဖတ်ရာ၌ ညံ့ဖျင်းလှသော သူ၏အားနည်းချက်သည်ပင် အားသာချက်တစ်ရပ် ပြန်ဖြစ်လာရသည်။ အဘယ်ကြောင့်ဆိုသော် ဂျပ်ဇ်ဂီတသည် **လက်တန်းဖွဲ့ဆိုမှု**ပေါ်တွင် အခြေစိုက်ထားသည် မဟုတ်ပါလော။ "စစ်မှန်တဲ့ ဂျပ်ဇ်သမားတစ်ယောက်ဟာ တေးသွားတစ်ခုကို ဘယ်တော့မှ ထပ်တူကြီးနှစ်ခါပြန်မတီးဘူး" ဤသည်မှာ လူးဝစ်၏ နာမည်ကျော်စကားဖြစ်သည်။ ထိုအဆိုမှန်ကန်ကြောင်းကို ဂျပ်ဇ်ဂီတသည် အမေရိကန်တောင်ပိုင်းကို ကျော်ဖြတ်၍ ပြည်နယ်များ၊ နိုင်ငံများသို့ ပျံ့နှံ့သွားခြင်းက သက်သေခံနေပေသည်။ မူလက ဂျပ်ဇ်ဂီတကို လူမည်းများ၏ ပစ္စည်းဟုဆိုကာ လျစ်လျူရှု အရာမသွင်းခဲ့သော လူဖြူ များကပင် မြူးကြွ

သော ဂျပ်ဇ်ဂီတကို လက်ခံလာကြရသည်။

၁၉၂၀ တွင် လူးဝစ်သည် ဂျပ်ဇ်ဂီတ၏ အဓိက ဗဟိုချက်ဖြစ်သော ချီကာဂို၌ ရောက်ရှိထင်ရှားနေပြီဖြစ်သည်။ ဂျပ်ဇ်အသွင်ကွဲအားလုံး ထိုနေရာ၌ ပေါက်ဖွားလာကြသည်။ ဂျူအယ်လင်တန်၏ Big Band၊ ပိုက်မန်း၏ ဂန္ထဝင် ဂျပ်ဇ်ဝိုင်း၊ စန္ဒရားသမား ဖလက်ချာဟမ်ဒါဆင်၊ ကင်း အော်လီဗာ၊ ဘေဘီဒေါ့နှင့် ကစ်အိုရီ စသည့် ဂီတပညာရှင်များ ဂျပ်ဇ်ဝိုင်းများက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာကြသည်။ လူးဝစ်သည် ထရမ်းပက်တီးမှုတ်ရုံတင်မက သီချင်းများ ရေးဖွဲ့သီဆို၍ ဓာတ်ပြားထုတ်ခြင်းဖြင့် ကမ္ဘာက သိလာသည်။ လူးဝစ်၏ ထရမ်းပက်မှ မျှော်လင့်မထားသည့် စိတ်လှုပ်ရှားစရာအသံမြင့်များက သူ့ကို ဂီတလောကတွင် သရဖူဆောင်းစေခဲ့သည်။ သီချင်းများ၌ စာသားမပါဘဲ ရောက်တတ်ရာရာ အာမေဋိတ်များ ညည်းညူရွတ်ဆိုခြင်းကို အမ်းစထရောင်းက စတင်ခဲ့သည်။ သို့သော် သူ၏အသံမှာ ကြမ်းတမ်းဆိုးဝါးလှသည်။ ဂူဒီအယ်လင်က ဝတ္ထု တစ်ပုဒ်တွင် အရုပ်ဆိုးသောမိန်းမတစ်ယောက်၏မျက်နှာကို "လူးဝစ်အမ်းစ ထရောင်း၏ အသံလိုရုပ်မျိုးကြီး"ဟု ရေးသားသရော်ခဲ့ရသည်အထိ ဖြစ်သည်။ သို့သော် ထိုအသံကြမ်းကြီးကပင် ချောမွေ့သော ဂန္ထဝင်ဂီတမှ လုံးဝခွဲထွက်သည့် ဂျပ်ဇ်ဂီတအတွက် အလိုက်ဖက်ဆုံးသော ရုပ်လက္ခဏာဖြစ်လာရပြန်သည်။

အမေရိကန်ဂီတတွင် မှတ်တမ်းတင်လောက်သည့် Potato Head Blues နှင့် I'm a Ding Dong Daddy စသည့် ဓာတ်ပြားများ တစ်ချပ်ပြီး တစ်ချပ် ပြည့်စုံစွာ သူထုတ်လုပ်ခဲ့သည်။ လေမှုတ်တူရိယာများကို နောက်ခံအဖြစ်သာ အသုံးပြုလေ့ရှိသော နယူးအော်လန်အယူအဆကို သူငြင်းပယ်ခဲ့သည်။ ထရမ်းပက်၊ ကလဲရီနက်၊ ထရမ်ဘုန်း စသော လေမှုတ်တူရိယာများကို ရှေ့တန်းသို့ တင်ပေးခြင်းဖြင့် လက်တန်းဖွဲ့နွဲ့မှုကို ပိုမိုအားကောင်းစေခဲ့သည်။ လူထု အခမ်းအနား တေးဖြစ်လာသည့် ဆက်ချ်မို၏ **နယူးအော်လန်ကင့်ဘာဝ (My Life in New Orleans)** သီချင်းသည် သူ့အာရုံပုံရိပ်များထဲမှ ထွက်ပေါ်လာသော တေးတစ်ပုဒ်ပင်ဖြစ်သည်။ သဘောကောင်း၍ ရိုးသားနှိမ့်ချတတ်သော လူးဝစ်အမ်းစထရောင်းသည် ဂီတလောကတွင် ကြယ်တစ်ပွင့်ဖြစ်လာသော်လည်း အိမ်ထောင်ရေး၌တော့ အဆင်မပြေရှာချေ။ ပထမဇနီးဖြစ်သည့် နယူးအော်လန်သူ **ဒေစီ** သည် လူးဝစ်၏ ဂီတဝါသနာကို နားလည်းမလည်၊ အားလည်း

မပေး၍ လမ်းခွဲခဲ့ရပြန်သည်။ ဒုတိယဇနီးဖြစ်သူ စန္ဒရားဆရာမ **လီ** နှင့်ကျတော့လည်း ပြဿနာကတစ်မျိုး လူးဝစ်ထက် အသက်ကြီးသောလီက လူးဝစ်ကို ဂီတသင်္ကေတများနှင့် ဂီတအခြေခံများ ပိုင်နိုင်အောင် လေ့လာစေချင်သည်။ လူးဝစ်အဖို့မှာ ကြိုးစားသော်လည်း ထိုနေရာ၌ မဖြစ်မြောက်။ ကြာတော့ ထိုပြဿနာမှာ သူတို့နှစ်ဦးအကြား၌ အကျကြောင်းဖြစ်လာသည်။ "ဂန္ထဝင်ဂီတကို ကောင်းစွာ နားလည်တတ်ကျွမ်းပြီးမှသာ အသစ်ကို ဖန်တီးသင့်သည်"ဆိုသော အယူအဆနှင့် "ဂန္ထဝင်ဂီတကို မတတ်ကျွမ်းသော်လည်း မိမိခံစားမှုဖြင့် အသစ်ကို ဖန်တီးနိုင်သည်"ဆိုသော အယူအဆနှစ်ခုက လင်မယားနှစ်ယောက်အကြား ကြီးမားလာခဲ့သည်။ စင်စစ် သစ်လွင်သော အချိုးအကွေ့ကို ဖန်တီးနိုင်စွမ်းရှိသည့် လူးဝစ်အဖို့ ဂီတပညာရေးသည်ပင် အနှောင့်အယှက်ဖြစ်နေရသည်။ ထိုပဋိပက္ခကြောင့်ပင် လူးဝစ် အောင်မြင်စအချိန်တွင် သူတို့လင်မယား ကွဲခဲ့ရပြန်သည်။

၁၉၃၂ တွင် လူးဝစ် ဗြိတိန်သို့ သွားရောက်ဖျော်ဖြေသောအခါ ပရိသတ်က ဝက်ဝက်ကွဲအားပေးကြသည်။ လူဖြူများ၏ အသားအရောင်ခွဲခြားမှုတံခါးကို လူးဝစ်က ထရမ်းပက်သံပေး၍ တွန်းဖွင့်နိုင်ခဲ့သည်။ ဂျပ်ဇ်ဂီတ ထွန်းကားလာသောအခါ ဂျပ်ဇ်ဂီတကို သံစုံတီးဝိုင်းကြီးလိုမျိုး တူရိယာအပိုင်းများခွဲ၊ သင်္ကေတများ ရေးမှတ်၍ ခမ်းခမ်းနားနား တီးခတ်ပြသော ပိုက်မန်း၏ ဝိုင်းမျိုး ခေတ်စားလာပြန်သည်။ ၎င်းတို့ကို လူးဝစ်က သဘောကျပုံမရချေ။ "သူတို့လုပ်နေပုံက နယူးအော်လန်က ဂျပ်ဇ်နဲ့ ယှဉ်ရင် နေ့နဲ့ညလိုပဲ"ဟု သူက မှတ်ချက်ချသည်။ "ဂျပ်ဇ်ကို စာရွက်ပေါ် ချရေးပြီး လိုက်တီးတာမျိုးတွေ လုပ်နေကြတယ်။ လက်တန်းတီးတတ်သူတစ်ယောက်မှ မရှိကြဘူး။ နယူးအော်လန်ကတော့ လက်တန်းဖွဲ့ဆိုမှုပဲ လုပ်ကြတယ်၊ အဲဒါမှ ဂျပ်ဇ်အစစ်ပဲ"

၁၉၂၀ တွင် သူ့မိခင် ကွယ်လွန်သောအခါ လူးဝစ် အတော်စိတ်ထိခိုက်သွားသည်။ ထိုကာလက သူ့တီးမှတ်မှုများတွင် ဘလူးစ်ဆန်ဆန် အလွမ်းတေးဟန်များက လွှမ်းမိုးနေခဲ့သည်။ ဇာတိရပ်မြေ နယူးအော်လန်သို့ လူးဝစ်ပြန်သောအခါ မြို့ခံများက ဝမ်းသာအားရ ကြိုဆိုကြသည်။ ဂုဏ်သိက္ခာ၊ မျှော်လင့်ချက်၊ ကျော်ကြားမှု ဤသည်တို့မှာ နယူးအော်လန်အတွက် လူးဝစ်ယူဆောင်ခဲ့သော လက်ဆောင်များပင်တည်း။ ပါဒီဒိုလမ်းပေါ်ရှိ ဆင်းရဲသားရပ်ကွက်မှ ပေါက်

ပွားလာသော၊ ဂီတသင်္ကေတများကို ကောင်းစွာ မဖတ်ရှုနိုင်သော၊ အသံမကောင်းသော လူမည်းကလေးတစ်ဦး ဂျပ်ဇ်ကြယ်ပွင့်ဖြစ်လာရခြင်းမှာ တကယ်တော့ အံ့ဖွယ်သရဲကိစ္စပင်။ မည်သို့ပင်ဆိုစေ ဂျပ်ဇ်ဂီတက တောင်းဆိုသော လက်တန်းဖွဲ့ဆိုမှု၊ စိတ်ခံစားမှုတို့ကို လူးဝစ်အမ်းစထရောင်းက ပေးစွမ်းနိုင်ခဲ့သည်။ ထရမ်းပက်တစ်လက်ကို သူ့နှုတ်ခမ်းပေါ်တော့၍ သူခေါ်ဆောင်သွားသော လွတ်လပ်နယ်မြေနောက်သို့ အားလုံးလိုက်ကြရစမြဲပင်။ ပါရမီရှင် ဂန္ဓဝင်ဂီတစာဆိုကြီးများ ရှာဖွေမတွေ့ရှိခဲ့သော ဂီတပင်နီဆီလင် ဖြစ်သည့် ဂျပ်ဇ်ဂီတ၏ စောင်းရွဲ့ရွဲ့အသံများကို လူးဝစ်က ပြည့်စုံစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဂျပ်ဇ်သည် **လွတ်လပ်ခြင်း၏ဂီတ** ဖြစ်နေသောကြောင့်ပင်တည်း။

❖ ❀ ❖



# ဘီးတဲလ်စ်

(သို့မဟုတ်)

# လေးယောက်တွဲဟာမိုနီ



ဘီးတဲလ်တွေဟာ ယေရှုထက်တောင် လူ့သိပိုများကြတယ်။

**ဂျွန်လင်နွန်**

(ဘီးတဲလ်ဂီတအဖွဲ့သား)

ဓိတ်ဆူးမိပါ

၁၉၆၂ နှစ်ဦးပိုင်းကာလတွင် ဖြစ်ပွားခဲ့သည့် အဖြစ်တစ်ခုဖြစ်သည်။ တစ်နေ့တွင် မိန်းမပျိုတစ်ဦးက လစ်ဗာပူးမြို့ရှိ ဓာတ်ပြားဆိုင်ကြီးတစ်ဆိုင်တွင် ဘီးတဲလ်စ်အဖွဲ့၏ ဓာတ်ပြားရှိမရှိ လာမေးသည်။ ထိုအဖွဲ့မှာ ဤမြို့ရှိ ကလပ် အသေးစားတစ်ခုတွင် ဖျော်ဖြေနေသော ဝိုင်းတစ်ဝိုင်းဖြစ်ပြီး ဓာတ်ပြားလည်း မထွက်ရှိသေးပေ။ ထို့ကြောင့် မန်နေဂျာက ၎င်းအဖွဲ့ ဓာတ်ပြားမထုတ်ကြောင်း ဖြေကြားလိုက်ရသည်။ ကိစ္စကမပြီးသေး၊ နောက်ထပ် ရက်သတ္တပတ်အတွင်း လူများစွာက ထိုဆိုင်သို့ တဖွဲဖွဲရောက်ရှိလာပြီး ဘီးတဲလ်စ်အဖွဲ့၏ ဓာတ်ပြား ရှိမရှိ၊ ရှိက နားထောင်ချင်ကြောင်း လာမေးကြပြန်သည်။ မန်နေဂျာကလည်း ယခင်အဖြေတိုင်းပင် မရှိကြောင်း ဖြေကြားလိုက်ရပြန်သည်။ ဓာတ်ပြားဆိုင် မန်နေဂျာမှာ ဘရိုင်ယန်အက်စတိန်းဆိုသူဖြစ်၏။ ထိုကဲ့သို့ လူများစွာက မရှိသည့် ဓာတ်ပြား၊ မသွင်းရသေးသည့် ဓာတ်ပြားခွေကို လာမေးဖန်များသော အခါ အက်စတိန်းသည် ၎င်းတို့ ပြောပြောနေသည့် ဘီးတဲလ်စ်အဖွဲ့ကို သွား ရောက် နားထောင်လိုစိတ်များ ပေါ်ပေါက်လာရသည်။ ၎င်းအဖွဲ့၏ ဖျော်ဖြေ တီးခတ်မှုကို ကလပ်အသေးစားလေးတစ်ခု၌ သူစတင်ကြားခဲ့ရသည်။ ဘီးတဲလ်စ် များမှာ မိမိတို့ကိုယ်ပိုင် သီချင်းများဖြင့် တီးခတ်သီဆိုနေကြခြင်း ဖြစ်သည်။ သူတို့ဖျော်ဖြေမှု ပြီးဆုံးသွားချိန်တွင် အက်စတိန်းက သွားရောက်၍ မိမိကို ဤအဖွဲ့၏ မန်နေဂျာအဖြစ် လက်ခံရန် ကမ်းလှမ်းခဲ့သည်။ ဤသို့ဖြင့် အက် စတိန်းသည် သူတို့အဖွဲ့ကို အသံသွင်းယူခွင့် ရရှိရန် စတင်ကြိုးပမ်းတော့သည်။ သူသည် ဓာတ်ပြားကုမ္ပဏီကြီးများစွာကို ဘီးတဲလ်စ်များ သီဆိုတီးခတ်ထား

သော တိပ်ခွေများပေးပို့၍ ကမ်းလှမ်းသည်။ သို့သော် ထိုအချိန်က ဓာတ်ပြားကုမ္ပဏီများက သူတို့သီချင်းများကို မနှစ်သက်ကြသေးချေ။ အစပိုင်းတွင် သူတို့ကို မည်သူမှ ဓာတ်ပြားထုတ်ရန် အခွင့်အလမ်းမပေးခဲ့။ သို့သော် ဂျော့မာတင်ဆိုသူကမူ ဘီးတဲလ်စ်များကို နားထောင်ပြီးပြီးချင်း သူတို့ သေချာပေါက် အောင်မြင်မည်ကို ရိပ်မိခဲ့သည်။ ထို့ကြောင့် သူ၏ဓာတ်ပြားကုမ္ပဏီနှင့် ဆက်သွယ်ပေးခဲ့သည်။ ဤသို့ဖြင့် ဘီးတဲလ်စ်များ ဓာတ်ပြားသွင်းခွင့် ရရှိခဲ့သည်။ ဤသည်ပင် အောင်မြင်မှု၏အစဖြစ်ပေတော့သည်။

ပေါ့ပ်ဂီတလောကတွင် ရေပန်းစားသည့် သီချင်းများ များစွာ ထွက်ပေါ်ခဲ့ကြပြီး အချိန်အနည်းငယ်အတွင်း ပြန်လည်ပျောက်ဆုံးသွားတတ်ကြသည်။ ဂီတဝိုင်းများမှာလည်း ထို့နည်းတူစွာ သင်္ခါရပင်။ အချိန်၏ တိုက်စားခြင်းဒဏ်ခံနိုင်သော ဂီတဝိုင်းများ၊ သီချင်းကောင်းများ ရှားပါးပါဘိခြင်း။ သို့သော် အချိန်တိုင်းအတွက် ညည်းဆိုစရာ တီးခတ်ချင်စရာ သီချင်းကောင်းများစွာကို ဖန်တီးထားခဲ့သည့် ဂီတချစ်သူတို့ အသည်းစွဲဂီတဝိုင်းတစ်ဝိုင်းတော့ ရှိပါသေးသည်။ ၎င်းမှာ ဂျွန်လင်နွန်၊ ပေါမက္ကနေ၊ ဂျော့ဟယ်ရစ်ဆင်နှင့် ရင်ဂိုစတားတို့ ပါဝင်သည့် **"The Beatles"** တီးဝိုင်းပင် ဖြစ်တော့သည်။ ဘီးတဲလ်စ်များသည် ပေါ့ပ်ဂီတနှင့် ရော့ခ်ဂီတနှစ်မျိုးစလုံးအတွက် အမှတ်အသားများစွာကို ချန်ရစ်ထားခဲ့ကြသည်။ တေးသွားပြေပြစ်ညက်ညော၍ ဂီတဟန်မျိုးစုံကို လိုသလို အသုံးပြုခဲ့သော ဘီးတဲလ်စ်တို့၏ ပေါ့ပ်ဂီတသည် နိုင်ငံတို့၏ နယ်နိမိတ်များကို ကျော်ဖြတ်၍ ကမ္ဘာအနှံ့စီးဆင်းသွားခဲ့သည့် ပထမဦးဆုံးသော ယဉ်ကျေးမှုပင် ဖြစ်သည်။

ဘီးတဲလ်စ်အဖွဲ့ဝင်အားလုံးပင် အင်္ဂလန်မြောက်ပိုင်း မြို့ကြီးဖြစ်သည့် လစ်ဗာပူးမြို့၌ မွေးခဲ့ကြ၏။ ၁၉၄၀ ဇူလိုင်ဖွား ရင်ဂိုက အကြီးဆုံးဖြစ်၍ ၁၉၄၃ ဖေဖော်ဝါရီဖွား ဂျော့က အငယ်ဆုံးဖြစ်သည်။ သူတို့အားလုံး လစ်ဗာပူး၌ပင် ကျောင်းတက်ခဲ့ကြပြီး ဂီတကို နှစ်သက်ရာ၌ တူညီခဲ့ကြသည်။ သူတို့အချင်းချင်း ကလပ်များတွင် ဆုံဆည်းခဲ့ကာ ရော့ခ်အင်ရိုး စွဲလမ်းမှုချင်း ဖလှယ်ခဲ့ကြသည်။ ထို့နောက် နားထောင်ရုံသက်သက်မဟုတ်တော့ဘဲ သူတို့နှစ်သက်ရာ ဂီတကို ကိုယ်ပိုင် ဖန်တီးရန် ဆုံးဖြတ်ခဲ့ကြပြီး ကလပ်များတွင် စတင်လေ့ကျင့်တီးခတ်လာခဲ့ကြသည်။ ဘီးတဲလ်စ်အဖွဲ့သားအားလုံးပင် သီချင်းဆိုကြ

သလို တူရိယာများကိုယ်စီ တီးခတ်နိုင်ကြသည်။ သီချင်းများကို ဂျွန်နှင့် မက္က နေတို့က ဒိုင်ခံရေးသားပြီး ဂျော့က ဂစ်တာ၊ ရင်ဂိုက ဒရမ်တီးခတ်ခဲ့ကြ၏။ ၎င်းအချိန်က လစ်ဗာပူရှိ ကလပ်များတွင် သူတို့အဖွဲ့အဖို့ အလုပ်ရရှိရန် ခက်ခဲခဲ့သောကြောင့် ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် သွားရောက်ဖျော်ဖြေခဲ့ကြရသည်။ ထိုမြို့ရှိ ကလပ်များတွင် ညစဉ် တီးခတ်ပြီး ခက်ခဲစွာ ရုန်းကန်ခဲ့ကြရသည်။ ၁၉၆၂ တွင် လစ်ဗာပူသို့ ပြန်လည်ရောက်ရှိချိန်၌ သူတို့သည် ကျွမ်းကျင်သော ဂီတပညာရှင်များ ဖြစ်လာချေပြီ။ ထိုနှစ်နှစ်အတွင်း သီချင်းကောင်းများ မည်သို့မည်ပုံ ရေးဖွဲ့တီးခတ်ရမည်ကို ကောင်းစွာ သိလာခဲ့ကြသည်။ လစ်ဗာပူပြန်အရောက်တွင် The Cavern အမည်ရှိ ကလပ်တစ်ခုတွင် သူတို့ ဖျော်ဖြေခဲ့ကြသည်။ မကြာခင် ထိုမြို့ရှိ လူငယ်များက ဘီးတဲလ်စ်များအကြောင်း ပြောဆိုလာကြသည်။ ဘီးတဲလ်စ်များကို ဆယ်ကျော်သက်များက နားဆင်လိုမှု ပို၍ပို၍တိုးများလာခဲ့ကာ သူတို့အဖွဲ့ ထင်ရှားစပြုလာသည်။ ၁၉၆၂ တွင် ဘီးတဲလ်စ်၏ ပထမဆုံးဓာတ်ပြား Love Me Do ထုတ်လုပ်ပြီး တစ်နှစ်အကြာတွင် ကမ္ဘာ့အကျော်ကြားဆုံး ပေါ့ပ်ဝိုင်းဖြစ်လာခဲ့တော့သည်။

Love Me Do သည် ထိပ်ဆုံးအရောင်းရစာရင်းထဲ မဝင်ခဲ့ပေ။ သို့သော် သူတို့၏ ဒုတိယနှင့် တတိယဓာတ်ပြားများဖြစ်သည့် From Me to You နှင့် Please, Please Me တို့က အရောင်းရဆုံးစာရင်းဝင်သွားခဲ့သည်။ ၁၉၆၃ ထွက် I Want To Hold Your Hand ဆင်ဂယ်လ်သည် ဗြိတိန်တွင် နံပါတ်တစ် ချိတ်ခဲ့ပြီး အမေရိကန်တွင်ပါ နာမည်ကြီးလာခဲ့သည်။

“ငါ မင်းကို တစ်ခုတော့ပြောမယ်
မင်းနားလည်လိမ့်မယ်ထင်တယ်
ငါမင်းကို တစ်ခုခုပြောမယ်
မင်းလက်ကလေးဆုပ်ကိုင်ချင်တယ်
မင်းလက်ကလေးဆုပ်ကိုင်ချင်တယ်
မင်းလက်ကလေးဆုပ်ကိုင်ချင်တယ်”

(I Want to Hold Your Hand သီချင်းမှ)

၁၉၆၄ တွင် ဘီးတဲလ်စ်တို့ The Ed Sullivan Show ကို ဖျော်ဖြေရာ


လူ ၇၃ သန်းက ကြည့်ရှုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၏ အရောင်းရဆုံးဓာတ်ပြားစာရင်းတွင် ဘီးတဲလ်စ်သီချင်း ၂၉ ပုဒ်က ရှေ့ဆုံးမှ ပြေးနေခဲ့သည်။ သီချင်းဖြင့် မိခင်အင်္ဂလန်နိုင်ငံကို ဝင်ငွေတိုးစေသည့်အတွက် ၁၉၆၅ တွင် Member of the Order of the British Empire (M.B.E) ဆုကို အင်္ဂလန်ဘုရင်မကြီးက သူတို့အား ချီးမြှင့်ခဲ့သည်။

"ကျွန်တော် အသက်ကြီးလာရင် အိုမင်းရင့်ရော်မှုတွေကို အဲဒီဆုနဲ့ ခါချပစ်ဦးမှာ"ဟု ရင်ဂိုက ထုတ်ဖော်ပြောကြားခဲ့သည်။ ဘီးတဲလ်စ်အဖွဲ့သားများ ပါဝင်ရိုက်ကူးသည့် A Hard Day's Night ရုပ်ရှင်မှာ အောင်မြင်ခဲ့သည်။ ၁၉၆၇ တွင် ထွက်ရှိခဲ့သော Sgt. Pepper's Lonely Hearts Club Band အယ်လ်ဘမ်ကို ဘီးတဲလ်စ်အဖွဲ့၏ အကောင်းဆုံး အယ်လ်ဘမ်အဖြစ် သတ်မှတ်ကြသည်။ Revolver (၁၉၆၆)၊ The White Album (၁၉၆၈)၊ Abbey Road (၁၉၆၉) တို့မှာ ဘီးတဲလ်စ်အဖွဲ့၏ မှတ်တိုင်များပင်။ ထိုကာလတွင် ဂျွန်လင်နွန်သည် ဂျပန်ဖျော်ဖြေရေးခရီးစဉ်၌ ဂျပန်သူ မော်ဒန်ပန်းချီဆရာမ ယိုကိုအိုနိုနှင့် တွေ့ဆုံနေခဲ့ပြီ။ Two Virgins ဓာတ်ပြားအဖုံးတွင် ဂျွန်နှင့် ယိုကိုအိုနိုတို့၏ ကိုယ်လုံးတီးပုံများ ဖော်ပြခဲ့ခြင်းကြောင့် လူအများ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ကြရသည်။ ယိုကို ဝင်ရောက်လာခြင်းကြောင့် ဘီးတဲလ်စ်အဖွဲ့အတွင်း အက်ကြောင်းပေါ်လာသည်။ ဂျွန်နှင့် ပေါလ်တို့အကြား သဘောချင်း မတိုက်ဆိုင်မှုများ ရှိလာ၏။ ၁၉၆၉ တွင် ပေါလ်က အမေရိကန်သူ လင်ဒါအိစ်မင်းကို လက်ထပ်ပြီး ဂျွန်က ယိုကိုအား လက်ထပ်ခဲ့သည်။ လန်ဒန်ရှိ ရုံးခေါင်မိုးပေါ်မှ ဖျော်ဖြေပွဲသည် ဘီးတဲလ်စ်၏ နောက်ဆုံးပွဲပင်။ စစ်ကို ဆန့်ကျင်သောအားဖြင့် ဂျွန်နှင့် ယိုကိုတို့ ဟိုတယ်အိပ်ခန်းတွင် မထတမ်းဆန္ဒပြကြသည်။ ၁၉၆၉ မေလတွင် သူတို့ကို ပုတ်ခတ်သူများအား သရော်ထားသော Ballad Of John And Yoko ကို ထုတ်ဝေလိုက်သည်။ ၁၉၇၀ Let It Be အယ်လ်ဘမ်ထွက်အပြီးတွင် ပေါလ်က ဘီးတဲလ်စ်အဖွဲ့မှ နုတ်ထွက်ကြောင်း ကြေညာလိုက်သည်။ ထိုအချိန်မှစ၍ သူတို့အဖွဲ့သားတစ်ဦးချင်းသည် မိမိတို့လမ်း မိမိတို့ဘာသာ ဆက်လျှောက်ကြတော့သည်။

၁၉၇၁ တွင် ဂျော့က ဘင်္ဂလားဒေ့ရှ် လေဘေးရန်ပုံငွေပွဲနှစ်ပွဲ စီစဉ်ခဲ့ပြီး ဂျွန်က Plastic Ono ဝိုင်းဖြင့် Imagine အယ်လ်ဘမ်ထွက်ပေါ်လာသည်။

ပေါလ်က Wings တီးဝိုင်းကို ထူထောင်ကာ ၁၉၇၅ တွင် ပထမဆုံး ကမ္ဘာလှည့် ဖျော်ဖြေခဲ့သည်။ ငါးနှစ်ခန့် ဇာတ်မြုပ်နေခဲ့ရာမှ ပြန်ပေါ်လာခဲ့သော ဂျွန်သည် Double Fantasy အယ်လ်ဘမ်ထုတ်ဝေပြီး တစ်လအကြာ ၁၉၈၀ တွင် လုပ်ကြံခံခဲ့ရသည်။ သူ့ကို အရူးအမူးစွဲလမ်းသောစိတ္တဇဝေဒနာရှင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဂျွန် ကွယ်လွန်ခဲ့ရသည်။ ဘီးတဲလ်စ်အဖွဲ့ ပြန်လည်ပေါင်းစည်းဖို့လည်း မဖြစ်နိုင်တော့ချေ။ ဘီးတဲလ်စ်အဖွဲ့သားတစ်ဦးချင်းစီတွင် ကိုယ်ပိုင်အရည်အသွေးကိုယ်စီ ရှိကြသော်လည်း ၎င်းတို့လေးဦးပေါင်း ဟာမိုနီဖြစ်သော စွမ်းအင်ကသာလျှင် ထာဝရ မသေဆုံးသောသီချင်းများကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ဘီးတဲလ်စ်ကား မရှိတော့၊ သို့သော် သူတို့၏ ချို့ယွင်းချက်ကင်းမဲ့သည့် Yesterday, Let It Be, Get Beck, While My Guitar Gently Weeps စသည့် သီချင်းကောင်းများသည် ခေတ်အဆက်ဆက်လူငယ်တို့၏ နှုတ်ခမ်းများထက်တွင် ထာဝစဉ်အစွန့်တည်စိန်ခေါ်နေမည်ဖြစ်ပါတော့သည်။

❖ ❖ ❖


STRAIGHT TALK FROM SHULTZ
A "Battle Royal" in the White House
Newsweek
Elvis
Years
Legend

# အဲလ်ဗစ်ပရက်စလေ

(သို့မဟုတ်)

# ရော့ခ်အင်ရိုးဘုရင်ကြီး



ကျွန်တော့်ကို ပရိသတ်က ဟိုဆွဲဒီဆွဲလုပ်ကြတာကို ကြည့်ပြီး အမေက စိတ်ပူနေတယ်၊ တကယ်တော့ ပရိသတ်က ကျွန်တော့်အင်္ကျီ အဝတ်အစားတစ်စစကို အမှတ်တရ လိုချင်လို့ ဝိုင်းဆွဲကြတာပါ။ ကျွန်တော့်ကို နာကျင်အောင် လုပ်တာမဟုတ်ကြပါဘူး။

**အဲလ်ဗစ်ပရက်စလေ**

တစ်နေ့တွင် လူငယ်လေးတစ်ယောက်သည် မိခင်မွေးနေ့အတွက် မည်သည့်လက်ဆောင်ပေးရမည်ကို ဝေခွဲမရဖြစ်နေရင်းနှင့် ဓာတ်ပြားတိုက်ရှေ့ ရောက်လာသည်။ လေးဒေါ်လာပေးလျှင် မိမိကိုယ်တိုင်အသံသွင်းသွားခွင့်ရမည် ဆိုသည့် ကြော်ငြာကို တွေ့လိုက်သည်နှင့် မိခင်အတွက် မွေးနေ့လက်ဆောင်ကို မိမိအသံဖြင့် သွင်းယူသည့် သီချင်းတစ်ပုဒ်ပေးရန် စိတ်ကူးရလိုက်သည်။ ဤသို့ဖြင့် ထိုလူငယ်မှာ လေးဒေါ်လာပေး၍ **"အဆင်ပြေပါတယ် မေမေ"** ဆိုသည့် သီချင်းကို ယင်းဓာတ်ပြားတိုက်၌ ကိုယ်တိုင်ဂစ်တာတီးကာ သီဆိုအသံသွင်း သွားလေတော့သည်။ ထိုလူငယ်၏ ဆိုဟန်နှင့် အသံ ထူးခြားမှုကို သတိပြုမိ လိုက်သည့် ဓာတ်ပြားတိုက်အတွင်းရေးမှူးမလေးက အပိုတိပ်ခွေဖြင့် ၎င်းသီချင်း ကိုကူးယူထားလိုက်ပြီး ဓာတ်ပြားတိုက်ပိုင်ရှင်ကို ပြန်ဖွင့်ပြလိုက်သည်။ ၎င်းမှ တစ်ဆင့် ရော့ခ်အင်ရိုးဘုရင် အဲလ်ဗစ်ပရက်စလေဆိုသည့် ကြယ်တစ်ပွင့် ပေါက်ဖွားလာတော့သည်။

ပရက်စလေကို ၁၉၃၅၊ ဇန်နဝါရီ ၈ ရက်တွင် မစ္စစ္စပီပြည်နယ်၊ တူပီလိုမြို့၌ ဖွားမြင်ခဲ့သည်။ မွေးစဉ်က အမြွှာပူးညီအစ်ကိုနှစ်ယောက်ဖြစ်ပြီး တစ်ယောက်မှာ ငယ်စဉ်ကပင် သေဆုံးခဲ့၍ ကျန်ရစ်သူ ပရက်စလေကို မိဘ များက အချစ်ပိုခဲ့ရသည်။ ဖခင်မှာ လယ်သမား၊ မိခင်မှာ အထည်စက်ရုံ အလုပ်သမားဖြစ်၍ ငယ်စဉ်ကတည်းက ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရသည်။ ပရက်စလေသည် ငယ်စဉ်ကတည်းကပင် ဂီတ၌ ပါရမီပါလာကြောင်း ဓာတ် ပြခဲ့သည်။ ဘုရားကျောင်းပွဲတစ်ပွဲတွင် မိခင်နှင့် ဖခင်ဖြစ်သူက ပွဲကြည့်နေစဉ်

သူတို့ပေါင်ပေါ်မှ နှစ်နှစ်သားကလေး ပရက်စလေမှာ လှစ်ခနဲ ပြေးဆင်း၍ စင်ပေါ်သို့ ပြေးတက်သွားလေသည်။ မိဘများက ကြောင်ပြီး ကြည့်နေစဉ်မှာပင် လူမမည်ကလေးသည် စင်ပေါ်မှ အဆိုတော်များကြား ဝင်ရပ်၍ အခန့်သား သီချင်းဝင်ဆိုတော့သည်။ ငယ်ရွယ်သေး၍ စာသားများကို နားမလည်သော်လည်း တေးသွားကို အတော်ကြီး မှန်ကန်အောင် လိုက်ဆိုနိုင်ခဲ့သည်။

ကျောင်းနေသောအခါတွင်လည်း ကျောင်းသားများကို ဓမ္မတေး တိုင်ပေးရန် ရွေးချယ်ခံရပြန်သည်။ အတန်းပိုင်ဆရာမက အဲလ်ဗစ်၏ ထူးခြားသောအသံကို သဘောကျလှ၍ ကျောင်းအုပ်ကြီးထံ ခေါ်ပြခဲ့သည်။ ကျောင်းအုပ်ကြီးကလည်း နှစ်ခြိုက်လှသောကြောင့် သီချင်းဆိုပြိုင်ပွဲဝင် ပြိုင်ခိုင်းရာ ပထမဆုရရှိခဲ့သည်။ ထိုပွဲတွင် ပရက်စလေသည် ပရိသတ်ငါးထောင်ကျော်ကို အသံနှင့်ဖမ်းစား၍ ပထမဆုအဖြစ် သမ္မာကျမ်းစာအုပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။ ငယ်စဉ်ကတည်းက ပရက်စလေသည် လိမ္မာရေးခြားရှိကာ ဘာသာတရားကို ရိုသေကိုင်းရှိုင်းခဲ့သည်။ သူ၏ ဘဝတွင် ဘုရားကျောင်းဓမ္မတေးများဖြင့် ဂီတကို စတင်ရင်းနှီးခွင့်ရခဲ့သည်။ မိဘများက အားလပ်ချိန်တွင် သားဖြစ်သူကို ဓမ္မတေးများ သင်ကြားပေးကြသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် အဲလ်ဗစ်တို့မိသားစုသည် ရေကြည်ရာမြက်နုရာအဖြစ် မင်းဖစ်မြို့ကလေးသို့ ရွှေ့ပြောင်းခဲ့ကြ၏။ သို့သော် စစ်၏အနိဋ္ဌာရုံများကြောင့် စီးပွားရေးအဆင်မပြေခဲ့ချေ။ အထက်တန်းမအောင်ခင်မှာပင် ပရက်စလေသည် တစ်ပတ်လျှင် ၁၄ ဒေါ်လာဖြင့် ရုပ်ရှင်ရုံတစ်ရုံတွင် ထိုင်ခုံနံပါတ်ပြပေးသူအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။ ၁၉၅၃၊ အသက် ၁၈ နှစ်အရွယ်တွင် အထက်တန်းကျောင်းမှ အောင်မြင်ပြီး ဒီပလိုမာဘွဲ့ရခဲ့သည်။ ၎င်းနောက် လျှပ်စစ်ကုမ္ပဏီတစ်ခုတွင် ယာဉ်မောင်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ပရက်စလေ၏ နာမည်အပြည့်အစုံမှာ အဲလ်ဗစ်အေရွန်ပရက်စလေ (Elvis Aron - Presley) ဖြစ်ပြီး ဖခင်ဖြစ်သူ ဗာနွန်အဲလ်ဗစ်ပရက်စလေထံမှ တစ်ဆင့်ခံယူသောအမည်ဖြစ်သည်။ သူ၏ ပထမဆုံးဓာတ်ပြားရသီချင်းမှာ That's All Right, Mama ဖြစ်သည်။ "ဆန်း"ဓာတ်ပြားတိုက်မှ သူ့ကိုစင်တင်ပေးခဲ့ရာ **အသည်းကွဲဟိုတယ်** (Heartbreak Hotel) သီချင်းဖြင့် ပရက်စလေမှာ စတင်ထင်ရှားလာခဲ့သည်။ ၎င်းသီချင်းမှာ ဓာတ်ပြားချပ်ရေ ၈၁ သန်း

ရောင်းချခဲ့ရသည်။ ထိုကာလက ရော့ခ်အင်ရိုးသီချင်းကို စတင်သီဆိုသူမှာ Rock Around the Clock ပိုင်ရှင် **ဘီဟေလီ** ဖြစ်၍၊ ရော့ခ်အင်ရိုးရစ်သမ်များကို ကျယ်ပြန့်အောင် တီထွင်ခဲ့သူမှာ **ချပ်ဘာရီ** ဖြစ်သည်။ သို့သော် ရော့ခ်အင်ရိုးဂီတကို လူကြိုက်များလာအောင် ဆွဲငင်နိုင်သူမှာကား အဲဗစ်ပရက်စလေသာဖြစ်သည်။ ပရက်စလေသည် ရော့ခ် အင်ရိုးလ်သီချင်းများသာမက Love Me Tender ကဲ့သို့ ပေါ့ပ်သီချင်းအေးများကိုလည်း ကောင်းစွာ ဆိုနိုင်စွမ်းရှိသည်။ သူသည် အဆိုပညာကို သေချာစွာ လေ့လာမထားသော်လည်း သီချင်းပုံစံအစုံ ကိုင်တွယ်သီဆိုနိုင်သော ပါရမီရှင်အဖြစ် အသိအမှတ်ပြုလာကြရသည်။

"သူ့မှာ ကိုယ်ပိုင်ဟန်ရှိတယ်။ ရော့ခ်အင်ရိုးကစလို့ ခမ္ဘတေး၊ အလွမ်းတေးတွေအထိ ပီပီပြင်ပြင်သီဆိုနိုင်တယ်"ဟု RCA တေးထုတ်လုပ်ရေး၏ ကိုယ်စားလှယ် စတိဗ်ရှိုးက ပြောကြားခဲ့သည်။ မကြာမီ ပရက်စလေသည် RCA ဓာတ်ပြားတိုက်နှင့် တွဲဖက်၍ ကမ္ဘာကျော် သီချင်းများစွာကို ထုတ်ဝေခဲ့သည်။ လူမည်းတစ်ဦး၏ အသံမျိုး ခပ်အောအောတွင် ညှို့ဓာတ်ပေါင်းစပ်ထားသည့် ပရက်စလေ၏ဆိုဟန်သည် ရော့ခ်အင်ရိုး ဂီတ၏ အမှတ်တံဆိပ်ဖြစ်ခဲ့သည်။ သူ၏ဆိုဟန်၊ ဖက်ရှင်နှင့် အကသည် ရော့ခ်အင်ရိုး ပရိသတ်လူငယ်များအပေါ် များစွာလွှမ်းမိုးခဲ့သည်။ ၁၉၅၅ တွင် ရုပ်မြင်သံကြားမှ စတင်ဖျော်ဖြေခွင့်ရခဲ့ရာ ကမ္ဘာနှင့် ချီ၍ ပိုမိုကျော်ကြားလာခဲ့သည်။ Blue Suede Shoes, Houng Dog, She's Not you Jailhouse Rock, Don't Be Cruel တို့မှာ သူ၏ ထင်ရှားသော တေးများဖြစ်ကြသည်။ Love Me Tender သီချင်းမှာ ရုပ်ရှင်၌လည်း အောင်မြင်ခဲ့သည်။

"ကြင်နာစွာချစ်ပါ ချိုမြိန်စွာချစ်ပါ
ဘယ်တော့မှ သွားခွင့်မပြုနဲ့ဦး
ဘဝကို ပြည့်စုံဖို့ မင်းဆောင်ရွက်ခဲ့
ငါမင်းကို သိပ်ချစ်တယ်
ကြင်နာစွာချစ်ပါ တကယ်ချစ်ပါ
ကိုယ့်အိပ်မက်အားလုံးဖြည့်ဆည်းပါ
ကိုယ့်အသက်ရေ မင်းကိုချစ်တယ်
အမြဲချစ်နေပါမယ်"

ပရက်စလေသည် **Love Me Tender** ဓာတ်ကားဖြင့် ရုပ်ရှင်လောက သို့ ဝင်ရောက်လာပြီး ဒုတိယကား **Loving You** ဖြင့် မင်းသားအဖြစ် အသိ အမှတ်ပြုခံလာရသည်။ ၎င်းနောက် ရုပ်ရှင်ကားများစွာ ဆက်လက်ရိုက်ကူး ခဲ့ရာ ၎င်းတို့အနက် **Jailhouse Rock, King Creole, G.I.Blues, Flaming Star, Blue Hawaii** စသည်တို့မှာ လူကြိုက်များခဲ့သည်။ ဓာတ်ပြားကုမ္ပဏီ ကြီးများမှလည်း ချပ်ရေတစ်သန်းကျော် ရောင်းရတိုင်း သီဆိုသူကို ရွှေဓာတ် ပြားတစ်ချပ်စီပေးလေ့ရှိရာ ပရက်စလေမှာ ရွှေဓာတ်ပြား ၃၀ ကျော် လက်ဆောင် ရရှိခဲ့သည်။ ၁၉၅၈ တွင် စစ်ထဲသို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ "ကျွန်တော် စစ်မှုထမ်းရမှာကို မကြောက်ပါဘူး။ ဒါပေမဲ့ အခြားရဲဘော်တွေက ကျွန်တော့် ကို သာမန်စစ်သားလေးတစ်ယောက်လို မမြင်မှာကိုပဲ ကျွန်တော် ကြောက် တယ်" ဟု ပရက်စလေက ဖွင့်ဟခဲ့သည်။ စစ်မှုထမ်းအပြီး၌ အနုပညာလောက ထဲ ပြန်ဝင်ရာ ပရိသတ်က သူ့ကို ယခင်ကလို အရူးအမူးဖြစ်ဆဲပင်။ "ပရိ သတ်က ကျွန်တော်တို့ တီးတာကို နားထောင်ဖို့ လာတာမဟုတ်ဘူး၊ အဲလ် ဗစ်ကိုကြည့်ဖို့ လာကြတာ။ သူလှုပ်ခါသီဆိုပြရင် ပရိသတ်ဟာ လုံးဝ ထိန်း မရတော့ဘူး"ဟု ပရက်စလေ၏ ဒရမ်သမား ဒီ၊ ဂျေ၊ ဖွန်တာနာက ဆို သည်။

၁၉၆၇ တွင် ပရက်ဆီလာနှင့် လက်ထပ်ခဲ့သည်။ ထို့နောက် ကွာရှင်း ခဲ့ကြပြန်သည်။ ဓာတ်ပြားများမှာ သန်း ၅၀၀ ကျော်အထိ ရောင်းချလာခဲ့ရ သည်။ "ပိုက်ဆံရှိရင် ဘာမဆိုဖြစ်တယ်လို့ လူတွေ ထင်ကြတယ်။ ဒါပေမဲ့ မဟုတ်ပါဘူးဗျာ။ ကျွန်တော်ဆိုရင် သိပ်အထီးကျန်တာပဲ"အထီးကျန်သော ရော့ခ်အင်ရိုးဘုရင်ကြီးသည် မူးယစ်ဆေးစွဲလာသလို အဝလွန် လာလေ သည်။ နောက်ဆုံး ၁၉၇၇ ဩဂုတ် ၁၆ ရက်တွင် ဂရေ့စ်လမ်းစံအိမ် ရေချိုး ခန်းထဲ၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ သူကွယ်လွန်ချိန်၌ အသက် ၄၂ နှစ်သာ ရှိသေးသည်။ ရော့ခ်အင်ရိုးဘုရင်ကြီး အဲလ်ဗစ်ပရက်စလေကို ဩဂုတ် ၁၈ ရက်တွင် မင်းဖစ်မြို့ ဖော်ရက်စ်ဟေးလ် သုသာန်တွင် သူ့မိခင် အုတ်ဂူနှင့် ယှဉ်၍ မြှုပ်နှံခဲ့ရာ ပရိသတ်ပေါင်း ရှစ်သောင်းခန့် လာရောက်ခဲ့ကြသည်။ ရော့ခ်အင်ရိုးဘုရင်ကြီးအတွက် အမှတ်တရ ပန်းစည်းပန်းခြင်းများက များ လွန်းလှသောကြောင့် ထိုနေ့က မင်းဖစ်မြို့ကလေးတွင် ပန်းမရှိတော့ချေ။

❖ ✾ ❖

**စိတ်ကူးချိုချို**

# အိုင်ဂါစထရာပင်စကီး

(သို့မဟုတ်)

# အသံများကို အစီအစဉ်ချသူ



အလှအပဆိုတာ
စီစဉ်တကျရှိခြင်းရဲ့
အနှစ်သာရနဲ့ ဂုဏ်အင်္ဂါရပ်ပဲ။

**အိုင်ဂါစထရာဗင်စကီး**

၁၉၁၃ တွင် ပါရီမြို့တော်ကြီး၌ The Rite of Spring ကို တင်ဆက်ခဲ့စဉ်က ပွဲကြည့်သူနှင့် နားဆင်သူပရိသတ်များအဖို့ ၎င်းတေးသွားသည် တော်လှန်သော ဘဲလက်တေး (သို့မဟုတ်) ရိုးရာဂီတအားလုံးကို ငြင်းပယ်လိုက်သော ထိုးနှက်ချက်တစ်ခုမှန်း မရိပ်မိခဲ့ကြပေ။ ၎င်းကို ဝုန်းဒိုင်းကြဲသော စိတ်ကယောင်ချောက်ချား တေးသွားအဖြစ် သတ်မှတ်ကာ မနှစ်မြို့ကြောင်းကို ပရိသတ်များက တရှူးရှူးအသံပြု၍ ဝါးလုံးကွဲရယ်မောခဲ့ကြပြီး မကျေနပ်ကြောင်းပြသသော လေချွန်သံ၊ ညည်းညူသံ၊ လှောင်ပြောင်သံ၊ အော်ဟစ်သံ၊ သံသေးသံကြောင်များက ပိုမိုဆူညံလာခဲ့ကြသည်။ ၎င်းအုတ်အော်သောင်းတင်း ထိန်းမနိုင်သိမ်းမရ ဝရုန်းသုန်းကားမြင်ကွင်းကို ဖြစ်ပွားစေသည့် တေးရေးဖွဲ့သူမှာ အိုင်ဂါစထရာဗင်စကီးဆိုသူပင် ဖြစ်၏။ စထရာဗင်စကီး၏ အဆိုအရ ဂီတ၏ ဦးတည်ချက်ဆိုသည်မှာ “အရာဝတ္ထုများနှင့် ၎င်းတို့အထက်ရှိ အရာ အားလုံးအကြား အစီအစဉ်ကို ဖန်တီးရန် လူသားနှင့် အချိန်တို့ကြား စည်းမျဉ်းတစ်ခု”သာ ဖြစ်သည်။ စထရာဗင်စကီး၏ အနုပညာသည် အသံအရေအတွက်များ၏ အစီအစဉ်၊ တိကျသော အကွာအဝေးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ဆင်ခြင်တွေးခေါ်မှုတစ်ခုဖြစ်သည်။ ရိုမန်တစ်ဂီတများ၏ ထင်ယောင်ထင်မှားသွေးဆောင်မှုကို သူမနှစ်သက်ခဲ့ချေ။ “ကျွန်ုပ်အတွက်မူ တေးရေးဖွဲ့မှုသည် နေ့စဉ်အလုပ်ပင် ဖြစ်သည်။ အော်ဂင်တစ်ခုသည်ပင် ပုံမှန် အသုံးမပြုပါက တဖြည်းဖြည်းယိုယွင်းလာသကဲ့သို့ ဂီတစာဆို၏ ဖန်တီးမှု စွမ်းရည်သည်လည်း နေ့စဉ်လေ့ကျင့်မှုဖြင့် မထိန်းသိမ်းက စတင်ပျော့တွဲလာ ပေလိမ့်မည်”ဟု ရိုး

ရှင်းစွာ သူတင်ပြခဲ့သည်။ "တေးသွားတစ်ခုဖန်တီးနေချိန် တွင် အခြားတစ်ခုက စောင့်ဆိုင်းနေရသည်ဟု လူအများက ထင်ကြပေလိမ့်မည်။ ၎င်းအမြင်မဟုတ်ကြောင်းကို ကျွန်ုပ် ငြင်းဆိုရပေလိမ့်မည်။ အာရုံဝင်စားမှုသည် လူသား၏ လုပ်ရှားမှုတိုင်းအတွက် လိုအပ်သောအားဖြစ်ပြီး အနုပညာရှင်မှသာ သီးသန့်ပိုင်ဆိုင်သောအရာမဟုတ်ချေ"

စထရာဗင်စကီးကို ၁၈၈၂ တွင် မွေးဖွားရာ သူ့မွေးနေ့မှာ ရုရှားပြက္ခဒိန်တွင် သူတော်စင်အိုင်ဂါကို ဖွားမြင်သော ဇွန်လ ၅ ရက်နေ့ဖြစ်ပြီး အနောက်တိုင်း နေ့ရက်အရ တွက်ချက်လျှင်မူ ဇွန်လ ၁၇ ရက်ဖြစ်ပေသည်။ သူ့ဖခင်ဖီအိုဒိုစထရာဗင်စကီးမှာ စိန့်ပီတာစဘတ်မြို့၏ ဆင်ခြေဖုံး အိုရမ်နီယမ်ဘာအပ်အရပ်တွင် ထင်ရှားသော ဘေ့စ်အဆိုတော်တစ်ဦးဖြစ်ပြီး တတိယမြောက်သားဖြစ်သူ အိုင်ဂါ၏ ကလေးဘဝကို ဂီတဖြင့် ပျိုးထောင်ခဲ့သည်။ အိုင်ဂါသည် ခြောက်နှစ်သားတွင် တေးသွားအပိုင်းအစလေးများကို စန္ဒရားဖြင့် ရှာဖွေနေချေပြီ၊ သို့သော် ထူးထူးခြားခြား ဉာဏ်ပညာမရင့်သန်သေးချေ။ သူ၏ဂီတဆရာမှာ ရင်စကီကော်ဆာကော့ဗ်ဖြစ်၏။ သူ့ဆရာက အနုစိတ်ဖန်တီးမှုဆိုင်ရာအရေ့တိုင်း အယူအဆကို သင်ပြခဲ့သည်။ ဆရာ၏သမီးဖြစ်သူလက်ထပ်ရာတွင် စထရာဗင်စကီးမှာ ဆင်ဖိုနီကဗျာ Fireworks ကို ရေးစပ်ရန် အခွင့်ကြုံလာခဲ့သည်။ လက်ထပ်မင်္ဂလာပွဲအပြီး နောက်လေးရက်အကြာ ကော်ဆာကော့ဗ်ကွယ်လွန်ချိန်၌ သူသည် ဆရာဖြစ်သူအတွက် အမှတ်တရအဖြစ် Chant Funebre ကို ရေးစပ်ခဲ့သည်။ ရုရှား ဘဲလက်တေးကို တော်လှန်ချင်သူ ဆာဂျီးဒိုင်ယာဂီလက်ဗ်နှင့် ဆုံတွေ့ချိန်၌ ၎င်းထံမှ ဆက်လက်လေ့လာဆည်းပူး၍ စန္ဒရားအတွက် Etudes ကို ပုံဖော်ခဲ့သည်။ ဒိုင်ယာဂီလက်ဗက်သည် ဘဲလက်တေး ဆယ့်ခုနှပုဒ်မက ပြုစုခဲ့သူဖြစ်သည်။ သူက စထရာဗင်စကီးကို ဒဗျူစီ၊ ဖောလာ၊ ပရိုကိုဖိဗ်၊ ရေဗယ်၊ အော့ရစ်၊ ပူလီးန် စသည့် ဂီတစာဆိုကြီးများ၏ လက်ရာတို့ကို လေ့လာသက်ဝင်စေပြီး ဂီတဝမ်းစာဖြည့်ပေးခဲ့သည်။ စထရာဗင်စကီးသည် ဒိုင်ယာဂီလက်ဗ်၏ အနုပညာအရသာနှင့် မြင့်မြတ်သောစိတ်နေသဘောထားတို့ကို လေးစားခဲ့သည်။ ထို့နောက် ရုရှားတစ်ပြည်တည်းနှင့် ဆိုင်သော နိုင်ငံသားအဖြစ်မှ နိုင်ငံတကာဆိုင်ရာ ဥရောပတိုက်သားအဖြစ် သူ့ကိုယ်သူ တဖြည်းဖြည်း ပုံစံပြောင်းခဲ့သည်။

၁၉၀၉ တွင် ဒိုင်ယာဂီလက်ဗ်သည် စထရာဗင်စကီးအား ရှိုပင်၏ အပိုင်းအစနှစ်ခုကို သံစုံတီးဝိုင်းပုံစံ ပြန်လည်ရေးစပ်ရန်နှင့် The Firebird ကို ရေးဖွဲ့ရန် တာဝန်ပေးခဲ့သည်။ ၎င်းသည် ဂီတကို ဆန်းသစ်ချင်သူ စထရာဗင်စကီး၏ သွေးတိုးစမ်းကြည့်သော ပထမဆုံးကြိုးပမ်းချက်ဖြစ်သည်။ The Firebirdသည် ရုရှားပုံပြင်တစ်ခုအပေါ် အခြေခံထားပြီး စန္ဒရားမှာ သံစုံတီးဝိုင်းနှင့် ကွဲလွဲလျက် တစ်ဝက်တစ်ပျက် ထိတ်သလိုလန့်သလို ဝင်ရောက်တီးခတ်သည့်ဟန်မျိုး ထည့်သွင်းကာ သံစုံအပိုင်းအစကဲ့သို့ ပြုလုပ်ထားသည်။ သူ့အာရုံထဲ၌ စက်ယန္တရားဆန်ဆန်ပုံရိပ်တစ်ခုရှိခဲ့ပုံရသည်။

Petrouchka တွင်မူ စထရာဗင်စကီးသည် သူ့ကိုယ်ပိုင်ဘာသာစကားဖြင့် စတင်ပြောကြားတော့သည်။ ၎င်းလက်ရာတွင် သူသည် ရုရှားကျေးလက်တေးများ၊ ဝဂ္ဂနာဆန်သည့် ထင်ပေါ်သော ကြိုးတပ်နှင့် လေမှုတ်တူရိယာများ၊ သမားရိုးကျ ကွန်ချာတိုများကို သရော်သည့် တစ်ကိုယ်တော်စန္ဒရားလက်စွမ်းပြများကို အသုံးပြုထားပြီး ကွဲပြားသောကီးများကို ထူးဆန်းစွာ ယှဉ်တွဲ၍ ဆန်းကြယ်သော ရစ်သမ်များ၊ ရှုပ်ထွေးသော ဟာမိုနီများဖြင့် ပေါင်းစပ်ပြထားသည်။ ၃၁ နှစ်အရွယ်၌ သူသည် Le Sacre du Printemps အားကောင်းစွာ ရေးဖွဲ့မှတ်သားထားနေလေပြီ။ ၎င်းတေးသွားသည် သမိုင်းမတင်မီကာလမှ အမှတ်တရပွဲတော်တစ်ခုအကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ “အရိုင်းလူများ အလေးအမြတ်ထားသော ပွဲတော်တစ်ခုက ကျွန်ုပ်စိတ်ကူးထဲဝင်ရောက်လာသည်။ ပညာရှိအကြီးအကဲများက စက်ဝိုင်းအလယ်မှာ ထိုင်နေကြပြီး မိန်းမပျိုတစ်ဦး အဆုံးစီရင် ကခုန်နေသည်ကို စောင့်ကြည့်နေကြသည်။ သူတို့က မိန်းကလေးကို ဆောင်းနတ်မင်းထံ ယဇ်ပူဇော်ဖို့ ဖြစ်သည်” ၎င်းပုံရိပ်သည် စထရာဗင်စကီး၏ အာရုံထဲသို့ လျှင်မြန်စွာ ရောက်ရှိလာခဲ့သည်။ ၎င်းလက်ရာကို ရုံတင်သည့်အခါတွင် စင်မြင့်ပေါ်၌ အရိုင်းဘာဝ ဂူအောင်းလူသားများ၊ ယောက်ယက်ခတ်မိန်းမများ၊ အိမ်မွေ့ချခံထားရသော လူပျိုများ၊ ပိုင်ဆိုင်ခြင်းခံရသော အပျိုစင်များ အုပ်စုလိုက် တွေ့ဆုံကြ၊ စည်းလုံးကြ၊ လူစုကွဲကြဖြင့် သဘာဝကို တင်ပြကခုန်ခဲ့ကြသည်။ Sacre သည် ထိန်းချုပ်ထားသော ပေါက်ကွဲမှုကို တင်ပြနိုင်သည့် အကောင်းဆုံးလက်ရာတစ်ခုဖြစ်ခဲ့သည်။ ထိုကာလတွင် စထရာဗင်စကီးသည် ဂီတ၏ ပုံမှန်တည်ဆောက်ပုံမှ

ခွဲထွက်သွားခြင်းများ၊ နားလည်မှုလွဲမှားဖွယ် ရောင်တခင်ဖြည့်စွက်ချက်များ၊ အဆက်အစပ်မဲ့ ခုန်ကျော်မှုများဖြင့် သစ်လွင်သလို စိတ်ဆိုးစရာကောင်းသည့် ခေတ်သစ်ဂီတတစ်မျိုးကို နောက်မျိုးဆက်အတွက် ရှာဖွေနေခဲ့ပြီ ဖြစ်သည်။

၁၉၁၄ တွင် ရုရှားမှ ထွက်ခွာကာ ဆွစ်ဇာလန်တွင် အခြေချခဲ့သည်။ သူ၏ အောင်မြင်သော လက်ရာသုံးခုဖြစ်သည့် Priboutki (တူရိယာရှစ်မျိုးနှင့် အသံတစ်သံတည်း သီချင်းများ)၊ Berceuse du Chat (ကလဲရီနက်သုံးလက်နှင့် ကွန်ထရာတိုအဆို)၊ Renard (ရုရှားကျေးလက်တေးသွားများဖြင့် ပြည့်နှက်နေသည့် သရော်စာပြဇာတ်) တို့မှာ ရုရှားကျေးလက်တေးများအပေါ် အခြေခံထားခြင်း ဖြစ်သည်။ ရုရှားတော်လှန်ရေးကာလတွင် ရောမသို့ ရောက်ရှိနေခဲ့သည့် စထရာဗင်စကီးသည် အလျင်အမြန်ပင် Volga Boatmen's Song ကို သံစုံတေးသွားအဖြစ် ပြန်လည်အသံသွင်းရေးသားခဲ့သည်။ ၎င်းကို ဒိုင်ယာဂီလက်ဗ် ထုတ်လုပ်ခဲ့သော ရုရှားညည်းချင်းအပေါ် အစားထိုးရေးစပ်ခဲ့ခြင်း ဖြစ်သည်။

ထိုအတောအတွင်း၌ စထရာဗင်စကီးသည် ရုရှားစရိုက်ကို ပီပြင်စွာ ဖော်ကျူးနိုင်မည့် အခြားလက်ရာတစ်ခုကို လျာထားပြီး ဖြစ်သည်။ ၎င်းမှာ မင်္ဂလာဆောင်အခမ်းအနားသုံးဖြစ်သည့် Les Noces ပင် ဖြစ်သည်။ ၎င်းသည် မယုံကြည်လောက်ဖွယ် ပေါင်းစပ်ထားသော ပုံပန်းမကျသည့် စုပေါင်းတေးတစ်မျိုးဖြစ်၏။ ဆိုလိုအသံများ၊ စန္ဒရားလေးလုံးနှင့် ရိုက်ခတ်တူရိယာ ဆယ့်နှစ်မျိုးတို့ ပါဝင်ကြသည်။ ၎င်းတွင် ကြိုးတပ်နှင့် လေမှုတ်တူရိယာများ၊ ဟာမိုနီအသံများ၊ တူရိယာတေးသွားဆန်သည့် ဆွဲဆောင်မှုများ၊ မြင့်မားသော သံပြိုင်အပိုဒ်များ လုံးဝမပါဝင်ကြချေ။

စထရာဗင်စကီးသည် ဆွစ်ဇာလန်တွင် နေထိုင်ရင်းဖြင့် နောက်ထပ် ရုရှားကျေးလက်အပိုင်းအစ L' Histoire ကို ရေးခဲ့ပြန်သည်။ ၎င်းမှာ စုတ်ချာလွန်းသော တပ်ပြေးစစ်သားတစ်ဦး ငရဲပြည်သို့ ရောက်ရှိသွားသည့်အကြောင်း ဖြစ်သည်။ စထရာဗင်စကီးသည် သူ၏ သောတအာရုံကို အမေရိကန်ခေတ်ပေါ်ဂီတဘက်သို့ အစဉ်လှည့်ထားသည်။ ၁၉၁၆ တွင် အမေရိကန်ပြည်ထောင်စုသို့ သူပြန်လည်ရောက်ရှိချိန်၌ လက်ရွေးစင် ပြုစုထားသော ဂျပ်ဇ်တေးသွားများကို သယ်ဆောင်လာခဲ့သည်။ ပထမကမ္ဘာစစ်အပြီး ၃၆ နှစ်အရွယ်၌ ပြင်သစ်

သို့ သူရောက်ရှိလာသည်။ ၁၉၃၄ တွင် ပြင်သစ်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။ ၎င်းမှာ ပီကာဆို၏ အနုပညာတော်လှန်မှုကာလတွင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဂီတသမား၏ ချိုးဖောက်မှုသည် ပန်းချီဆရာ၏ တော်လှန်မှုနှင့် အလွန်ပင် ဆန့်ကျင်နေပေသည်။ ပီကာဆိုက ဣန္ဒြေရ တည်ငြိမ်သည့် ဂန္ထဝင်ဟန်မှ လက်တွေ့စမ်းသပ် အချိုးဖျက်ထားသည်။ အလွန်ပျော့ရွှင်မြူးထူးသော အရသာသို့ ရွေ့ပြောင်းပစ်ခဲ့သော်ငြားလည်း စထရာဗင်စကီးကမူ အရိုင်းဆန်သည့် ဟာမိုနီနှင့် ရစ်သမ်များ သုံးစွဲနေရာမှ စည်းကမ်းကြီးသော နှောင်းခေတ်ဂန္ထဝင်ပုံစံသို့ ကူးပြောင်းခဲ့သည်။ ဂီတသည် တိကျသော သိပ္ပံပညာဖြစ်သင့်သည်၊ ထို့ကြောင့် ၎င်းကိုယ်တိုင်ထက်ပိုသည့် အဓိပ္ပာယ် (သို့မဟုတ်) ပေးပို့ချက်တစ်ခုခု သယ်ဆောင်လာရန် ကြိုးပမ်းစရာမလိုဟု သူ အတိအလင်း ကြေညာခဲ့သည်။ အသက် ၄၀ အရွယ်တွင် စထရာဗင်စကီး၏ လက်ရာမှာ ပို၍ ပို၍ စစ်မှန်လာသကဲ့သို့ သီးသီးခြားခြား ဖြစ်လာကာ ဒြပ်မဲ့ဆန်လာခဲ့သည်။

လေးဆယ်ကျော်ပြီးနောက် စထရာဗင်စကီးသည် ပို၍ ဂန္ထဝင်ဖြစ်သော ပုံစံများ၌သာ သူ့ကိုယ်သူ မြှုပ်နှံထားတော့သည်။ ကြိုးတပ်တူရိယာများ၏ နူးညံ့ချောမွေ့သော အာရုံကို အထင်အမြင်သေးနေသည့်ကာလတွင် သူသည် လျှာခင်နှင့် လေမှုတ်တူရိယာအပေါင်းအစုတို့၏ စွမ်းရည်များကို ဖော်ထုတ်ခဲ့သည်။ လေမှုတ်တူရိယာများအတွက်ရှစ်ယောက်တွဲဂီတ ဆင်ဖိုနီတစ်ပုဒ်၊ စန္ဒရားနှင့် တယောသံစုံဝိုင်းအတွက် ကွန်ချာတိုတစ်ပုဒ် သူရေးစပ်ခဲ့၏။ စန္ဒရားနှင့် တယောများ တွဲစပ်မှုကို သူမနှစ်သက်ချေ။ စန္ဒရားတီးသံက တယောသံများကို အရောင်အသွေးမဲ့အောင် ဝါးမျိုပစ်လိုက် သည်ဟု သူယူဆသည်။ လေမှုတ်တူရိယာများကို သူရွေ့တန်းတင်ရခြင်းမှာ ၎င်းတို့သည် ထိုအနှောင့်အယှက်ကို လျစ်လျူရှုနိုင်သောကြောင့် ဖြစ်သည်။ ချိုင်ကော့စကီး၏ တေးသွားများကိုလည်း သူလွတ်လပ်စွာ သုံးစွဲတတ်သေးသည်။ ထို့ကြောင့် ဝေဖန်ရေးဆရာများက "ငှားရမ်းသူ"ဟု နာမည်တပ်ခဲ့ကြသည်။

အီတလီသို့ ခရီးထွက်ပြီးနောက် လက်တင်စာအနည်းငယ် သူတတ်မြောက်လာသည်။ ၎င်းစကားလုံးများကို ဂီတ၏ အသံထွက်ပစ္စည်းများ ဆန့်ကျင်ဘက်ကဏ္ဍများအဖြစ် အသုံးပြုကာ အသံများကို ပိုမိုလေးနက်စေခဲ့သည်။

ဂန္ထဝင်ဂီတ၏ နောက်ထပ်အလင်းတစ်ပွင့်ဖြစ်သည့် သမ္မာကျမ်းဆိုင်ရာ အော်ပရာ Apollon Musagetes သည် စထရာဗင်စကီး၏ အမေရိကားပထမခရီး အပြီး ၁၉၂၅ ၌ ထွက်ပေါ်လာသည်။ ၁၉၂၉ တွင် ဒိုင်ယာဂီလက်ဗ် ကွယ်လွန်ပြီးနောက် စထရာဗင်စကီးသည် ပြဇာတ်မဆန်သော တေးရေးဖွဲ့မှုများ ဘက်သို့ ပုံစံပြောင်းလာခဲ့သည်။ ဥရောပတွင် သူဆက်လက်နေထိုင်သော်ငြားလည်း အမေရိကားကို အနာဂတ်အတွက် မျှော်ကြည့်ခဲ့သည်။ ၁၉၃၀ တွင် ဘော်စတွန်ဆင်ဖိုနီ အနှစ်ငါးဆယ်မြောက်ပွဲအတွက် သူ့အား ဆင်ဖိုနီတစ်ခု ရေးသားရန် အပ်နှံ၏။ ထိုဆင်ဖိုနီအတွက် လူအဆိုသံများနှင့် သံစုံတီးဝိုင်းသံများ ပေါင်းစပ်ပေးရန် သူဆုံးဖြတ်ခဲ့သည်။ ထို့နောက် သူ၏ နှောင်းဂန္ထဝင်ခေတ်ပုံစံဖြစ်သည့် Symphony of Psalms Stravinsky ထွက်ပေါ်လာသည်။ ထိုအတောအတွင်း အခြားအရေးပါသည့် လက်ရာများဖြစ်သည့် တယောနှင့် စန္ဒရားအတွက် Duo Concertant၊ ဘဲလက်တေး Perse' phone၊ စန္ဒရားနှစ်လုံး အတွက် ကွန်ချာတိုတစ်ပုဒ်နှင့် တူရိယာ ၁၆ လက်အတွက် ကွန်ချာတိုတစ်ပုဒ်တို့ကို ရေးသားနိုင်ခဲ့သည်။ ၁၉၃၉ တွင် အမေရိကားသို့ ရွှေ့ပြောင်းပြီး ၆၃ နှစ်အရွယ်တွင် အမေရိကန်နိုင်ငံသားအဖြစ် ခံယူသည်။

အသက်ခုနစ်ဆယ်အရွယ်တွင် သူ၏ ပထမဦးဆုံး ရှည်လျားသည့် အော်ပရာ The Rake's Progress ကို ရေးဖွဲ့သည်။ စထရာဗင်စကီးသည် သံစဉ်မကိုက်ခြင်း၊ အိပ်မက်ဆန်ခြင်း စသည့် တေးရေးဖွဲ့မှုနည်းသစ်အချို့ဖြင့် ခေတ်ပေါ်ဂီတကို လျင်မြန်စွာ လွှမ်းမိုးနိုင်ခဲ့သည်။ စထရာဗင်စကီး၏ အစီအစဉ်တကျ ရေးသားရန် စိတ်ထက်သန်မှုက သူ့ကို ဖန်တီးသူထက် ပို၍သာလွန်သော လက်မှုပညာသည်အဖြစ် တွန်းပို့ခဲ့သည်။ သူ၏ ရိုမန်တစ်ဆန့်ကျင်သော ဂီတစည်းမျဉ်းနှင့် သင်္ချာဆန်သည့် တိကျမှန်ကန်မှုတို့က သူ၏ ကိုယ်ပိုင်ဖြစ်သော အချိုးအစားကျမှု အယူအဆ၏ သားကောင်အဖြစ် သူ့ကို ဖန်တီး ခဲ့သည်။ ကော့ဒ်အသစ်များကို သူကြိုးပမ်းခဲ့သည်။ တူရိယာများကို အတွဲအဖက်သစ်ဖြစ်စေရန် သူစမ်းသပ်ခဲ့သည်။ သူ့ဘဝတစ်လျှောက်လုံး ဂီတကို ပုံသွင်းခြင်း၊ ဖြတ်တောက်ခြင်း၊ ပြင်ဆင်ခြင်းအားဖြင့် နေထိုင်ခဲ့ပုံမှာ ဗိသုကာပညာရှင်တစ်ဦး စားပွဲကို ပုံကြမ်းထုတ်သကဲ့သို့ပင် ဖြစ်၏။ အာရုံဝင်စားမှုသည် သူ့အတွက်တော့ ဂီတဖန်တီးရန် အကြိုလုပ်ရပ်မျှသာ ဖြစ်သည်။ နှောင်း

ဂန္ဓဝင်ဂီတကို ကျစ်လစ်သောပုံစံများ သေးငယ်သော အားများ၊ စိတ်လှုပ်ရှားမှု ဖယ်ထုတ်ခြင်းများဖြင့် ဖွံ့ဖြိုးစေခဲ့သည်။ ဂီတစာဆိုကြီး စထရာဗင်စကီးသည် အသက် ၈၉ နှစ်အရွယ် ၁၉၇၁ ၌ ကွယ်လွန်ရာ မင်းနစ်မြို့၌ မြှုပ်နှံခဲ့ကြပါသည်။ ဟင်းလင်းပြင်ဆန်သည့် စကြာဝဠာဖေဒသဘောဆောင်သည့် အများက သံသေးသံကြောင်ဟု ယူဆခဲ့ကြသည့် အသံများဖြင့် စထရာဗင်စကီးသည် ၂၀ ရာစု ဂီတ၏ အနာဂတ်ကို ကျွမ်းကျင်စွာ ပုံသွင်းခဲ့ပါသည်။

Ref : Makers of Modern World

❖ ❀ ❖



# အဲရစ်ကလက်ပ်တန်

## (သို့မဟုတ်)

# ဂစ်တာနတ်ဘုရား



ကျွန်တော့်ကိုယ်ကျွန်တော် ဘလူးစ်ဂစ်တာသမားအဖြစ် အမြဲတမ်း ခံယူထားတယ်။ ရိုးရှင်းလွယ်ကူ၊ အသံထွက်ကောင်းပြီး ပြန်တီးခတ်ရတာ အဆင်ပြေမယ့် တီးကွက်မျိုးတွေ ကျွန်တော် ဖန်တီးနေမှာပါ။

**အဲရစ်ကလက်ပ်တန်**

အင်္ဂလန်တစ်နိုင်ငံလုံးရှိ ကလပ်များ၏ နံရံတွင် တူညီသော စာတန်းတစ်ခုကို ရေးထိုးထားကြသည်။ ၎င်းစာတမ်းမှာ “ကလက်ပ်တန်သည် ဂစ်တာဘုရားဖြစ်သည်”ဟူ၍ ဖြစ်သည်။ အဲရစ်ကလက်ပ်တန်၏ ဂစ်တာလက်သံကို စွဲလမ်းကြသော လူငယ်များက မိမိတို့သဘောဖြင့် ရေးထိုးထားကြသည့် ထိုစာတမ်းကိုကြည့်ခြင်းဖြင့် ကလက်ပ်တန်အပေါ် မည်မျှ စွဲလမ်းကြသည်ကို အကဲခတ်နိုင်သည်။ ထိုအချိန်မှာ ဂျွန်မေအောလ်ဦးစီးသည့် **ဘလူးစ်ကို ချိုးဖောက်သူများ (Blues - Breakers)** တီးဝိုင်းတွင် ကလက်ပ်တန် ဝင်ရောက်တီးခတ်နေသည့် ၁၉၆၅ ဝန်းကျင်ကာလဖြစ်၏။ **ဘလူးစ်ကို ချိုးဖောက်သူများ** တီးဝိုင်းတွင် ပါရှိသည့် ဂစ်တာပညာရှင်တိုင်းသည် ဘလူးစ်ကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပြီး လိုသလို ချိုးဖောက် တီးခတ်နိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ ထိုသို့ ကျွမ်းကျင်သူများအထဲ၌ပင် ကလက်ပ်တန်၏ ဂစ်တာဆိုလိုများက ပိုမိုထင်ပေါ်စွာ ညှို့စွမ်းနိုင်ခဲ့ခြင်းကြောင့် ပရိသတ်များက သူ့ကို ဂစ်တာနတ်ဘုရားဟု တင်စားကာ God ဟု ခေါ်ဆိုလာကြခြင်း ဖြစ်သည်။ ဂစ်တာကို မြန်ဆန် သွက်လက်စွာ တီးခတ်နိုင်သော ကလက်ပ်တန်ကို လူငယ်များက ဝိုင်းဝန်းအတုခိုး ကြရင်းဖြင့် **ဂစ်တာသူရဲကောင်း** ရောဂါမှာ ထိုအချိန်မှ စတင်လာခဲ့သည်။

ဘလူးစ်ဂစ်တာသမိုင်းတွင် ကလက်ပ်တန်သည် အကျော်ကြားဆုံးနှင့် အရေးအပါဆုံးပုဂ္ဂိုလ်ဖြစ်သည်။ Wonderful Tonight၊ Cocaine Layla တို့မှာ သူ၏ထင်ရှားသောသီချင်းများ ဖြစ်ကြသည်။ ကလက်ပ်တန်၏ ဂစ်တာသံမှာ ဖမ်းစားနိုင်စွမ်းရှိသကဲ့သို့ သူ၏ ထူထဲ၍ ခိုင်ခံ့သော ဆိုဟန်ကလည်း

ဘလူးစ်ဂီတ၏ အမှတ်သင်္ကေတပမာ ဖြစ်လာရသည်။ သီချင်းများကိုတော့ သူကိုယ်တိုင် ရေးလေ့မရှိချေ။ သီချင်းရေးဆရာကောင်းများကိုသာ အပ်လေ့ရှိသည်။ ရံဖန်ရံခါမှာသာ ကိုယ်တိုင် ဝင်ရောက်ရေးသားသည်။ Cream တီးဝိုင်းနှင့် သူတွဲဖက်တီးခတ်ခဲ့သော ဂစ်တာလက်သံများသည် ရော့ခ်သမားများအတွက်ပါ လမ်းပြသဖွယ် ဖြစ်ခဲ့သည်။ နောင်အခါတွင် သူသည် လျင်မြန်သော တီးခတ်မှုများကို လျှော့၍ နေးကွေးလေးလံပြီးစီးပိုင်သော တီးဟန်များဖြင့် တီးခတ်လာခဲ့သည်။ ထို့ကြောင့် ပရိသတ်က သူ့ကို **လက်နှေးကြီး** ဟု လေးစားစွာ ခေါ်လာကြသည်။

ကလက်ပ်တန်၏ တစ်ကိုယ်တော်ထင်ပေါ်မှုမှာ အစောပိုင်းကတည်းက စတင်ခဲ့သော်လည်း သူ၏ သီးခြားရပ်တည်မှုမှာ နောက်ကျခဲ့သည်။ ဘလူးစ်တီးဝိုင်းအသီးသီးတွင် ဖြတ်ကျော်လာခဲ့စဉ်ကတည်းက ကလက်ပ်တန်မှာ ထင်ရှားသထက် ထင်ရှားလာခဲ့သည်။ သူပါဝင်တီးခတ်ခဲ့သော တီးဝိုင်းများမှာ Roosters, Yardbirds, Cream, Blind, Faith, Delaney & bonnie and friend တို့ ဖြစ်ကြသည်။ ၁၉၇၀ တွင် သူ၏ ပထမဆုံးကိုယ်ပိုင်ဝိုင်း Derek & The Dominoes ကို စတင် ထူထောင်သည်။ ၎င်းအဖွဲ့တွင် ဂစ်တာသမား George Terny၊ ဘေ့စ်ဂစ်တာ Carl Rade နှင့် အဆိုတော် Yvonne Elliman တို့ ပါဝင်ကြသည်။ မတော်တဆမှုကြောင့် သေဆုံးသွားရှာသော သူ့သားငယ် **ကော်နာ** အတွက် ရည်စူး၍ ထုတ်ဝေသော Tears in Heaven အယ်လ်ဘမ်ဖြင့် ၁၉၉၅ တွင် ဂရမ်မီဆုကြောက်ဆု ရရှိခဲ့သည်။ ၎င်း Unplugged အယ်လ်ဘမ်တွင် ကျေးလက်၊ ရော့ခ်အင်ရိုး၊ ဂျပ်ဇ်ပုံစံများကို ဘလူးစ်ဂီတနှင့် တွဲဆက်ပြသခဲ့သည်။ ခေါင်းစဉ်သီချင်းဖြစ်သည့်**ကောင်းကင်ဘုံမှ မျက်ရည်များ**သီချင်းကတော့ ဘုရားသခင်၏ ကောင်းကင်ဘုံတွင် သူနှင့်သားဖြစ်သူ ပြန်လည်ဆုံတွေ့ဟန် ရေးသားထားသော ကြေကွဲဖွယ်တေးတစ်ပုဒ်ဖြစ်သည်။

ဂစ်တာနတ်ဘုရား အဲရစ်ကလက်ပ်တန်ကို ၁၉၄၅၊ မတ်လ ၃၀ ရက်တွင် အင်္ဂလန်နိုင်ငံ ဆာရေးမြို့၌ မွေးဖွားခဲ့သည်။ မိဘများ ကွဲသွားခဲ့၍ ဘိုးဘွားများက စောင့်ရှောက်ခဲ့ရသည်။ အတန်းပညာကို စိတ်မဝင်စားဘဲ ဆယ်ကျော်သက်အရွယ်ကတည်းက ဂစ်တာစတီးနေချေပြီ။ ကင်းစတန်အနုပညာ

တက္ကသိုလ်တွင် တက်ရောက်ခဲ့ရာ စာကို စိတ်မဝင်စားသူ၊ ကျောင်းနေဖက် အချင်းချင်း ဖျက်ဆီးသူအဖြစ် ကျောင်းထုတ်ခံရသည်။ ရေဒီယိုမှ ဘလူးစ် သီချင်းများကို ကြားရပြီးနောက် ဘလူးစ်ဂီတကို သူစတင် စိတ်ဝင်စားလာသည်။ မတ်ဒီးဝါတာ၊ ဘတ်ဒီဟော်လီတို့၏ ဓာတ်ပြားများကို နားထောင်လေ့ကျင့်ခဲ့ သည်။ ၁၈ နှစ်သားတွင် Rooster တီးဝိုင်းနှင့် စတင်တီးခတ်ခဲ့သည်။ ၁၉၆၃ တွင် ပို၍ အလားအလာရှိသော Yardsbirds ဝိုင်းသို့ ကူးပြောင်းခဲ့၏။ For Your Love သီချင်းကို သွင်းအပြီးတွင် သူလိုချင်သော ဘလူးစ်ရသကို မရရှိဟု ယူဆ၍ ယင်းအဖွဲ့မှ ကလက်ပ်တန်နုတ်ထွက်ခဲ့သည်။ “ဂီတကို မဖျက်ဆီးချင်တဲ့အတွက် ဒီအဖွဲ့က နုတ်ထွက်ခဲ့တာပါ”ဟု ကလက်ပ်တန်က စာနယ်ဇင်းများအား ပြောကြားခဲ့သည်။

ငင်းနောက် ဂျွန်မေအောလ် ဦးဆောင်သည့် **ဘလူးစ်ချိုးဖောက်သူများ**နှင့် သူအဆက်အသွယ်ရသွားသည်။ ၁၉၆၅ တွင် Blues-Breakers ၏ ဂစ်တာသမား ဖြစ်လာသည်။ သူတို့အဖွဲ့၏ စင်မြင့်ဖျော်ဖြေပွဲများတွင် “ကလက်ပ်တန်ဆိုလို တီးပါဦး”ဟု ပရိသတ်က အမြဲတောင်းဆိုလေ့ရှိသည်။ ယင်းကာလတွင် “ကလက်ပ်တန်သည် ဂစ်တာနတ်ဘုရား”ဟူသည့် အသံများ ဆူညံစပြုလာ သည်။ ၁၉၆၆ တွင် Blues -Breakers မှ ကလက်ပ်တန် ထွက်သွားသောအခါ ဂျွန်မေအောလ်မှာ ရာပေါင်းများစွာသော ဂီတသမားများထဲမှ ကလက်ပ်တန် ၏ နေရာတွင် အစားထိုးနိုင်မည့်သူ ရှာဖွေဖို့ အခက်အခဲတွေ့ရပြန်သည်။ ငင်းနောက် ကလက်ပ်တန်၏ ဘလူးစ်ဂီတသည် ရော့ခ်ဟန်များနှင့် ပေါင်းစပ်မိ ကာ အဖွဲ့သားသုံးဦးသာပါဝင်သော Cream တီးဝိုင်းကို ထူထောင်ခဲ့ကြသည်။ Cream အဖွဲ့သားများ၏ ကျယ်လောင်စူးရှသော ဂစ်တာ riff များ၊ ဘေ့စ်နှင့် ဒရမ်သံများ၏ လွဲချော်နေသလိုရှိသော ပေါင်းစည်းမှုများက အနာဂတ်ရော့ခ် ဂီတအတွက် မျိုးစေ့ချပေးခဲ့သည်။ “ကလက်ပ်တန်ကိုCreamမှာ တီးခဲ့သလောက် ပဲ ကျွန်တော် ကြိုက်တယ်။ သူနောက်ပိုင်း တီးတာတွေ ကျွန်တော် မကြိုက်ဘူး” ဟု ဟဲဗီးရော့ခ်ဂစ်တာသမား ဗင်ဟေလင်က ဖွင့်ဟခဲ့သည်။ ဘေ့စ်နှင့် ဂစ်တာ ပေါင်းစပ်တီးသော Unison များကလည်း Cream အဖွဲ့၏ ကိုယ်ပိုင်ဟန်ပင်။ Sunshine of your Love ၊ Politician ၊ Crossroads ၊ Badge စသည့် သီချင်းများမှာ Cream အဖွဲ့၏ ဂန္ထဝင်လက်ရာများ ဖြစ်သည်။ ငင်းနောက်

ကလက်ပ်တန်သည် ဂစ်တာဘုရားအခေါ်ခံရသည်ကို ငြီးငွေ့လာသလို ဆိုလို အရှည်ကြီး တီးရသော ပုံစံများကိုလည်း ဆက်မလုပ်ချင်တော့၍ Cream အဖွဲ့မှ ထွက်ခွာလာသည်။

၁၉၆၉ တွင် ဂျင်ဂျာဘေကာ၊ ရစ်ဂရိချ်၊ စတီဗီဝင်းဝုဒ်တို့နှင့် ပူးပေါင်း၍ **Blind Faith** ဝိုင်းကို ဖွဲ့စည်းသည်။ ၎င်းအဖွဲ့၏ ပထမဆုံးဖျော်ဖြေပွဲကို လန်ဒန်ရှိ ဟိုက်ဒ်ပန်းခြံ၌ ကျင်းပခဲ့သည်။ ကလက်ပ်တန်သည် ယင်းအဖွဲ့နှင့် Blind Faith အယ်လ်ဘမ်တစ်ချပ်သာ ၁၉၆၉၌ ထုတ်ဖြစ်ခဲ့သည်။ ၁၉၆၉ တွင် ထွက်ရှိခဲ့သော Live Peace In Toranto အယ်လ်ဘမ်မှာ ဂျွန်လင်နွန်တို့ Plastic Ono Band နှင့် တိုရန်တိုမြို့တွင် ဖျော်ဖြေသောပွဲကို အသံသွင်း ဖြန့်ချိခြင်းဖြစ်သည်။ ၎င်းနောက် Delaney & bonnie and friend ဝိုင်းနှင့် အမေရိကားသို့ သွားရောက်ဖျော်ဖြေခဲ့သည်။ ၁၉၇၀ တွင် Derek & The Dominoes အမည်ရ ကိုယ်ပိုင်ဝိုင်းကို ထူထောင်ဖြစ်သည်။

ကလက်ပ်တန်၏ သီချင်းများမှာ ရိုးစင်းသော အဖွဲ့အနွဲ့ကြောင့် ထင်ရှားသည်။ Layla သီချင်းမှာ ဘီးတဲလ်စ်အဖွဲ့မှ ဂျော့ဟယ်ရစ်ဆင်၏ ဇနီးဖြစ်သူ ပက်တီဘွိုက်ကို ရည်စူးရေးစပ်ထားခြင်း ဖြစ်သည်။ တုံ့ပြန်မှုမရရှိသော အချစ်အကြောင်း ဖွဲ့ဆိုထားသည်။ ယင်းသီချင်းရေးဖွဲ့စဉ်ကာလက ပက်တီနှင့် ကလက်ပ်တန်တို့ သံယောဇဉ်ငြိတွယ်နေချိန် ဖြစ်သည်။ နောင်တွင် ပက်တီက ဂျော့နှင့် ကွာရှင်းပြီး ကလက်ပ်တန်၏ ရင်ခွင်သို့ ခိုနားလာခဲ့သည်။ ထို Layla သီချင်းတီးခတ်ခဲ့သော ကလက်ပ်တန်၏ ဂစ်တာကို လေလံတင်ရောင်းချခဲ့ရာ ဒေါ်လာ သုံးသိန်းနှစ်သောင်း ရရှိခဲ့၍ ကမ္ဘာ့ဈေးအကြီးဆုံးဂစ်တာဟုပင် ဆိုနိုင်သည်။ ဤသည်ကိုကြည့်၍ Layla သီချင်းမှာ ပရိသတ်အပေါ် မည်မျှ လွှမ်းမိုးမှုရှိသည်ကို မှန်းဆကြည့်နိုင်ပေသည်။ Wonderful Tonight သီချင်းမှာလည်း ပါတီပွဲတစ်ခုကို အတူသွားတက်ရင်း မိမိမိန်းမ၏ အလှကို သတိပြုမိပုံကို ရှောင်တခင်ရသဆန်ဆန် ရေးဖွဲ့ထားသည်။

"ကျုပ်တို့ပါတီပွဲတစ်ပွဲသွားတယ်
ဟောဒီမိန်းမလှကို အားလုံးလည်ပြန်ကြည့်ကြရဲ့
ကျုပ်နံဘေးမှာတွဲလျှောက်လို့ပေါ့
ကျုပ်ကိုမေးပြန်တယ် နေလို့ကောင်းရဲ့လားတဲ့

ကျုပ်ဖြေလိုက်ရဲ့

အေးကွယ်၊ ဒီည ငါရှင်လန်းပါတယ်လို့ပေါ့”

၅၃ ထပ်မှ ပြုတ်ကျကွယ်လွန်ခဲ့ရသော သုံးနှစ်အရွယ်သားငယ်လေး အတွက် ရည်စူးရေးစပ်သော Tears in Heaven သီချင်းကား ကြေကွဲဖွယ် ကောင်းလှပေသည်။

“ငါ့လက်ကို မင်းဆုပ်ကိုင်ဦးမှာလား
ကောင်းကင်ဘုံမှာ မင်းနဲ့ငါတွေ့ရင်
ဒီလိုပဲ ဖြစ်မလားကွယ်
ကောင်းကင်ဘုံမှာ မင်းနဲ့ငါတွေ့ရင်
နေ့နဲ့ညကိုဖြတ်ကာ ငါ့လမ်းငါရှာရမှာ
ငါသိသား နေနိုင်စွမ်းမရှိ ကောင်းကင်ဘုံမှာ”

ထို Unplugged အယ်လ်ဘမ်မှာ ကလက်ပ်တန်၏ အကောင်းဆုံး လက်ရာအဖြစ် သတ်မှတ်လျှင် ရမည်ထင်သည်။ “ဒီသီချင်းကို ကျွန်တော် ကြိုက်တယ်၊ ဒီသီချင်းဟာ လူတစ်ယောက်ရဲ့ ခံစားမှုအမှန်ကို ဖော်ပြနေတယ်” ဟု ဂရိဂီတပညာရှင် **ရန်းနီး** က **ကောင်းကင်ဘုံမှ မျက်ရည်များ**သီချင်းကို ရည်စူး၍ ဖွင့်ဟခဲ့သည်။ သူ၏ ပထမဆုံးတစ်ကိုယ်တော် အယ်လ်ဘမ်မှာ Eric Clapton ဖြစ်ပြီး ၁၉၇၀ ၌ ထွက်ရှိခဲ့သည်။ ၎င်းအယ်လ်ဘမ်မှာ အမေရိကား၌ နံပါတ် ၃၀၊ ဗြိတိန်၌ နံပါတ် ၁၇ ချိတ်ခဲ့သည်။ ၎င်းအယ်လ်ဘမ်မှ After Midnight သီချင်းမှာ အမေရိကား၌ နံပါတ် ၁၈ ချိတ်ခဲ့သည်။ ကလက်ပ်တန်သည် ဘော့မာလီ၏ I Shot the Sheriff ၊ ဘော့ဒိုင်လန်၏ Knockin' on Heaven's Door သီချင်းများကိုလည်း ဘလူးစ်ဟန်ဖြင့် ပြန်လည် သီဆိုအောင်မြင်ခဲ့သည်။ ၁၉၇၄ ထွက် 461 Ocean Boulevard အယ်လ်ဘမ်မှာ အမေရိကားတွင် နံပါတ် ၁ ချိတ်ခဲ့ပြီး ဗြိတိန်တွင် နံပါတ် ၃ ချိတ်ခဲ့သည်။ ခေါင်းစဉ်နာမည်မှာ မီယာမီစတူဒီယို၏ လိပ်စာကို အစွဲပြုပေးထားခြင်း ဖြစ် သည်။ ၁၉၇၅ ထွက် Eric Clapton was Here မှာ Live အယ်လ်ဘမ်ဖြစ်ပြီး ကလက်ပ်တန်၏ ဂစ်တာစွမ်းရည်ကို မြင်တွေ့နိုင်စေသည်။ သူ၏ အခြားသော အယ်လ်ဘမ်များမှာ No Reason To Cry (၁၉၇၆)၊ Backless Lp (၁၉၇၈)၊ Just another Night (၁၉၇၉)၊ Another Ticket (၁၉၈၁)၊ The Best of Eric

Clapton (၁၉၈၂)၊ Lp Money and Cigarettes (၁၉၈၃)၊ Back trackin (၁၉၈၄) The Sun (၁၉၈၅)၊ Auguest (၁၉၈၆)၊ Cross Roads (၁၉၈၈)၊ Journey Man (၁၉၈၉)၊ Unplgged (၁၉၉၂)၊ From the Cradle (၁၉၉၇) တို့ ဖြစ်ကြသည်။

From the Cradle အယ်လ်ဘမ်မှ Change the World သီချင်းမှာ ဂရမ်မီဆု ရရှိခဲ့သည်။ ၁၉၉၈ ထွက် Pilgrim အယ်လ်ဘမ်မှ My Father's Eye သီချင်းအတွက်လည်း အကောင်းဆုံး ပေါ့ပ်အဆိုတော် ဂရမ်မီဆု ရရှိခဲ့ပြန်သေးသည်။ ထိုသီချင်းမှာ ဖခင်ကို မွေးကတည်းက မမြင်ခဲ့ဖူးသော လူငယ်လေးတစ်ဦး၏ ခံစားမှုကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကလက်ပ်တန်၏ အကောင်းဆုံး တေးများ ဆန်ဆန် Clapton Chronicles အယ်လ်ဘမ်ထွက်ရှိခဲ့သည်။ ထိုနှစ်အတွင်းမှာပင် ဝါရင့် ဘလူးစ်ဂစ်တာသမားကြီး ဘီ၊ ဘီ၊ ကင်းနှင့် တွဲဖက်၍ Riding with the King အယ်လ်ဘမ်ကို ထုတ်ဝေခဲ့သည်။


"အရင်က သီချင်းဆိုရတာ မလုပ်ချင်ဆုံးကိစ္စပဲ။ ဂစ်တာတီးတဲ့ ကိစ္စမှာ အဆိုကကြားဝင်ရှုပ်နေသလို ခံစားမိတယ်။ ခုတော့ သီချင်းဆိုရတာကို ဂစ်တာတီးရသလိုပဲ ကျွန်တော် ခံယူလို့ ရသွားပါပြီ"ဟု ရင့်ကျက်နေပြီဖြစ်သော ကလက်ပ်တန်က ဖွင့်ဟသည်။ ဘဝတစ်လျှောက် စိတ်ဒုက္ခများကြောင့် အရက်စွဲခဲ့သည့် ကလက်ပ်တန်သည် အရက်ဖြတ်ပြီးချိန်၌ သူ၏ နာမည်ကျော်ဂစ်တာများကို လေလံတင်ရောင်းချကာ အရက်ဖြတ်ဆေးရုံတည်ဆောက်ရန် မတည်ပေးခဲ့သည်။ ဘလူးစ်ဂီတသမိုင်းတွင် ကလက်ပ်တန်သည် ယနေ့ထက်ထိ ကိုယ်ပိုင်ဟန်ဖြင့် ဣန္ဒြေရရ အောင်မြင်နေဆဲဖြစ်သည်။ တစ်ခါက အမေရိကန်နိုင်ငံ လေဆိပ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနက ကလက်ပ်တန်ကို ကိုယ်ရေးရာဇဝင်ရေးသား ဖြည့်စွက်စေရာ သူက **အလုပ်အကိုင်**နေရာတွင် **ဒဏ္ဍာရီ (Legend)** ဟု ရေးသားဖြည့်စွက်ခဲ့သည်။ မှန်သည်၊ တကယ်လည်း ကလက်ပ်တန်သည် ဂစ်တာနတ်ဘုရားတစ်ဦးပင် ဖြစ်ပေတော့သည်။

❖ ❀ ❖

# Queen

(သို့မဟုတ်)

ခေတ်သစ်ဂန္ထဝင်




အလွန်အကျွံလုပ်ခြင်းဟာ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းပဲ။

**ဖရက်ဒီမာကျူရီ**

(Queen အဖွဲ့ခေါင်းဆောင်)

တစ်နေ့သ၌ Queen အဖွဲ့၏ ခေါင်းဆောင်ဖရက်ဒီမာကျူရီသည် နုတ်စ်စာရွက်အထပ်လိုက်ကြီးကို မနိုင်မနင်း ပွေ့ပိုက်၍ စတူဒီယိုထဲသို့ ပြေးဝင်လာသည်။ "ဟော့၊ ဒီမယ် ငါ့သီချင်းပြီးသွားပြီကွာ"ဟု လိဒ်ဂစ်တာသမား ဘရိုင်ယင်မေကို ဝမ်းသာအားရ လှမ်းပြောလိုက်သည်။ ၎င်း တပွေ့တပိုက်ကြီးမှာ သူမကြာသေးခင်က ရေးစပ်ပြီးစီးခဲ့သည့် သီချင်းရှည်ကြီးကို လှလှပပ ခန့်ခွဲစီမံထားသောArrangement များ ဖြစ်၏။ ထိုသီချင်းကို စတူဒီယိုထဲတွင် ၁၆ လိုင်းဖြင့် သွင်းယူရာ၌ လိုင်းမလောက်၍ အသံရောစပ်ခြင်းများ ပြုလုပ်ကြရသည်။ "တကယ်တော့ ဒီသီချင်းဟာ ဖရက်ဒီရဲ့ ရင်သွေးပါ။ ကျွန်တော်တို့တွေကတော့ ကူညီမွေးထုတ်ပေးတဲ့ ဝမ်းဆွဲသည်တွေပေါ့"ဟု ဘရိုင်ယင်မေက ဝန်ခံသည်။ မကြာမီ A Night at the Opera အမည်ရှိသူတို့အဖွဲ့၏ စတုတ္ထအယ်လ်ဘမ်တွင် ထိုသီချင်းကို ထည့်သွင်းခဲ့ရာ ထိုသီချင်းဆင်ဂယ်လ်မှာ အရောင်းရဆုံး စာရင်းတွင် ရက်သတ္တပတ်ကြာမြင့်စွာ နံပါတ်တစ်ချိတ်သွားခဲ့သည်။ အဆိုပါသီချင်းမှာ Bohemian Rhapsody ဟု အမည်ရပြီး ခြောက်မိနစ်ကျော် ကြာမြင့်သည်။ ထိုကာလ အသံလွှင့်ဌာနများသည် သီချင်းရှည်ကြီးများကို လွှင့်ပေးရန် လက်တွန့်ကြသော်လည်း ထိုသီချင်းကိုမူ ပရိသတ်ကြီး၏ တခဲနက်တောင်းဆိုမှုကြောင့် အခါခါ လွှင့်ပေးကြရတော့သည်။ ထိုသီချင်းသည် သီချင်းပုံစံလေးမျိုးကို တစ်ပုဒ်တည်း၌ ပေါင်းစပ်ထားပြီး ဟာမိုနီသီဆိုမှု၊ တေးရေးဖွဲ့၊ ဂီတတီးခတ်မှုကောင်းမွန်ပြည့်စုံတို့ကြောင့် ခေတ်သစ်တေးရေးလောကကို လှုပ်ခါသွားစေခဲ့သည်။ ထိုသီချင်းဖြင့် Queen အဖွဲ့သည်

ဂန္ဓဝင်နှင့် ခေတ်ပေါ်နှစ်မျိုးစလုံးကို ပိုင်နိုင်သော ထာဝရမသေဆုံးမည့် တီးဝိုင်းမှန်း ကြေညာခဲ့သည်။

၁၉၇၀ တွင် ဖရက်ဒီမာကျူရီ၊ ဘရိုင်ယင်မေနှင့် ရော်ဂျာတေလာတို့သည် ဘုရင်မ **(Queen)** အမည်ရ ဝိုင်းတစ်ဝိုင်းကို ဖွဲ့စည်းခဲ့ကြသည်။ သူတို့သည် ဗြိတိန်ဝိုင်းဖြစ်၍ ဂီတလောကတွင် ဘုရင်မကဲ့သို့ အမြင့်မားဆုံးဖြစ်စေရမည်ဟု ရည်ညွှန်းကာ နာမည်ပေးခဲ့ကြခြင်း ဖြစ်သည်။ ၁၉၇၁ တွင် ဂျွန်ဒယ်ကွန် ပါဝင်ပြီးသည့်နောက် သူတို့အဖွဲ့သည် လာမည့်အနှစ်နှစ်ဆယ် ဂီတအဖွဲ့များအပေါ် သင်ခန်းစာပေးသူများအဖြစ် ရှင်သန်ကြီးထွားလာခဲ့ကြသည်။Queen အဖွဲ့ဝင်အားလုံးသည် မိမိနှင့် သက်ဆိုင်ရာ တူရိယာများကို တစ်ဖက်ကမ်းခတ်တတ်မြောက်သလို ကွိုင်ရာသီဆိုရာ၌လည်း အထူးကျွမ်းကျင်ကြသည်။ သူတို့အဖွဲ့၏ ဟန်မှာ ရော့ခ်နှင့် အော်ပရာပေါင်းစပ်သောဟန်ဖြစ်သည်။ အဖွဲ့ခေါင်းဆောင် ဖရက်ဒီမာကျူရီက သီချင်းရေး၍ စန္ဒရားတီးခတ်ကာ သီဆိုသည်။ ထူးခြားချက်မှာ Queen အဖွဲ့သားအားလုံး ပညာတတ်များ ဖြစ်ကြ၍ ဂီတတွင်မက အခြားအနုပညာဘာသာရပ်များကိုပါ နားလည်ကြခြင်းပင်။ ဖရက်ဒီမာကျူရီမှာ ဂရပ်ဖစ်နှင့် သရုပ်ဖော်ပန်းချီပညာဘွဲ့ရ၊ ဘရိုင်ယင်မေက နက္ခတ်တာရာဘွဲ့ရ၊ ဂျွန်ဒယ်ကွန်မှာ လျှပ်စစ်ပညာဘွဲ့ရ၊ ရော်ဂျာတေလာမှာ သတ္တဗေဒဘွဲ့ရဖြစ်သည်။ ဖရက်ဒီမာကျူရီဆိုလျှင် သူတို့အဖွဲ့၏ ဝတ်စုံဒီဇိုင်းများ ကိုကိုယ်တိုင်ရေးဆွဲလေ့ရှိသည်။

သူတို့အဖွဲ့၏ ပွဲဦးထွက်အယ်လ်ဘမ် Queen ကို ၁၉၇၃ ၌ ထုတ်ဝေသည်။ ၎င်းအယ်လ်ဘမ်ထဲမှ Keep Your Self Alive သီချင်းကို အသံလွှင့်ဌာနများက အတော်လွှင့်ပေးခဲ့သည်။ နာမည်တက်ရန် အရှိန်ယူစအချိန်တွင် အခြားဝိုင်းကြီးများ၏ရှေ့၌ ကြိုတင်ဖျော်ဖြေတင်ဆက်ခွင့်ရခဲ့သည်။ ဤနည်းဖြင့် ပရိသတ်စယူခဲ့ရသည်။ ၁၉၇၄ ထွက် ဒုတိယအယ်လ်ဘမ် Queen 2 မှ Seven Seas of Rhye မှာ ပေါက်သွားခဲ့ပြီး Top of the Pops ရုပ်မြင်သံကြား အစီအစဉ်တွင် ပါဝင်တင်ဆက်ခွင့်ရပြန်သည်။ Queen အဖွဲ့မှာ စွမ်းရည်ရှိကြသော်လည်း ငွေကြေးချို့တဲ့မှုကြောင့် ငါးနှစ်လုံးလုံး ငုပ်လျှိုးနေခဲ့ရသည်။ မန်နေဂျာဂျွန်ရိဒ်နှင့် ဆက်သွယ်ပြီးနောက်မှ ဓာတ်ပြားတိုက်ကြီးများ၏ ထောက်ပံ့မှုရရှိပြီး မိမိတို့ အရည်အသွေးကို ထုတ်ဖော်ပြသခွင့်ရခဲ့သည်။ နှစ်

ဆယ့်ရှစ်နိုင်ငံမှ ကမ္ဘာကျော် တီးဝိုင်းအဖွဲ့အားလုံး ပရိသတ်ရှစ်သန်းကျော် လောက်ပဲ ရရှိချိန်တွင် Queen ၏ ခါတ်ပြားမှာ ချပ်ရေ ၁၉သန်းအထိ ကမ္ဘာ အနှံ့ ရောင်းချခဲ့ရသည်။ အဖွဲ့သားလေးဦးစလုံး၏ အစွမ်းရောက်အရည်အသွေး၊ ဖန်တီးမှုစွမ်းရည်နှင့် စတူဒီယို၊ ဗီဒီယို စင်မြင့်ပွဲများတွင် မကြောက်တမ်း အစမ်းသပ်ခံနိုင်မှုတို့ကြောင့် Queen ၏ အောင်မြင်မှုမှာ လျင်မြန်စွာ ခိုင်ခံ့ လာခဲ့သည်။ ဖရက်ဒီမာကျူရီ၏ ကျုံ့နိုင်ဆန့်နိုင်သော အသံစွမ်းအားနှင့် အဆို ပရိယာယ်ကြွယ်ဝမှုတို့ကလည်း Queen အဖွဲ့၏ သူမတူသောအရည်အသွေး တစ်ခုဖြစ်သည်။

ဂီတနတ်သားဖရက်ဒီမာကျူရီကို ၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး မိဘများမှာ ပါရှန်းမျိုးနွယ်များဖြစ်သည်။ ငယ်နာမည်မှာ **ဖရော့ဘူရှန်**ဖြစ်၍ အိန္ဒိယ၌ ကလေးဘဝကို ကြီးပြင်းစေခဲ့သည်။ ကျောင်းနေစဉ်တွင် ဂီတ၊ ပန်းချီ နှင့် စာပေတို့၌ အလွန်ထူးချွန်ခဲ့သည်။ ဖရက်ဒီနှင့် သီချင်းတွဲဖက်ရေးသား လေ့ရှိသည့် လိဒ်ဂစ်တာသမား ဘရိုင်ယင်မေကိုမူ ၁၉၄၇ ၌ မွေးဖွားခဲ့ပြီး ငယ်စဉ်က ငွေကြေးတတ်နိုင်၍ ဂစ်တာကို ကိုယ်တိုင်လုပ်သုံးခဲ့ရသည်။ Queen အဖွဲ့၏ သီချင်းများတွင် မကြာမကြာ ထူးခြားပြီး အသေးစိတ် ပြုလုပ်ထား သည့် ဂီတခန့်ခွဲမှုများ၊ ရှုပ်ထွေးသော ကော့ဒ်ရွေ့လျားမှုများနှင့် ကြွယ်ဝပြီး အကွက်စုံလင်လှသည့် အဆိုဟာမိုနီများ ပါဝင်သည်။ ရော့ခ်အင်ရိုး၊ ဘလူးစ်၊ ဟဲဗီးမက်တယ်၊ ရစ်သမ်အင်ဘလူးစ်၊ ကျေးလက်၊ ဂန္တဝင်၊ ကပွဲရုံတေး၊ ဓမ္မတေးနှင့် အော်ပရာ ဂီတအမျိုးအစား မျိုးစုံကို ပျော်ဝင်စေသည့် ဂီတဟန်များ ကို သူတို့ ဖန်တီးခဲ့ကြသည်။ ၎င်းသီချင်းများအထဲတွင် စည်းချက်သက်သက် အပေါ်တွင် အဆိုရှင်က Rap ဆန်ဆန်လိုက်ရွတ်၍ သံပြိုင်ပိုဒ်တွင်မှ လူအုပ် ကြီးက ဝိုင်းဆိုသော We Will Rock You လို သီချင်းမျိုးလည်း ပါဝင်သည်။ ထိုသီချင်းပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ ဘရိုင်ယင်မေက ဤသို့ ရှင်းပြခဲ့ သည်။

“စတိတ်ရှိုးတွေမှာ ပရိသတ်တွေက ကျွန်တော်တို့ သီချင်းတွေကို လိုက်ဆိုကြတယ်။ တချို့သီချင်းတွေက ဆိုရခက်ပြီး ပညာသားပါလွန်းတော့ သူတို့အခက်တွေ့ကြရတာတွေ ရှိတယ်။ တစ်နေ့မှာ ဖရက်ဒီနဲ့ ကျွန်တော် အကြံရတယ်၊ လူအုပ်ကြီးပါ သီချင်းလိုက်ဆိုနိုင်မယ့် တစ်နေရာထည့်ပေးနိုင်မယ့်

သီချင်းတစ်ပုဒ်ရေးကြရအောင်ရယ်ပေါ့။ သူတို့ဆိုမယ့်နေရာဟာ ရိုးရိုးရှင်းရှင်းနဲ့ ဆို လွယ်မယ့် ပုံစံပဲ ဖြစ်သင့်တယ်လို့ ကျွန်တော် တွေးမိတယ်။ ဒီသီချင်းကို ဝက်ဆက်ပြည်နယ်က သဘာဝအသံပြည့်ဝလုံခြုံတဲ့ ဘုရားကျောင်းကြီးတစ်ခုမှာ ကျွန်တော်တို့ အသံသွင်းယူခဲ့ကြတယ်။ ဒီသီချင်းမှာ ဒရမ်ကို မသုံးဘဲ ကတ်ထူပြားတွေမှာ delay စက်တွေ ညှပ်လို့တပ်ဆင်ပြီး ညီတူစည်းချက်ရိုက်ကြတယ်”

“စင်မြင့်ပွဲတွေ ရောက်တော့ ပရိသတ်တွေကလည်း ဒီသီချင်းကို လိုက်ဆိုဖို့ သူတို့နည်း သူတို့ဟန်နဲ့ ရိုက်စရာအပြားတွေ ယူလာကြတာတွေ့ရတယ်။ ဒီအံ့ဩစရာ သီချင်းဟာ လူထုနဲ့ ဆိုင်တဲ့ အားကစားပွဲတွေ၊ ချီတက်ပွဲတွေလိုမျိုးမှာ ယေဘုယျကျကျ အသုံးပြုဖို့ မထင်မှတ်ဘဲ သင့်တော်သွားခဲ့တယ်။ သီချင်းရဲ့ အဓိပ္ပာယ်ကလည်း **မင်းတို့ကို လှုပ်ပစ်မယ်** တဲ့လေ။ ကျွန်တော်တော့ ဒီသီချင်းကို ရေးဖြစ်ခဲ့တဲ့အတွက် သေပျော်သွားပါပြီ”

ကမ္ဘာ့အသံသွင်းမှုပုံစံကို ရိုက်ချိုးလိုက်သည့် အယ်လ်ဘမ်များ၊ ဆင်ဂယ်များနှင့် ထုထည်ကြီးမားသည့် နယ်လှည့်ဖျော်ဖြေပွဲများကို သူတို့ ဆင်နွှဲခဲ့ကြသည်။ စောစောပိုင်းကာလက သေးငယ်သည့် လန်ဒန်ဇာတ်ရုံလေးများတွင် ဖြေဖျော်နေရာမှ ၁၉၈၁ ၌ ပရိသတ်နှစ်သိန်းငါးသောင်းကျော်ရှိသည့် ဘရာဇီးမှ ဆော်ပေါလိုတွင် ဖြေဖျော်ရသည့် အဆင့်ထိ ရောက်ရှိလာခဲ့သည်။ ၁၉၈၅ ၌ စင်မြင့်ပွဲများ မနားတမ်း တင်ဆက်၍ သူတို့အဖွဲ့၏ အဆင့်အတန်းကို ပြသခဲ့သည်။

သူတို့၏ အရည်အသွေးကောင်း၊ အရောင်းစီးဆင်းမှုစုံလင်သည့် အယ်လ်ဘမ်များကို သန်းပေါင်းများစွာ ဝယ်ယူအားပေးခံခဲ့ရသလို သူတို့၏ လှုပ်ရှားမှုကလည်း အမြဲတမ်း လျင်မြန်သွက်လက်နေသည်။ စတူဒီယိုထဲမှာ ပြည့်စုံအောင် အသံသွင်းယူရမည့် အကန့်အသတ် ဆက်သွယ်မှုများကို သူတို့ ကောင်းစွာ နားလည်ကြသည်။ ၁၉၈၀ ထုတ် The Game အယ်လ်ဘမ်မှ Rock N, Roll အခြေခံပြီး ဟာမိုနီများ အားဖြည့်ထားသည့် Crazy Little Thing Called Love သီချင်းလေးကိုတော့ မွန်းနစ်ဟော်တယ်ရှိ ရေချိုးဇလုံထဲ၌ ဖရက်ဒီက ရေးသားဖြစ်ခဲ့သည်။ သီချင်းပြီးကာနီးတွင် ဖရက်ဒီက အကူးစတစ်ဂစ်တာဖြင့် ရစ်သမ်တီးပြီး ဘရိုင်ယင်က ရော့ခ်အင်ရိုးဆိုလိုနှင့် နောက်

ခံဟာမိုနီတချို့ ထပ်မံပံ့ပိုးပေးခြင်းဖြင့် ထိုသီချင်းမှာ လုံး၀ ပြီးဆုံးသွားသည်။ Killer Queen သီချင်းရေးနေတုန်းကလည်း ဘရိုင်ယင်က နေမကောင်း၍ အိပ်ရာထဲ၌ လဲနေချိန် တစ်ဖက်ခန်းမှ စန္ဒရားတီးပြီး ထိုသီချင်းကို ဖရက်ဒီ ဆိုနေသည်ကို ကြားရသည်။ အလွန်လှသည့် Swing Jazz သီချင်းလေးတစ်ပုဒ်မို့ ဘရိုင်ယင်က အချိန်မီနေပြန်ကောင်းစေရန် ဆုတောင်းခဲ့ရသည်။ စတူဒီယိုထဲတွင် အသံသွင်းချိန်၌ ဘရိုင်ယင်တီးရမည့် ဂစ်တာအပိုင်းများကို တွက်ဆ၍ နေရာ လွတ်ချန်ပေးထားခဲ့ကြသည်။ ဘရိုင်ယင်နေပြန်ကောင်းလာချိန်၌ ထိုသီချင်း ကို ၀င်ရောက်တီးခတ်နိုင်ခဲ့ခြင်းဖြင့် ပြည့်စုံစေခဲ့သည်။

၁၉၉၁ တွင် ဖရက်ဒီမာကျူရီ AIDS ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးသည့် နောက် ကမ္ဘာ့ဂီတတွင် ကွက်လပ်ကြီးတစ်ခုဖြစ်သွားခဲ့ရသည်။ ၁၉၉၁ တွင် ရော်ဂျာတေလာ၊ ဂျွန်ဒယ်ကွန်နှင့် ဘရိုင်ယင်မေတို့ **ဖရက်ဒီမာကျူရီအောက် မေ့ခြင်း အထိမ်းအမှတ်** စင်မြင့်ပွဲကို အခြားဂီတသမားများနှင့် ပူးပေါင်းတင်ဆက် ခဲ့ကြသည်။ Another One Bites The Dust, Radio GaGa, We Are The Champions, Somebody To Love, Don't Stop Me Now, I Want To Break Free စသည့် သီချင်းကောင်းများစွာက Queen အဖွဲ့၏ ကိုယ်ပိုင်မှတ်တိုင် များအဖြစ် ထာ၀ရကျန်ရှိနေမည်ဖြစ်သည်။ ခေတ်သစ်ဂန္ထ၀င်ပုံစံများကို အုတ် မြစ်ချပေးခဲ့သည်။ သူတို့အဖွဲ့၏ အယ်လ်ဘမ်များကလည်း ဂီတသမားများ၏ စင်ပေါ်တွင် အမြဲရှိနေတော့မည် ဖြစ်ပါသည်။

(Queen အဖွဲ့၏ အယ်လ်ဘမ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်)

Queen - ၁၉၇၃

Queen II - ၁၉၇၄

Shee Heart Attack - ၁၉၇၄

A Night at the Opera - ၁၉၇၅

A Day at the Races - ၁၉၇၆

News of the World - ၁၉၇၇

Jazz - ၁၉၇၈

Live Killers - ၁၉၇၉

The Game - ၁၉၈၀

Flash Gordan - ၁၉၈၀

Greatest Hits - ၁၉၈၁

Hot Space - ၁၉၈၂

The Works - ၁၉၈၄

A Kind of Magic - ၁၉၈၆

Live Magic - ၁၉၈၆

The Miracle - ၁၉၈၉

Innuendo - ၁၉၉၁

Greatest Hits II - ၁၉၉၁

Classic Queen - ၁၉၉၂

Live at Wembley - ၁၉၉၂

The 12" Collection - ၁၉၉၂

Made in Heaven - ၁၉၉၅

❖ ❖ ❖

# Pink Floyd

(သို့မဟုတ်)

## ဆိုင်ခီဒဲလစ်ပန်းပွင့်




ဂစ်တာကို မြန်မြန်တီးနိုင်ဖို့ထက်
ကိုယ်ပြောချင်တဲ့ ခံစားမှုကို
ကိုယ့်အတိုင်းအတာနဲ့ ပေါ်လွင်အောင်
တီးနိုင်ဖို့သာ ကျွန်တော် ဂရုစိုက်ပါတယ်။

**ဒေးဗစ်ဂယ်လ်မိုး**

လူသားတို့သည် ဆာရီယယ်လစ် အနုပညာဖြင့် အိပ်မက်၏ ဂုဏ်အင်္ဂါရပ်များကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။ အိပ်မက်၏ လှုပ်ရှားမှုများကို ကပ်ဖ်ကာက စကားလုံးဖြင့် ပြောပြသည်။ အိပ်မက်၏ အရောင်အသွေးများကို ဒါလီ၊ မွန့်ချ်တို့ ကပန်းချီဖြင့် ပြောပြသည်။ အိပ်မက်၏အသံလှိုင်းများကိုမူ ပင့်ဖလွိုက် Pink Floyd အဖွဲ့က ဂီတဖြင့် ပြောပြနိုင်ခဲ့ပေသည်။

ပင့်ဖလွိုက်သည် ဂစ်တာရိုက်ချိုးပြသည့်၊ လူထဲဒိုင်ဗင်းထိုးချသည့်၊ ပရိသတ်ကို ဆဲရေးသည့် စတန့်များကိုလုပ်သော ဂီတဝိုင်းတစ်ဝိုင်းမဟုတ်ချေ။ အဓိပ္ပာယ်ရှိ၍ ရေရှည်ခံသည့် အစမ်းသပ်ခံသည့် ဂီတပုံစံများကိုသာ အစဉ်တင်ဆက်လေ့ရှိသည့် နက်နဲသောဝိုင်းတစ်ဝိုင်းသာဖြစ်သည်။ သို့သော် စင်မြင့်ပေါ်တွင် Pigs သီချင်းကို ဖျော်ဖြေနေစဉ် စင်၏ အနောက်ဘက်အူကြောင်းမှနေ၍ ဝက်တစ်ကောင်ကို မောင်းလွှတ်ပေးခဲ့ဖူးသည်။ Time သီချင်းကို တီးခတ်သီဆိုနေစဉ် နောက်တွင် ပိတ်ကားထောင်၍ နာရီပုံပေါင်းစုံကို ရုပ်ရှင်ပြစက်နှင့် ပြသပေးခဲ့သည်။ ဘာလင်တံတိုင်းဖြိုသည့်ပွဲတွင် ဖျော်ဖြေနေစဉ် The Wall သီချင်းအစ၌ တကယ့် ဟယ်လီကော်ပတာဖြင့် ဆင်းသက်၍ အချိန်ကိုက်ဖျော်ဖြေခဲ့သည်။ Animals အယ်လ်ဘမ်၏ မျက်နှာဖုံးအတွက် မိုးပျံလေထိုးဝက်ရုပ်ကြီးကို မြို့၏အမြင့်ဆုံးတွင် လွှင့်တင်၍ ဓာတ်ပုံရိုက်ကူး စေခဲ့သည်။ သို့သော် ၎င်းအရာများသည် စတန့်လုပ်ခြင်းမဟုတ်ဘဲ သီချင်း အကြောင်းအရာခံစားမှုနှင့် ပတ်သက်၍ လိုအပ်သလို အပင်ပန်းခံ တင်ဆက်မှုများပင် ဖြစ်သည်။ ပင့်ဖလွိုက်၏ အသံတစ်သံတိုင်း၊ လုပ်ရပ်တစ်ခုတိုင်းမှာ အဓိပ္ပာယ်ရှိ

ကြောင်း၊ အလကားမဟုတ်ကြောင်း သူတို့ ပရိသတ်များက သဘောပေါက်နားလည်ကြသည်။

ပင့်ဖလွိုက်ဝိုင်းကို ၁၉၆၅ ခု၌ ဖွဲ့စည်းခဲ့သည်။ သူတို့၏ ဂီတကို ဆိုင်ခီဒဲလစ် Psyche-delic ဂီတဟု သတ်မှတ်ကြသည်။ ဟစ်ပီများသုံးစွဲသည့် မူးယစ်ဆေးဝါးအမည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ အကြားအာရုံနှင့်သာမက စိတ်ဝိညာဉ်နှင့်ပါ နားဆင်ခံစားရသည့် စိတ္တဇဆန်ဆန် ဂီတအမျိုးအစားဖြစ်သည်။ သီချင်းတစ်ပုဒ်ချင်း ကျော်ကြား လူကြိုက်များဖို့အတွက်ထက် အယ်လ်ဘမ်အလိုက် အဓိပ္ပာယ်ရှိစေဖို့ ဂီတကို အဓိပ္ပာယ်ရှိရှိ အဆင့်မြင့်စေဖို့ ကြိုးစားနေကြသည့် တိုးတက်သော အဖွဲ့များထဲတွင် ထိပ်ဆုံးက ပါဝင်သည်။ မူလက သူတို့ကို လက်ခံသူအတော်နည်းခဲ့သည်။ သူတို့၏ သီချင်းပုံစံများမှာ မြင့်မား၍ နားလည်ရန် ခက်ခဲသည့်အတွက် တက္ကသိုလ်ပရိဝုဏ်များအတွင်း၌သာ ဖျော်ဖြေခဲ့ရသည်။ ပညာတတ်လူတန်းစားအချို့ကသာ စတင်လက်ခံခဲ့ကြသည်။ သို့သော် Arnold Layne နှင့် See Emily Play စသည့် ဆင်ဂယ်လ်အချို့ကြောင့် သူတို့ကို လူသိလာကြသည်။ ၁၉၆၇ တွင် ပင့်ဖလွိုက်၏ ပထမဆုံး ဆင်ဂယ်လ် Arnold Layne သည် ဗြိတိန်တွင် နံပါတ် ၁၉ ချိတ်ခဲ့သည်။ ထိုစဉ်က ပင့်ဖလွိုက်အဖွဲ့ဝင်များမှာ ရော်ဂျာဝါးတား (ဘေ့စ်၊ အဆို)၊ နစ်မေဆင် (ဒရမ်)၊ ရစ်ရိုက် (ကီးဘုတ်)၊ ဆစ်ဘာရက် (လီဒ်ဂစ်တာ)တို့ဖြစ်ကြသည်။ ထိုစဉ်က ဒေးဗစ်ဂယ်လ်မိုး မပါဝင်သေးချေ။ ၁၉၆၇ တွင် သူတို့၏ ပထမဆုံးအယ်လ်ဘမ် Piper At The Gates Of Dawn ထွက်ရှိသည်။ ဒုတိယ ဆင်ဂယ်လ် See Emily Play က ဗြိတိန်တွင် နံပါတ် ၅ ချိတ်ခဲ့ပြီး တတိယ ဆင်ဂယ်လ် Apples and Oranges ကတော့ နံပါတ်မချိတ်ခဲ့ပေ။

၁၉၆၈ ဇန်နဝါရီတွင် ဒေးဗစ်ဂယ်လ်မိုးသည် ပင့်ဖလွိုက်အဖွဲ့နှင့် ဆက်သွယ်မိပြီး ပထမဆုံး လန်ဒန်ပွဲကို Hyde ပန်းခြံ၌ ကျင်းပခဲ့သည်။ ဇန်နဝါရီမှ ဧပြီအတွင်း A Saucerful od Secrets အယ်လ်ဘမ်ကို အက်ဘီလမ်းစတူဒီယို၌ သွင်းယူပြီး ဗြိတိန်၌ ဇွန် ၂၉၊ အမေရိကား၌ ဇူလိုင် ၂၇ ရက်များတွင် ဖြန့်ချိခဲ့သည်။ ၁၉၆၉ ခုနှစ်၌ နှစ်ချပ်တွဲအယ်လ်ဘမ် Ummagumma ကို နော်မန်စမစ်၌ ထုတ်လုပ်ပြီး ဖြန့်ချိခဲ့သည်။ ထိုနှစ်ထဲမှာပင် သူတို့၏ ဆန်းသစ်သော ဆင်သီဆိုက်ဇာအသံများကြောင့် အာကာသဂီတဟုလည်း

ကင်ပွန်းတပ်ခံရပြီး Zabriskie Point ရုပ်ရှင်ကား၏ နောက်ခံတေးဂီတ တီးပေးရန် အပ်နှံခြင်းခံရသည်။ ၁၉၇၀ တွင် ပင့်ဖလွိုက်ကိုယ်တိုင်ထုတ်လုပ်သော Atom Heart Mother အယ်လ်ဘမ်မှာ ဗြိတိန်တွင် နံပါတ်၁၊ အမေရိကား၌ နံပါတ် ၅၅ စွဲခဲ့သည်။ ၎င်းအယ်လ်ဘမ်အတွက် ကမ္ဘာလှည့်ဂီတပွဲ ကို စက်တင်ဘာ ၁၂ မှ ဖေဖော်ဝါရီ ၃ အထိ လှည့်လည်ဖျော်ဖြေခဲ့ကြသည်။

အရှိန်ရလာသော ပင့်ဖလွိုက်သည် Meedle အယ်လ်ဘမ်ကို ၁၉၇၁၊ ဇန်နဝါရီ ၄ မှ မတ် ၂၁ အတွင်း အက်ဘီလမ်း စတူဒီယို၌ သွင်းယူခဲ့သည်။ ၁၉၇၂ တွင် LaValle ရုပ်ရှင်ဇာတ်ဝင်တေးဖြစ်သည့် ပင့်ဖလွိုက်၏ Obscured By Clouds ဆင်ဂယ်လ်ထွက်ရှိပြီး ဆောင်းရာသီတွင် ကမ္ဘာလှည့်ဂီတခရီး စတင်ပြန်သည်။ ယခင် အယ်လ်ဘမ်များထက် ရေး၊ ဆို၊ တီး သုံးနားညီ ပိုမိုပြည့်စုံကောင်းမွန်သော The Dark Side of the Moon အယ်လ်ဘမ် ၁၉၇၃ ၌ ထွက်ရှိရာ ပင့်ဖလွိုက်၏ ထာဝရ အရောင်းရဆုံး အယ်လ်ဘမ်တစ်ချပ်ဖြစ်လာသည်။ ၎င်းအယ်လ်ဘမ်အတွက် အမေရိကားမှ ပေးသော R.I.I.A ရွှေဓာတ်ပြားဆု ရရှိခဲ့သည်။ Dark Side of the Moon သီချင်းကို လကမ္ဘာ၏ နိုင်ငံတော်သီချင်းအဖြစ် ကြိုတင်ရွေးချယ်ခဲ့ကြသည်။ ၎င်းအယ်လ်ဘမ်မှ Money ဆင်ဂယ်လ်သီချင်းတွင် ငွေအကြွေစေ့များ ပြုတ်ကျသံကို ရောစပ်အသုံးပြုခဲ့ကြသည်။ ၎င်းဆင်ဂယ်လ်မှာ အမေရိကားတွင် နံပါတ် ၁၀ ချိတ်ခဲ့သည်။ ပထမအယ်လ်ဘမ်နှစ်ခုကို ပြန်ပေါင်းထားသည့် A Nice Dair နှစ်ချပ်တွဲ အယ်လ်ဘမ်ကို ဗြိတိန်၌ ဒီဇင်ဘာ ၈ တွင် ဖြန့်ချိခဲ့သည်။

၁၉၇၄ တွင် Time ဆင်ဂယ်လ်အမေရိကား၌ ထွက်ရှိရာ စာရင်းမချိတ်ခဲ့ပေ။ ထိုနှစ်အတွက် ပင့်ဖလွိုက်၏ ပြင်သစ်ခရီးစဉ်ကို GINI က တာဝန်ယူခဲ့သည်။ Wish you were here အတွက် ကမ္ဘာလှည့်ခရီးစဉ် ဒုတိယပွဲတွင် ပရိသတ်နှင့် တီးဝိုင်းကြား နံရံတစ်ခုတည်ဆောက်ရန် ရော်ဂျာဝါးတားက စိတ်ကူးရခဲ့ သည်။ ပွဲတစ်ပွဲတွင် စင်မြင့်ကို ဖုံးအုပ်ထားသည့် ဟီလီယံဓာတ်ငွေ့ပြည့် ပိရမစ်ကြီးပေါက်ကွဲလွင့်စဉ်ပြီး ကားများထားရာအနီးတွင် ကျသွားခဲ့ရာ ပရိသတ်များက အမှတ်တရ သိမ်းထားရန် အစစ ဆွဲဖြဲလုယူခဲ့ကြသည်။ ၁၉၇၆ ဧပြီတွင် Animals အယ်လ်ဘမ်အတွက် စတင်သွင်းယူစဉ် ဒေးဗစ်ဂယ်လ်မိုး၏ အိမ်ဖောက်ထွင်းခံရပြီး ဂစ်တာအခိုးခံခဲ့ရသည်။ သီချင်းငါးပုဒ်တည်းသာပါသော

Animals အယ်လ်ဘမ် ၁၉၇၇ တွင် ထွက်ရှိရာ အမေရိကား၌ ပလက်တီနမ် ဆု ရရှိခဲ့သည်။ ထိုကာလတွင် ပင့်ဖလွိုက်သည် တူရိယာများ အသံထွက် ကောင်းမွန်မှု၊ စင်မြင့်ပွဲများတွင် စက်မှ ဖွင့်ထားသည့်အလား အတိမ်းအစောင်း မရှိဘဲ ဖျော်ဖြေနိုင်မှုတို့ကြောင့် နာမည်ကြီးလေးစားခံနေရပြီ ဖြစ်သည်။ ရောင်စုံ မီးမောင်းများကိုလည်း အကွက်ကျကျသုံးစွဲတတ်သေးသည်။

၁၉၇၈ ဇန်နဝါရီတွင် ရော်ဂျာဝါးတားသည် ပင့်ဖလွိုက်သမိုင်း၌ ရာဇဝင်တွင်မည့် The Wall အယ်လ်ဘမ်အတွက် စတင်အကွက်ချနေပြီ ဖြစ် သည်။ လူ့အသိုင်းအဝိုင်း၏ ဆိုးမွေများကြောင့် စိတ္တဇဖြစ်ရသည့် လူငယ် လေးတစ်ဦး၏ ဘဝဖြစ်စဉ်ကို သီချင်းများဖြင့် ဆက်စပ်၍ အယ်လ်ဘမ်တစ်ချပ်စာ ရေးသားရန် စိတ်ကူးရလာသည်။ ၁၉၇၈ တွင် EMI မှ The Wall ထွက်ရှိပြီး Another Brick in the wall အပိုင်း ၂ ဆင်ဂယ်လ်ဗြိတိန်၌ ၁၉၇၉တွင် ထွက် ရှိသည်။ ယင်းမှာ ပင့်ဖလွိုက်၏ ပထမဆုံး နံပါတ်တစ်စွဲသည့် ဆင်ဂယ်လ် ဖြစ်၏။ ထို့နောက် The Wall နှစ်ချပ်တွဲ အယ်လ်ဘမ်နှစ်ကုန်ပိုင်း၌ ဖြန့်ချိ ခဲ့သည်။ ၎င်းအယ်လ်ဘမ်လည်း အမေရိကားမှာ နံပါတ်တစ်၊ ဗြိတိန်မှာ နံပါတ် ၃ ချိတ်ခဲ့သည်။ ၁၉၈၀ တွင် ခေတ်ပြိုင်အမေရိကန်၏ ဈေးကွက်၏ အကြာဆုံးရောင်းရသော Caroles King ၏ Tapestry စံချိန်ကို Pink Floyd ၏ Dark Side အယ်လ်ဘမ်က ကျော်ဖြတ်သွားခဲ့သည်။

၁၉၈၁ တွင် ဒါရိုက်တာအလန်ပါကာ၊ သရုပ်ဆောင် ဘော့ဂဲဒေါ့ဖ်တို့ ဖြင့် The Wall ကို ရုပ်ရှင်စတင်ရိုက်ကူးသည်။ နိုဝင်ဘာတွင် Pink Floyd ၏ အကျော်ကြားဆုံးတေးများကို ပြန်လည်စုစည်းထားသည့် A Collection of Great Dance Songs ထွက်ရှိခဲ့သည်။ ၁၉၈၂ တွင် The Wall ရုပ်ရှင် အတွက် နောက်ခံတေးများကို ပြန်လည်သွင်းယူ၍ တည်းဖြတ်ပြီး ကိန်းရုပ်ရှင်ပွဲ တော်၌ ပြသခဲ့သည်။ The Wall ၏ အောင်မြင်မှုထဲတွင် ပင့်ဖလွိုက်အဖွဲ့မှာ ထိပ်ဆုံးရောက်ခဲ့သည်။ ၁၉၈၃ တွင် The Final Cut အယ်လ်ဘမ်ထွက်ရှိသည်။ Dark Side မှာ ဗြိတိန်အရောင်းရဆုံး ၂၀၀ စာရင်းတွင် ၄၉၁ ပတ် စာရင်းချိတ် သွားသည်။ ၁၉၈၄ တွင် ဒေးဗစ်ဂယ်လ်မိုး၏ About Face ၊ ရော်ဂျာဝါးတား၏ And Cons of Hitchiking တစ်ကိုယ်တော် အယ်လ်ဘမ်အသီးသီး ထွက်ရှိကာ ကမ္ဘာ့လှည့်ပွဲများ စတင်သည်။

၁၉၈၅ တွင် ရော်ဂျာဝါးတားက မြောက်အမေရိကားသို့ လှည့်လည်ပြီး ဒေးဗစ်ဂယ်လ်မိုးက ဘရိုင်ယန်ဖယ်ရီနှင့် အတူ တွဲဖက်ဖျော်ဖြေသည်။ ဒီဇင်ဘာတွင် ရော်ဂျာဝါးတားက Pink Floyd ကို ကျောခိုင်းသွားပြီးနောက် ဂယ်လ်မိုးက ဆက်လက်ဦးဆောင်သည်။ ၁၉၈၇ တွင် ရော်ဂျာဝါးတား၏ Radio K AOS အယ်လ်ဘမ် ထွက်ရှိပြီး ပင့်ဖလွိုက်၏ A Momentary Lapse of Keason ထွက်ရှိလာသည်။ ၁၉၈၈ တွင် သူတို့အဖွဲ့သည် စပိန်၊ နယူးဇီလန်နှင့် နော်ဝေတို့တွင် ဖျော်ဖြေခဲ့သည်။ Dark Side သည် ၇၂၄ ပတ်ကြာမှ အရောင်းရဆုံး ၂၀၀ စာရင်းက ပြုတ်ကျသွားခဲ့သည်။ ၁၉၈၉ တွင် အရှေ့ဂျာမနီက ဘာလင်တံတိုင်းများ ဖြိုချ၍ နယ်နိမိတ်များ ဖွင့်လှစ်ခဲ့ရာ ပင့်ဖလွိုက်က မော်စကိုတွင် ၃ သောင်းခွဲရှိ ပရိသတ်ကို တစ်ပတ်ကြာ ညစဉ် ဖျော်ဖြေခဲ့ရသည်။ ပင့်ဖလွိုက်အယ်လ်ဘမ်ခုနစ်ခုကို စုစည်းထားသည့် စုံတွဲအယ်လ်ဘမ်သေတ္တာ ၁၉၉၂ ၌ ထွက်ရှိခဲ့ပြီး ၂နှစ်အကြာတွင် The Division Bell အယ်လ်ဘမ်ထွက်ရှိကာ Billboard အရောင်းစာရင်းတွင် နံပါတ်တစ် ၄ ပတ်ချိတ်ခဲ့သည်။ ပင့်ဖလွိုက်အဖွဲ့သည် နေ့မြင်ညပျောက် ဂီတဝိုင်းတစ်ဝိုင်း မဟုတ်သလို အလွယ်တကူနှင့် ဖြစ်ထွန်းလာသည့် လူပြိန်းကြိုက်အဖွဲ့မဟုတ်ကြောင်းကိုလည်း သူတို့ဖြတ်သန်းခဲ့ရာ သမိုင်းနှင့် သူတို့၏ဂီတများက သက်သေခံနေတော့သည်။ Dark Side နှင့် The Wall စသည့် သူတို့၏ အကောင်းဆုံးလက်ရာများသည် စိတ်ဝိညာဉ်ဖြင့်သာ ရနံ့ရှူရှိုက်နိုင်သော ဆိုင်ခီဒဲလစ်ပန်းပွင့်များပင် ဖြစ်ပေတော့သည်။

❖ ❀ ❖



# ကတ်ကိုဘိန်း

## (သို့မဟုတ်)

# ရှေ့ပြေးအလင်းရောင်



တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားရမယ့်အစား မီးရှို့ဖျက်ဆီး လိုက်တာက ပိုကောင်းလိမ့်မယ်။

**ကတ်ကိုဘိန်း**

အော်လ်တာနေးတစ်အဆိုတော်ကတ်ကိုဘိန်းသည် ကွယ်လွန်ခါနီး ၂ ရက်အလိုတွင် ခြောက်လုံးပြူးတစ်လက်ဖြင့် ဆီယက်တဲလ်မြို့နေအိမ်မှ ပျောက်သွားခဲ့သည်။ ထို့ နောက် သုံးရက်အကြာတွင် ကားဂိုဒေါင်အပေါ်ထပ်၌ မိမိကိုယ်ကို အဆုံးစီရင်ထားသော သူ့အလောင်းကို ရှာတွေ့သွားကြသည်။ ထို့နောက် သူ့အိမ်ရှေ့တွင် ပရိသတ်ငါးထောင်ခန့် စုရုံးရောက်ရှိလာကြပြီး ရုပ်အကၡိုများ မီးရှို့ကြ၊ ရဲများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ကြဖြင့် ကိုဘိန်းအတွက် ကြေကွဲပေါက်ကွဲထွက်ကြတော့သည်။ "ဂီတကို ဖန်တီးရတာရော ခံစားရတာပါ စိတ်မလှုပ်ရှားတော့တာ နှစ်အတော်ကြာခဲ့ပါပြီ။ ခင်ဗျားတို့ကို ဟန်ဆောင်ပြီး အရူးဆက်မလုပ်ချင်တော့ပါဘူး။ ဒါကြောင့် မေးမှိန်ပျောက်ကွယ်သွားရမယ့်အစား မီးရှို့ဖျက်ဆီးလိုက်ပါတယ်"မိမိကိုယ်မိမိ သတ်သေခါနီး ကတ်ကိုဘိန်း ရေးသားခဲ့သောစာကို ဇနီးဖြစ်သူ ကုတ်နီလပ်ဗ်က ငိုရှိုက်၍ ဖတ်ပြသည်။ စာထဲတွင် မိမိကိုယ်မိမိ မုန်းတီး၍ သတ်သေလိုက်ကြောင်းနှင့် ဇနီးနှင့် သမီးကလေးကို ချစ်ကြောင်းဖြင့် အဆုံးသတ်ထားသည်။ အဆုံးစီရင်ချိန်၌ သူ့အသက်မှာ ၂၇ နှစ်သာ ရှိသေး၏။

ကတ်ကိုဘိန်း၏ဘဝတစ်လျှောက်တွင် စိတ်ဝေဒနာများက ဖုံးလွှမ်းနေခဲ့သည်။ ကတ်သည် အိမ်ထောင်ကျိုးမိဘများမှ ပေါက်ဖွားလာရသည်။ သူ ခုနစ်နှစ်သားအရွယ်တွင် မိဘများ ကွာရှင်းခဲ့ကြသည်။ ကတ်ကိုဘိန်းကို ဆီယက်တဲလ်မြို့အနီးရှိ ဟိုကွီယမ်မြို့လေး၌ ၁၉၆၇၊ ဖေဖော်ဝါရီ ၂၀ တွင် မွေးဖွားခဲ့သည်။ မိဘများ ကွာရှင်းအပြီး၌ ကတ်သည် ဆွေမျိုးများအိမ်တွင် လှည့်လည်မှီခို

နေထိုင်ခဲ့ရသည်။ အခြေအနေမဲ့ဘဝဖြင့် တံတားတစ်ခုအောက်တွင် အိပ်ခဲ့ဖူးသည်။ အထက်တန်းကျောင်းသားဘဝတွင် အားကစားမလုပ်ဘဲ ပန်းချီဆွဲရင်း၊ ဒရမ်တီးရင်း အချိန်ကုန်လွန်ခဲ့သည်။ ရင်ကျပ်ပန်းနာရောဂါရှိသောကြောင့် ငယ်စဉ်ကတည်းက ဆေးလုံးသောက်သောအကျင့်ရလာပြီး ကြီးသောအခါ မူးယစ်ဆေးစွဲလာသည်။ ဂီတသမားအဖြစ် အောင်မြင်မှုမရခင် ချစ်သူ၏ အထင်သေးစွန့်ပစ်ခံရမှုကြောင့် နောင်အခါသူရေးစပ်သည့် သီချင်းများတွင် ဒေါသများ၊ နာကျည်းမှုများ ရောယှက်နေသည်ကို တွေ့မြင်နိုင်ပေသည်။

ကတ်ကိုဘိန်းသည် ထိုခေတ်က လွှမ်းမိုးနေသော ဟဲဗီးမက်တယ်သီချင်းများ၏ ဂစ်တာလက်စွမ်းပြမှု ဩဇာမှ ရုန်းထွက်နိုင်မည့် သီချင်းများကို စတင်ရေးသားခဲ့သည်။ အစတွင် သူသည် Grunge Metal ဟန်ဖြင့် ထိုးဖောက်ကြည့်သေးသည်။ ၁၉၈၈ တွင် Nirvana ၏ ပွဲဦးထွက် အယ်လ်ဘမ် Bleach ကို အသံသွင်းရာတွင် သိပ်မအောင်မြင်ချေ။ ထိုအယ်လ်ဘမ်တွင် Trash Metal ဟန်များ ရောယှက်နေ၍ ကိုယ်ပိုင်ဟန် သိပ်မထွက်သေးချေ။ ထို့အပြင် ကတ်ကိုဘိန်းမှာ သီချင်းရေးဆိုသာပြု၍ ဂစ်တာမတီးသေးချေ။ ထို့နောက် ကတ်ကိုဘိန်းသည် နည်းပညာဆန်မှုကို စွန့်လွှတ်ကာ ကိုယ်တိုင်ဂစ်တာဝင်တီးသည့် ဒုတိယအယ်လ်ဘမ် Nevermind ကျမှ အထူးအောင်မြင်ကာ အော်လ်တားနေးတစ်ဟန်သစ်သည် ကမ္ဘာတွင် သန္ဓေတည်လာသည်။ ထိုအယ်လ်ဘမ်၏ ဆင်ဂယ်လ်သီချင်း Smells Like Teen Spirit သည် လူငယ်များကြားရေပန်း စားလာခဲ့ပြီး ရုပ်သံများမှ နေ့စဉ်ပင် အချိန်တိုင်းလိုလို ထုတ်လွှင့်ပေးနေရသည်။ ယင်းအယ်လ်ဘမ်သည် လေးလအတွင်းချပ်ရေ ၂.၅ သန်း ရောင်းချခဲ့ရသည်။

ကတ်ကိုဘိန်း၏ သီချင်းတွင် ပါဝင်သော အကြောင်းအရာများမှာ စိတ်ရောဂါဆန်သော အဆိုးမြင်ခံစားမှုဆန်ဆန် အကြောင်းအရာများ ဖြစ်ကြသည်။ မည်သို့ဆိုစေ ကိုဘိန်းသည် တေးရေး ဖွဲ့မှုစွမ်းရည်ကောင်းသလို အက်ကွဲကြမ်းရှသော ဆိုဟန်ဖြင့် လမ်းသစ်ထွင်နိုင် ခဲ့သူဖြစ်သည်။ အားပြင်းပြင်း Metal သီချင်းများတွင် ပျောက်ဆုံးနေသည့် Mood တို့ Expression တို့ကို သူက Power လျှော့ချသောနည်းဖြင့် ပြန် လည်ဖော်ထုတ်နိုင်ခဲ့သည်။ ကော့ဒ်သုံးလေးခုသာပါရှိတတ်သည့် သူ၏ အော်လ် တာနေးတစ်သီချင်းများသည်

အချိုးဖျက်ထားသော ကွဲပြားသည့်ပုံစံဖြင့် ထွက် ပေါ်လာကြသည်။ သူ့ခေတ်သူ့ပတ်ဝန်းကျင်အပေါ် သူ့အမြင်ကို ထင်သည့် မြင် သည့်အတိုင်း ရေးသားထားသည့် သူ့ခံစားမှုတေးများသည် X မျိုးဆက် လူ ငယ်များအတွက် စံပြဖြစ်ခဲ့သည်။ သူ၏ သီချင်းများ အောင်မြင်လာသလို သူ၏ စိတ္တဇဝေဒနာလည်း တိုး၍ တိုး၍လာခဲ့သည်။Inutero အယ်လ်ဘမ် သွင်းအပြီး၌ ဆေးအလွန်အကျွံသုံးစွဲမှုဖြင့်ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံမှ ပြန် အဆင်းတွင် သေနတ်များကို ဝယ်ယူစုဆောင်းလာခဲ့သည်။

သူ၏ဇနီးမှာ Hole တီးဝိုင်းမှ အဆိုတော်ကုတ်နီလဗ်ဖြစ်သည်။ ၁၉၉၄ တွင် ကတ်သည် ဗိုက်နာရောဂါနှင့် စိတ်ကျရောဂါတိုးပွားလာပြီး စိတ်မတည် ငြိမ်မှု ပိုမိုများပြားလာသည်။ အိမ်ပေါ်တွင် သေနတ်များ အများအပြား တင် ဆောင်သည့်ကိစ္စအတွက်လည်း လင်မယားအချင်းချင်း စကားများကြရသည်။ ကတ်ကိုဘိန်းသည် မကွယ်လွန်မီ ခုနစ်လအလိုတွင် ဘိ(တ်)မျိုးဆက်ခေတ် စာရေးဆရာကြီး ဝီလျံအက်စ်ဘာရိုးထံ သွားရောက် တွေ့ဆုံခဲ့သည်။ ဝီလျံဘာရိုး သည် ဟဲဗီးမက်တယ်လ်ဆိုသည့် စကားလုံးကို တီထွင်၍ ဝတ္ထုထဲတွင် ထည့် သွင်းရေးသားခဲ့သူဖြစ်သည်။ ကတ်နှင့် ကုတ်နီလပ်ဗ်တွင် ဖရန်ဆက်ဘီးန်ခေါ် သမီးလေးတစ်ယောက် ရရှိလာသည်။ ထိုအချိန်တွင် လပ်ဗ်မှာလည်း သူ့နည်း နှင့်သူ အောင်မြင်နေသော ပန့်ခ်–ရော့ခ်အဆိုတော်တစ်ဦး ဖြစ်နေချေပြီ။ သူတို့ လင်မယားနှစ်ဦးစလုံးဆေးစွဲနေကြသည်ဟု ဂီတလောကတွင် သတင်းပျံ့နေသည်။ လပ်ဗ်ကတော့ ထိုသတင်းကို ငြင်းဆိုသည်။ သမီးလေးမျက်နှာမြင်ချိန်၌ ကတ် သည် ဆေးရုံသို့ သေနတ်ကြီးတကားကားဖြင့် ရောက်ရှိလာခဲ့သည် ဟုဆို၏။

ဖလန်ထည်အင်္ကျီကို ခံ့ခံ့မင်မင်ဝတ်ဆင်၍ ပေပေရေရေနေထိုင်သော ကတ်၏ဟန်သည် အော်လ်တာနေးတစ်ဂီတသမားများအတွက် လိုက်လံအတု ခိုးစရာ ဖြစ်စေခဲ့သည်။ ကတ်သည် ရောမမြို့တွင်လည်း ဆေးဝါးအလွန်အကျွံ သုံးစွဲ၍ သေလုမျောပါးဖြစ်ခဲ့ရသေးသည်။ သို့သော် ကတ်ကိုဘိန်းသည် မည် မျှ စိတ်ဖောက်ပြန်နေပစေ သီချင်းရေးဖွဲ့ရာတွင်တော့ ဖြောင့်ဖြူးကောင်းမွန်နေ စမြဲပင်။ သူမကွယ်လွန်မီ နယူးယောက်တွင် ဖျော်ဖြေအသံသွင်းယူခဲ့သည့် Unplugged in New York အယ်လ်ဘမ်တွင် သူ၏ သီဆိုတီးခတ်မှုအနုပညာ စွမ်းရည်ပြည့်ဝနေဆဲဖြစ်သည်ကို သုံးသပ်နိုင်သည်။ ယင်းအယ်လ်ဘမ်တွင်

ဒေးဗစ်ဘိုဝီ၏ **The Man Who Sold The World** သီချင်းကို အော်လ်တာနေးတစ်ဟန်ဖြင့် ပြန်လည်ဆန်းသစ်ထားသည်။ Where Did You Sleep Last Night မှာ ထင်ရှားသော ဘလူးစ်သီချင်းတစ်ပုဒ်ကို လှလှပပ မှီငြမ်းထားခြင်းဖြစ်သည်။ Grunge ဂစ်တာသံများ ဖုံးလွှမ်းနေသည့် အော်လ်တာနေးတစ်ဂီတကို ဟော်လိုဂစ်တာသံသန့်သန့်ဖြင့် တင်ပြထားသော ထိုအယ်လ်ဘမ်သည် ကမ္ဘာအနှံ့ ပျံ့နှံ့သွားခဲ့သည်။ ထို့နောက် မကြာမီ ၁၉၉၄ ဧပြီတွင် မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။ သူကွယ်လွန်ပြီးနောက် လျှပ်စစ်ဂစ်တာဖြင့် ဖျော်ဖြေသည့် စင်မြင့်ပွဲအယ်လ်ဘမ် From the Muddy Banks of Wishkah ထွက်ရှိလာသည်။

ကတ်ကိုဘိန်း ကွယ်လွန်ရခြင်းအကြောင်းတရားတွင် ငယ်စဉ်ကတည်းက သူ့ခံစားလာရသော စိတ်ဝေဒနာများသာမက အော်လ်တာနေးတစ်ဂီတ၏ ခရီးဆက်ရန် ထွက်ပေါက်ကင်းမဲ့မှုကလည်း အကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်သည်ဟု အချို့က သုံးသပ်ကြသည်။ ရှိရင်းစွဲပုံစံအားလုံးကို စွန့်ပယ်၍ မိမိကိုယ်ပိုင်ပုံစံဖြင့်သာ တည်ဆောက်သည့် အော်လ်တာနေးတစ်ဂီတသည် ရှေ့ဆက်သွားရန် နယ်နိမိတ်ကျဉ်းမြောင်းလာခဲ့သည်။ ထို့အတွက်ကြောင့် စိတ်ကျရောဂါ စွဲကပ်ကာ ကတ်ကိုဘိန်းဘဝနိဂုံးချုပ်သွားရခြင်းဖြစ်သည်ဟု အချို့က ယူဆကြသည်။ မည်သို့ပင်ဖြစ်စေ ကတ်ကိုဘိန်း၏ ပုံစံဟောင်းများအပေါ် ငြီးငွေ့လာတတ်မှုအမြင်ဖြင့် ရေးသားခဲ့သည့် အော်လ်တာနေးတစ် သီချင်းများသည် နောင်ဖြစ်ထွန်းလာမည့် ခေတ်သစ်ဂီတလမ်းကြောင်းအတွက် ရှေ့ပြေးအလင်းရောင်တစ်ခု ဖြစ်လာမည်ဟု မျှော်လင့်နိုင်ပေသည်။

❖ ❁ ❖

# ဖရန့်ဇက်ပါ

(သို့မဟုတ်)

# ဂီတပရော်ဖက်ဆာ



"သိပ္ပံပညာရှင်တွေက စကြဝဠာကြီးဟာ ဟိုက်ဒြိုဂျင်ဓာတ်နဲ့ ဖန်တီးထားတာလို့ ယုံကြည်ထားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစကြဝဠာမှာ ဟိုက်ဒြိုဂျင်ဓာတ်က အပေါများဆုံးမို့တဲ့။ ကျွန်တော်ကလည်း ထပ်ပြောပါရစေ၊ ဒီလောကမှာ အပေါများဆုံးက မိုက်မဲမှုပဲ"

**ဖရန့်ဇက်ပါ**

လူဆိုသည်မှာ လက်ခုပ်သံကို အမြဲဆာလောင်နေသော သဘောရှိတတ်ကြပါသည်။ သို့သော်လည်း လက်ခုပ်သံနောက်ကို အငမ်းမရလိုက်ကြရင်းနှင့် မိမိစွမ်းဆောင်ရမည့် လိုရင်းအဓိပ္ပာယ် ပျောက်ဆုံးသွားတတ်ကြပါသည်။ အနုပညာသမားတစ်ယောက်သည် ဖျော်ဖြေဖို့သာ လိုရင်းပဲလား။ ထိုအချက်မှာ သံသယဖြစ်စရာပင်။ လက်ခုပ်သံရဖို့သာ အဓိက၊ စိတ်ကျေနပ်မှုပေးရန် ဖျော်ဖြေနိုင်စွမ်းသာ လိုရင်းဟု ဆိုပါက အနုပညာသည် မျောက်ပွဲအဆင့်သို့ ကျဆင်းသွားမည် ဖြစ်သည်။ အခြားသူများ၏ နှလုံးသားများကို ကိုင်လှုပ်နိုင်ဖို့ ပုံသေနည်းဟောင်းများကို မလွှတ်တမ်း ရေလဲပုဆိုးလို သုံးစွဲကာ ဖြေဖျော်နေကြသူများသည် ငွေကြေးနှင့် ထင်ရှားမှုများမှာ အောင်မြင်သွားသလောက် အနုပညာသမားအချင်းချင်း လောကမှာကော အောင်မြင်သည်ဟု ပြော၍ ရနိုင်ပါရဲ့လား။ ဖျော်ဖြေရေးသမားလား၊ အနုပညာရှင်လား ဆန်းစစ်ကြည့်သင့်ပါသည်။ မိမိဖန်ဆင်းလိုက်သော အနုပညာပစ္စည်းတစ်ခုသည် ဖျော်ဖြေရေးပုံစံမဝင်သည့် အခါ မည်သို့ ယူဆသင့်ပါသလဲ။ မိမိခံစားမှုကို သစ္စာရှိမလား၊ ဖျော်ဖြေရေး ပုံစံ ပြင်ဆင်ပြောင်းလဲမလားဆိုသည့် ပြဿနာကို အနုပညာသမားတိုင်း တစ်ခါတစ်ရံ ကြုံတွေ့ကြရစမြဲ ဖြစ်သည်။ မိမိလုပ်ချင်တာကို လုပ်ရင်း အခြားသူများက နားလည်သွားကြမည်ဆိုလျှင် ပိုကောင်းမည် ထင်ပါသည်။ လေးစား၍ တီးသော လက်ခုပ်သံများဆိုလျှင် ပိုမိုအဆင်ပြေမည် ဖြစ်သည်။

ဂီတသမားများထဲတွင် ဖျော်ဖြေရေးမဆန်ဘဲနှင့် တီးသောလက်ခုပ်သံများကို ကမ္ဘာနှင့်အပြည့် ရရှိခဲ့သူတစ်ယောက် ရှိပါသည်။ ထိုသူမှာ ၁၉၈၈ တွင်

**ငရဲပြည်က ဂျပ်ဇ် (Jazz From Hell)** အယ်လ်ဘမ်ဖြင့် ဂရမ်မီဆု ရရှိခဲ့သူ သရော်စာဆန်သော ရော့ခ်ဂီတသမား **ဖရန့်ဇက်ပါ** ဖြစ်ပါသည်။ ဖရန့်ဇက်ပါကို ၁၉၄၀၊ ဒီဇင်ဘာ ၂၁ တွင် မေရီလန်းပြည်နယ်၊ ဘော်လ်တီမိုးမြို့၌ မွေးဖွားသည်။ ၁၀ နှစ်တွင် ဂီတကို စိတ်ဝင်စား၍ ဒရမ်စတီးခဲ့သည်။ ခေတ်ပေါ်ဂီတနှင့် ခေတ်သစ်ဂန္ထဝင်ပုံစံနှစ်မျိုးစလုံးကို လေ့လာခဲ့သည်။ ထိုကာလက ဓာတ်ပြားများတွင် တူရိယာသက်သက်ပုံစံများ၌ လေမှုတ်တူရိယာများက လွှမ်းမိုးထားခဲ့သည်။ ၎င်းတို့ကြားမှ ရှားရှားပါးပါး နားဆင်ရသော ဂစ်တာဆိုလိုများကို ဇက်ပါက သဘောကျသွားသည်။ “ငါ တကယ်တီးချင်တာ ဒါမျိုးပဲ၊ အဲဒီလို ဆူဆူညံညံ တီးချင်တာ”ဟု သဘောပိုက်မိ၍ အထက်တန်းကျောင်းသားဘဝတွင် တစ်ဒေါ်လာခွဲတန် ဂစ်တာလေးတစ်လုံး ဝယ်တီးခဲ့သည်။

ရည်မှန်းချက်ကြီးမားသူ ဇက်ပါသည် ဂစ်တာနှင့် ဒရမ်တီးကာ အနုပညာအလုပ်လုပ်၍ ငွေစုခဲ့ပြီး အသက် ၂၀ တွင် ကိုယ်ပိုင်စတူဒီယို ထူထောင်နိုင်ခဲ့သည်။ ကြော်ငြာအလုပ်၊ ရုပ်ရှင်နောက်ခံတီးပေးသော အလုပ်များ လုပ်ကိုင်ခဲ့သည်။ ၁၉၆၄ တွင် တီးဝိုင်းတစ်ခုကို ထိန်းချုပ်နိုင်ပြီး ကိုယ်ပိုင်သီချင်းများကို ဓာတ်ပြားသွင်းနိုင်သည့်အဆင့်ရောက်လာ၏။ ၁၉၆၅ တွင် **တီထွင်မှုမိခင်များ (The Mothers of Invention)** အဖွဲ့ကို ထူထောင်၍ လော့အိန်ဂျလိစ်ကလပ်တစ်ခုတွင် တီးခတ်ကြသည်။ ၁၉၆၆ တွင် ထိုဝိုင်း၏ Freak Out အယ်လ်ဘမ်ထွက်ရှိရာ အောင်မြင်မှု ရရှိခဲ့သည်။ ထိုအယ်လ်ဘမ်သည် အရှိန်ပြင်းစွာ ပေါက်သွား၍ ဇက်ပါမှာ ချက်ချင်း နာမည်ကြီးလာသည်။ ၁၉၆၇ တွင် ဇက်ပါသည် သူ့အဖွဲ့ကို နယူးယောက်သို့ ပြောင်းစေခဲ့ပြီး အနုပညာရှင်ရပ်ကွက်ဖြစ်သည့် ဂရင်းနှစ်ရပ်ကွက်တွင် ခြောက်လကြာ ဖျော်ဖြေပွဲများ လုပ်ခဲ့သည်။ ဂဲရစ်ဓာတ်ရုံတွင် တစ်ည နှစ်ပွဲတီးရာ ပရိသတ်ပြည့်လျှံခဲ့သည်။ သူ့ပရိသတ်ထဲတွင် ဂျင်မီဟင်းဒရစ်ကဲ့သို့ နာမည်ကျော်အနုပညာရှင်များလည်း ပါဝင်ကြ၏။ ထိုကာလမှာ ဗီယက်နမ်စစ် ဆန့်ကျင်ရေးအရှိန် မြင့်နေချိန်ဖြစ်သည်။ တစ်ညတွင် ဇက်ပါ၏ ဖျော်ဖြေပွဲတွင် အရက်မူးနေသော မရိန်းစစ်သားသုံးဦးက ကော်ပတ်ရုပ်လေးတစ်ရုပ်ကို လုံ့စွပ်နှင့် ထိုးသတ်ပုံတင်ဆက်ခဲ့ရာ အမေရိကန်လူထု၏ စစ်ဆန့်ကျင်ရေးအရှိန် ပိုမိုမြင့်မားလာစေခဲ့သည်။

အနုပညာလက်နက်ဖြင့် မိုက်မဲမှုများကို ဖယ်ရှားရန်မှာ ဇက်ပါ၏

ရည်မှန်းချက်ဖြစ်သည်။ "ရေဒီယိုက လွှင့်နေတဲ့ သီချင်းတွေဟာ ပရိသတ်ရဲ့ စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့အတွက် ကုစားဖို့ရာ ကျွန်တော် သီချင်းရေးနေခြင်း ဖြစ်ပါတယ်"ဟု ဇက်ပါက ရှင်းလင်းခဲ့သည်။ ၁၉၆၇ တွင် ဂန္ထဝင်နှင့် ခေတ်ပေါ်ဂီတကို ပေါင်းစပ်ပြထားသော **Lumpy Gravy** အယ်လ်ဘမ်ထွက်လာသည်။ ၎င်းမှာ ဇက်ပါ၏ ပထမဆုံးတစ်ကိုယ်တော် အယ်လ်ဘမ်ဖြစ်သည်။ ၁၉၆၈ တွင် **We're Only In It For The Money** အယ်လ်ဘမ်ထွက်ရှိသည်။ ၁၉၆၉ တွင် ထွက်ရှိသော **Uncle Meat** အယ်လ်ဘမ်တွင် ဇက်ပါသည် အတီးပညာကို လက်ကုန်ပြ၍ ဂီတမှတ်တိုင် စိုက်ထူခဲ့သည်။ ၁၉၆၉ တွင် တီထွင်မှုမိခင်များ ဝိုင်းကို ဖျက်သိမ်း၍ **Hot Rats**အယ်လ်ဘမ်ထွက်လာသည်။ ဇက်ပါ၏ အခြားသောဝါသနာမှာ ရုပ်ရှင်ရိုက်ခြင်းဖြစ်သည်။ ၁၉၇၁ တွင် သရုပ်လွှန်ပြကွက်များဖြင့် ဆန်းကြယ်စွာ ရိုက်ကူးထားသည့် **2000 Motels** ကားကို ရိုက်ကူးခဲ့သည်။ ထိုကားတွင် ဘီးတဲလ်စ်မှ ရင်ဂိုစတားက ပါဝင်ကူညီခဲ့သည်။

ဇက်ပါတို့အဖွဲ့ သွားလေရာသို့ လူငယ်များက တကောက်ကောက်လိုက်လာတတ်ကြသည်။ တစ်မြို့မှတစ်မြို့သို့ ကူးပြောင်း၍ပင် လိုက်လံအားပေးကြသည်။ "ပွဲတိုင်းမှာ ဒီမျက်နှာတွေပဲ တွေ့ရပါများတော့ ရင်းနှီးလာတယ်၊ လူငယ်တွေဆီက ပညာအများကြီးရတယ်။ ဘယ်တီးကွက်မှားနေတာ၊ ဘယ်နေရာ အံဝင်ခွင်ကျမဖြစ်တာတွေကို သူတို့ထောက်ပြမှ ကျွန်တော်တို့ သတိပြုမိတာတွေ ရှိတယ်"ဟု ဇက်ပါက ပြောကြားခဲ့သည်။ ဇက်ပါသည် တီးဝိုင်းကို ကောင်းစွာ လေ့ကျင့်ပေးနိုင်သည့် ခေါင်းဆောင်ကောင်းဖြစ်သည်။ အသံပိုင်းဆိုင်ရာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ အထောက်အကူများကိုလည်း ကောင်းစွာသုံးစွဲတတ်သည်။ သူ့ဝိုင်းမှ ဂီတသမားကောင်းများ မွေးထုတ်ပေးလေ့ရှိသည်။ စတီဗီဗိုင်းသည် သူ့လက်ထွက်ဖြစ်သည်။ အန်ဒရီယန်ဘလူး၊ လိုဝယ်ရော့၊ ဝါနာကက်ခရူလိုနှင့် တယ်ရီဘိုဇီယို စသည့် လူငယ်ဂီတသမားများကို မြေတောင်မြှောက်ပေးခဲ့သည်။

ဇက်ပါသည် သူရေးစပ်ထားသည့် သီချင်းပုဒ်ရေ ၅၀၀ ခန့်ကို ကွန်ပျူတာထဲ ထည့်သွင်း၍ ကျွမ်းကျွမ်းကျင်ကျင် တီထွင်ခန့်ခွဲသည်။ တစ်ခါတစ်ရံ ညမှ နံနက်မိုးအလင်းအထိ ဂစ်တာတီးလေ့ရှိသည်။ ဇက်ပါ၏ အယ်လ်ဘမ် ၆၅ ချပ်ခန့်အထဲမှ **One Size Fits All** (၁၉၇၅)၊ **Apostrophe 1** (၁၉၇၄)၊ **Zoot Allures** (၁၉၇၆)၊ **Live In New York** (၁၉၇၈)၊ **Lather**


(၁၉၇၈)၊ Sleep Dirt and Orchestral Favourites (၁၉၇၉)၊ Sheik Yerbouti (၁၉၇၃)၊ The Man From Utopia (၁၉၈၃)၊ Them Or Us (၁၉၈၄)၊ Jazz From Hell (၁၉၈၇) တို့မှာ ထင်ရှားသည်။ ဇက်ပါ၏ တီထွင်နိုင်မှုစွမ်းအားကြောင့် "ဂီတသမိုင်းတွင် ကုန်စည်အများဆုံး တင်သွင်းနိုင်သူ"အဖြစ် စတီဗီဗိုင်းက တင်စားချီးမွမ်းခဲ့သည်။ Them Or Us အယ်လ်ဘမ်တွင် ဂစ်တာသမားများ နှစ်သက်မည့် ဂစ်တာတီးဟန်များ၊ အသွင်ကွဲသည့် ဂီတကျောရိုးများ ပါဝင်သလို ဆန်းသစ်သောအဆိုသံများ၊ ဟာမိုနီများကို ထည့်သွင်းထားသည်။ ၁၉၈၈ တွင် ဂရမ်မီ ရရှိခဲ့သော Jazz From Hell တွင် သမားရိုးကျ ဂျပ်ဇ်များနှင့် လုံးဝဆန့်ကျင်သော တူရိယာသံချည်းသက်သက် ရွေ့လျားနေသည့် တေးအပိုင်းအစများ၊ ထူးခြား၍ စည်းဘောင်များကို ချိုးဖျက်ခွယူထားသော ရွေ့လျားမှုများကို တွေ့ရမည် ဖြစ်သည်။

ဇက်ပါသည် နိုင်ငံရေး၌လည်း စိတ်ပါဝင်စားသည်။ ၁၉၈၅ တွင် အမေရိကန် ဆီးနိတ်လွှတ်တော်တွင် ရော့ခ်ဂီတကို "ညစ်ညမ်းဂီတ"ဟု စွပ်စွဲ၍ ဆင်ဆာပြုလုပ်ရန် ကြိုးစည်မှုများကို အတိုက်အခံပြု ကန့်ကွက်သူများထဲတွင် အထင်ရှားဆုံးဖြစ်လာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခွင့်အရေးများနှင့် ပတ်သက်၍လည်း ဟောပြောစည်းရုံးသူအဖြစ် ထင်ရှားလာသည်။ ၁၉၈၉ တွင် ဥရောပ၌ ကွန်မြူနစ်စနစ် ပြိုကွဲသွားပြီးနောက် သူ့ပရိသတ်ဖြစ်သူ ချက်ကိုစလိုဗက်ကီးယားသမ္မတ ဗက်လက်ဟောဗယ်က ဇက်ပါကို စီးပွားရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ဖိတ်ကြားကာ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သံအမတ်အဖြစ် ခန့်အပ်ခဲ့သည်။ "အမေရိကန်လူမျိုးတွေက တကယ့်သရုပ်မှန်ကို ရှောင်လွှဲချင်ကြတယ်။ ကျွန်တော်ကတော့ အရှိကို အရှိအတိုင်း မြင်တတ်ဆက်ဆံတတ်အောင် နေထိုင်ခဲ့တယ်။ သရုပ်မှန်တာကိုပဲ ကြည့်တယ်၊ ခံစားတယ်၊ အနုပညာရဲ့ ရိုးသားဖြူစင်မှုအတိုင်းပဲ ကျင့်ကြံခဲ့တယ်"ဟု ၁၉၈၂ တွင် ပြောကြားခဲ့သည်။

၁၉၉၀ တွင် သူ့၌ ကင်ဆာရောဂါရှိနေသည်ကို သိရှိသွားခဲ့သည်။ သို့သော် ဇက်ပါက ရောဂါကို ဂရုမစိုက်ဘဲ Make A Jazz Noise Here (၁၉၉၁)၊ The Best Band You Never Heard In Your Life (၁၉၉၂)၊ The Yellow Shark အယ်လ်ဘမ်များကို ကွယ်လွန်ချိန်အထိ ထုတ်သွားခဲ့သည်။ သူ၏

နောက်ဆုံး The Yellow Shark အယ်လ်ဘမ်တွင် သူကာလရှည်ကြာ ရှာဖွေသိမ်းခဲ့သော အနုပညာများကို အိတ်သွန်ဖာမှောက် တင်ဆက်၍ နှုတ်ဆက်သွားခဲ့သည်။ ဇက်ပါ၏ ဂီတသည် နားဆင်သူကို “ဘာကြီးလဲ”ဟု စူးစမ်းလိုစိတ်ဖြစ်ပေါ်စေခြင်းအားဖြင့် ဖမ်းစားသည်။ သူ၏ ဂီတသည် ထူးလွန်း၍ နားမလည်သူများက ရှုးသည်ဟု ပြောရလောက်သည့် Fusion ဂီတမျိုးဖြစ်သည်။ ဇက်ပါ၏ တူရိယာတီထွင်စမ်းသပ်ချက်၊ တမင်တကာလုပ်ထားသည့် အမှားများ၏ ကျေးဇူးကြောင့် နှောင်းခေတ်ဂစ်တာသမားများ လွယ်ကူစွာ လမ်းပိုရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဖရန့်ဇက်ပါ၏ ဂီတသည် နားမလည်က ဆဲလောက်သည် ဖြစ်သလို၊ နားလည်ခံစားလာနိုင်သည့် အချိန်တွင် ဦးညွှတ်အလေးပြုလောက်သည့် **တီထွင်မှုဦးစားပေးဂီတ** ဖြစ်သောကြောင့် သူ့ကို “ဂီတပရော်ဖက်ဆာ”ဟု ခေါ်ဆိုလျှင် သင့်တော်မည် ဖြစ်ပါသည်။

❖ ❀ ❖



# ရန်းနီး

## (သို့မဟုတ်)

# ခမ်းနားသောအိပ်မက်



"ပရိသတ်ရဲ့အာရုံကို အသံသစ်များနဲ့ ဖွင့်ပေးနိုင်ဖို့ ကျွန်တော် ကြိုးပမ်းနေပါတယ်"

**ရန်းနီး**

“ကမ္ဘာ့ဂီတ”ဟူသော ဝေါဟာရအပေါ် အချို့က အမြင်လွဲနေကြသည်။ အနောက်တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်း နည်းစနစ်များကိုသာ ကမ္ဘာ့ဂီတဟု အချို့က ထင်မှတ်မှားနေကြသည်။ အရှေ့တွင်လည်း အသံမရှိသလော။ နည်းစနစ်မရှိသလော။ အငြင်းပွားချင်စရာပင်။ တကယ်တော့ ကမ္ဘာတစ်ဝန်းရှိ ပြည့်စုံကောင်းမွန်သော ဂီတအယူအဆများကို ပေါင်းစပ်ထားသည့် နိုင်ငံတကာ ဂီတနည်းစနစ်များရှိပြီး ဖြစ်သည်။ ထိုနိုင်ငံတကာနည်းစနစ်များ ကို အခြေခံ၍ မိမိဒေသ (သို့မဟုတ်)မိမိ၏ ကိုယ်ပိုင်ခံစားမှုကို သီကုံးဖွဲ့နွဲ့ခြင်းသည် ကမ္ဘာ့ဂီတဖြစ်သည်။ နည်းစနစ်ကတော့ ကမ္ဘာ့နည်းစနစ်၊ ခံစားမှုကတော့ ဇာတိရနံ့ (သို့မဟုတ်) မိမိ၏ အတ္တဖြစ်ရမည်။ နံရံများ လင်းပွင့်လာသောကြောင့် ရိုးရာဂီတများလည်း အရေးပါလာမည်ဖြစ်သည်။ သို့သော် တိုးတက်သော ရိုးရာရနံ့ ဖြစ်ရမည်။ နွားနဲ့ လယ်မထွန်ဘဲ ထွန်စက်နှင့် ထွန်ခြင်းမျိုး။ မိမိလူမျိုး၏ ရနံ့တွင်မက ကမ္ဘာအသီးသီးရှိ ရိုးရာအသံများ၊ နည်းစနစ်များပါ ယနေ့ခေတ် ဂီတဖွဲ့သူနှင့် သက်ဆိုင်လာသည်။ ထိုကဲ့သို့ နံရံများလင်းပွင့်လာချိန်တွင် တူရိယာတေးသွားသက်သက်ဂီတကို ကြည်လင်လန်းဆန်းစွာ အကောင်အထည်ဖော်နေနိုင်သူမှာ ဂရိဂီတစာဆို ရန်းနီး **(Yanni)** ပင် ဖြစ်တော့သည်။

ဂန္ထဝင်ဂီတကို လိုက်စားသူ နှောင်းခေတ်ဂီတပညာရှင်များသည် အသစ်ဖန်တီးမှု မရှိသလောက် ဖြစ်နေကြသည်။ အများစုမှာ မိုးဇတ်၊ ဗီသိုဗင် စသည့် ဂန္ထဝင်ဂီတစာဆိုကြီးများ၏ တေးသွားများကို စုရုံး၍ ကောင်းသထက် ကောင်းအောင် တီးခြင်းအလုပ်၌သာ မွေ့လျော်နေကြသည်။ အချို့ကမူ ထိုတေးသွားများကို မှီငြမ်း၍ အချိုးပြောင်းဖွဲ့ဆိုခြင်းများ ပြုလုပ်နေကြသည်။ ဂန္ထဝင် ဂီတ

ဆိုသည်မှာ လိုက်စားဖို့သာ ဖြစ်သည်၊ ဖန်တီးရန်မဟုတ်ဟု ယူဆနေကြပုံရသည်။ ထိုကဲ့သို့သော အခြေအနေတွင် ရန်းနီးက သူ၏ရိုးရှင်းလှပသော တေးသွားလေးများကို ဂန္ထဝင်ဂီတဖွဲ့ဟန်ဖြင့် တန်ဆာဆင်ကာ လမ်းဟောင်းမှ ဖောက်ထွက်နိုင်ခဲ့ပေသည်။ ရန်းနီး၏ ဂီတဟန်တွင် ဂရိ၊ အာရေဗီယံ၊ တရုတ်၊ အိန္ဒိယ၊ အာဖရိက စသည့် ရိုးရာရနံ့များ ရောစပ်နေသလို ကိုယ်ပိုင်ဟန်အပြည့်ပါသော စန္ဒရားသံများကိုလည်း နားဆင်နိုင်ကြမည်ဖြစ်သည်။ ရိုးစင်းသော တေးသွားလေးများကို အနီးအဝေးထုထည်သဘောဖြင့် အရှိန်မြှင့်ပြီး ထိပ်ဆုံးရသသို့ ခေါ်သွားနိုင်စွမ်းကို သူ၏ဂီတဟန်တွင် တွေ့မြင်နိုင်သည်။

ရန်းနီးကို ၁၉၆၄ တွင် ဂရိတောင်ပိုင်း လာမာတာ၌ မွေးဖွားခဲ့သည်။ အသက် ၁၈ နှစ်၌ အမေရိကန်သို့ ပြောင်းရွှေ့ခဲ့သည်။ မင်နီဆိုတာ တက္ကသိုလ်၌ စိတ်ပညာဖြင့် ဘွဲ့ရရှိခဲ့သည်။ ရန်းနီးသည် ငယ်စဉ်ကပင် ဂီတကို ကျွမ်းဝင်ရင်းနှီးခဲ့သည်။ ရေဒီယိုမှ လာသော သီချင်းကို မိမိကိုယ်ပိုင်ကော်တဖြင့် ချက်ချင်း မှတ်သား၍ လက်တန်းပြန်လည်တီးခတ်ပြနိုင်ခဲ့သည်။ ထို့နောက် ဂန္ထဝင်ဂီတစာဆိုကြီးများဖြစ်သည့် ဗီသိုဗင်၊ မိုးဇတ်၊ ဘတ်ချ်တို့၏ ဂီတများက သူ့ကို လွှမ်းမိုးခဲ့သည်။ "ကျွန်တော်ကြီးလာတော့ ဝမ်းစာကောင်းကောင်းရခဲ့ပြီ။ ဂရိဟာ ရော့ခ်အင်ရိုးသာ အဓိကဖြစ်နေတဲ့ အမေရိကားနဲ့ မတူ ကွဲပြားပါတယ်။ ကျွန်တော့်အဖို့တော့ ရော့ခ်အင်ရိုးဟာ ယန္တရားဆန်တဲ့ ဂီတမျှသာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ရှင်သန်လာတာကတော့ အမျိုးသားဂီတပါ။ ရော့ခ်အင်ရိုးနည်းနည်းနားထောင်ဖူးပါရဲ့။ဒါပေမဲ့ပိုမိုတိုးတက်တဲ့ဝိုင်းတွေဖြစ်တဲ့ Genesis, Yes, Jethro Tull, ELP စတဲ့ ဝိုင်းတွေဘက်ကို ကျွန်တော် ပိုတိမ်းညွှတ်တယ်" ဟု ရန်းနီးက ငယ်ဘဝကို ပြောပြခဲ့၏။ သူသည် Chaneleon အမည်ရ ရော့ခ်ဝိုင်းတွင် အဖွဲ့ဝင်တေးရေးအဖြစ် ပါဝင်ခဲ့သေးသည်။ ၁၉၈၄ တွင် တစ်ကိုယ်တော် အယ်လ်ဘမ် Optmi - Stique ကို စတင်ထုတ်ဝေသည်။ ဆင်ဖိုနီသံစုံတီးဝိုင်းကြီးများကို လျှပ်စစ် ပီယာနို၊ ကီးဘုတ် စသည်တို့ဖြင့် ပေါင်းစပ်ပေးခဲ့သည်။ အရှေ့ပိုင်းနှင့် အရှေ့အလယ်ပိုင်း ဂီတတို့၏ စကေးနှင့် ရစ်သမ်များကိုလည်း ဂရိဂီတထဲသို့ တင်ပို့တတ်သေးသည်။ ကမ္ဘာလှည့် ဖျော်ဖြေပွဲတိုင်းတွင် တစ်ပွဲနှင့်တစ်ပွဲ မတူညီသော သံစုံတီးဝိုင်းကြီးများကို ခေါ်ဆောင်သွားလေ့ရှိသည်။

"သံစုံတီးဝိုင်းတစ်ခုမှာ ဘယ်လောက်ကောင်းတဲ့ တီးမှုတ်သူတွေ ရှိတယ်

ဆိုတာ အဓိကမဟုတ်ဘူး။ တကယ်လို့ သူတို့ဟာ နှစ်ခါလောက်ပဲ စုပေါင်းတီးမှုတ်ဖူးလို့ရှိရင် အကြိမ်ခြောက်ဆယ်လောက် ဆုံဆည်းဖူးသူတွေလောက်တော့ ကောင်းမှာ မဟုတ်ဘူး။ ဒါကြောင့် နှစ်စဉ် ကိုယ်ပိုင် ကျင့်ထားတဲ့ ဝိုင်းပဲ ကျွန်တော် ခေါ်သွားချင်တယ်”

အနုပညာအာရုံသည် သော့ချက်ဖြစ်ကြောင်းကို ရန်းနီး ယုံကြည်သည်။ သူ၏ တေးသွားအပိုင်းအစလေးများကို လူအများ စတင်နှစ်သက်စပြုလာသည်။ ၁၉၈၈ တွင် The Best of Yanni အယ်လ်ဘမ်ထွက်ရှိလာသည်။ ရန်းနီး၏ တေးသွားများမှာ နားဆင်သူများကို အာရုံဝင်စားမှုနှင့် ကြည်လင်မှုတို့ ပေးစွမ်းသည်။ “ဂီတဖွဲ့ရာမှာ ဘာဖိစီးမှုမှ မထားဘူး။ ပိုက်ဆံရမလားလည်း မစဉ်းစားဘူး။ တေးသွားပြေပြစ်ရင် ကျွန်တော်လည်း ကြိုက်မယ်ဆိုရင် ဒီသီချင်းကောင်းတယ်လို့ ယူဆမယ်” ကီးဘုတ်၏ သာယာသောသံစဉ်နှင့်အတူ သံစုံတီးဝိုင်း၏ ထုထည်ကြီးမားသောအသံများက ခံစားသူရင်ထဲ ငြိမ့်ညောင်းစွဲငြိစေသလို ပြင်းထန်ထိမှန်စေသည့် ရသနှစ်မျိုးကို တွဲဖက်ပေးရန် သူရည်ရွယ်ထားသည်။ သူ၏ Winter Light ၊ Devotion စသည့် တေးသွားများ သက်သက် အယ်လ်ဘမ်များလည်း ပရိသတ် ရလာသည်။

ရန်းနီး၏ စင်မြင့်ပွဲများကို အသံဖမ်း၍ ဓာတ်ပြားပြန်ထုတ်သလို ဂီတဗီဒီယိုအဖြစ်လည်း ကမ္ဘာကို ပျံ့နှံ့စေခဲ့သည်။ သူ၏ဂန္ထဝင်တွင်မည့် ပွဲများထဲတွင် အရေးအပါဆုံးမှာ ၁၉၉၄ ခုနှစ် စက်တင်ဘာလက သူ့မွေးရပ်မြေ ဂရိမှ အေသင်အရပ်တွင် မြေဝိုင်းတင်ဆက်ခဲ့သည့် ပွဲဖြစ်သည်။ ၎င်းဆယ်ခုမြောက် အယ်လ်ဘမ်ဖြစ်လာမည့် စင်မြင့်ပွဲကို အေသင်မြို့ရှိ (လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ လောက်က ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားခဲ့သော) Heroid Atticus ဇာတ်ရုံကြီးတွင် ပရိသတ်ထောင်ပေါင်းများစွာကို ဖျော်ဖြေ၍ တိုက်ရိုက်အသံသွင်းခဲ့သည်။ တော်ဝင်ဖီလာဟာမိုးနစ် ကွန်ဆတ်သံစုံဝိုင်းကြီးနှင့် တင်ဆက်ခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် PBS ရုပ်သံမှ လွှင့်ပေးခဲ့ရာ အမြတ်အစွန်းများစွာ ရရှိခဲ့သည်။

“ကျွန်တော့်ဂီတလုပ်ငန်းအတွက် အကြီးမားဆုံးပြဿနာက ကျွန်တော် ဘာလုပ်နေတယ်ဆိုတာ ပရိသတ်သိအောင် တင်ပြရတဲ့ ကြားခံနယ်အခက်အခဲပဲ။ တကယ်လို့ ရုပ်သံက ကျွန်တော့်ဂီတပွဲကို လွှင့်မပေးတော့ရင် ရေဒီယိုက

ကျွန်တော့်ဂီတကို မလွှင့်ပေးတော့ဘူးဆိုရင် ခါတ်ပြားထုတ်လုပ်မှုကသာ ကျွန်တော်လက်ရာကို ပရိသတ်ထံ အရောက်ပို့ပေးနိုင်မယ့်နည်းလမ်း ဖြစ်လာမှာပါ”ဟု သူရှင်းပြခဲ့သည်။ ယင်း Live at the Acropolis အယ်လ်ဘမ်ကို ၁၉၉၄ မတ်လတွင် ထုတ်ဝေခဲ့ရာ တစ်လခွဲအကြာတွင် အယ်လ်ဘမ်နှင့် ဗီဒီယိုနှစ်ခုစလုံး ပလက်တီနမ်ဆု ချိတ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ချပ်ရေ သုံးသန်းကျော် ရောင်းချခဲ့ရ၏။ ထိုပွဲတွင် တယောပညာရှင်များကလည်း ရန်းနီး ဉာဏ်ကွန့်မြူးသလောက် အမီလိုက်လံ လက်စွမ်းပြနိုင်သည်ကို ရင်သပ်ရှုစားကြရသည်။ ယင်းဂီတပွဲတင်ဆက်ရန် ၂နှစ်မျှ ပြင်ဆင်ခဲ့ရသည် ဆို၏။ ထို့နောက် ကမ္ဘာ့နေရာကြီးများ ဖြစ်ကြသည့် တရုတ်ပြည်မှ မဟာရံတံတိုင်း၊ အိန္ဒိယမှထပ်ဂျ်မဟာတို့တွင် သွားရောက်ဖျော်ဖြေသည့် ဂီတပွဲများကို စုစည်းထားသော Tribute အယ်လ်ဘမ် ထပ်မံ ထွက်ပေါ်လာသည်။


အော်လ်တာနေးတစ် ၊ ပေါ့ပ်၊ ရော့ခ်၊ ရက်ပ် စသည့် နေ့မြင်ညပျောက် ဂီတရေစီးကြောင်းထဲတွင် ခေတ်သစ်ဂန္ထဝင်ဆန်သည့် တူရိယာတေးသွားသက်သက် လမ်းကြောင်းဖြင့် ရန်းနီး ကူးခပ်လာခဲ့သည်မှာ ချီးကျူးစရာပင်။ **မိုးရွာမှဖြစ်မယ်၊ လူတစ်ယောက်ရဲ့အိပ်မက်၊ နေထွက်ပြီးနောက်၊ ခါတ်ပုံထဲကမျက်နှာ၊ မူလအမှတ်** ဤသည်တို့မှာ ရန်းနီး၏ တေးသွားခေါင်းစဉ်လေးများဖြစ်ကြသည်။ “တကယ်လို့ သီချင်းတွေဟာ နားဆင်သူအတွက် အဓိပ္ပာယ်တစ်စုံတစ်ခု ရစေတယ်ဆိုရင် ဒီသီချင်းရဲ့ စာသား၊ သံစဉ် တစ်ခုခုဟာ နားဆင်သူရဲ့ ခံစားမှုနဲ့ ဆက်နွယ်နေလို့ပါပဲ။ ဒီလို သီချင်းမျိုးကတော့ နားထောင်လေလေ ပိုပြီး နားထောင်ချင်ဖြစ်ရလေလေပါပဲ။ ဘာကြောင့်လဲဆိုတော့ ရေးဖွဲ့သူက အမှန်တရားကို ပြောပြနေတာဖြစ်လို့ပါ” ဆိတ်ငြိမ်သောကာလတွင် ပျံ့လွင့်လာမည့် ရန်းနီး၏ တေးသံများသည် ဝေဒနာအမှန်ကို ပြောပြနေမည့် ခမ်းနားသော အိပ်မက်များပင် ဖြစ်ပေတော့သည်။

❖ ✾ ❖

# ဂျိုးစထရီယာနီ

(သို့မဟုတ်)

# ဂစ်တာနှင့် စကားပြောသူ



“ကျွန်တော့်တီးလုံးတွေဟာ ကျွန်တော့်ခံစားမှုတွေပဲ။ အဲဒီခံစားမှုတွေကို ဂီတအဖြစ် ကျွန်တော်ဘာသာပြန်ပေးလိုက်တယ်”

**ဂျိုးစထရီယာနီ**

ရော့ခ်ဂစ်တာသမားအဖြစ် အသိအမှတ်ပြုခံထားရသည့် တူရိယာတေး သွားသက်သက်ပညာရှင် ဂျိုးစထရီယာနီက ၁၉၈၅ တွင် ဂျပ်ဖ်နှင့် ဘလူးစ် ဟန်များကို ပေါင်းစပ်ထားသည့် Joe Satriani အယ်လ်ဘမ်ကို ထုတ်ဝေလိုက်ရာ ရော့ခ်ဂီတလောကတစ်ခုလုံး တုန်လှုပ်သွားကြရသည်။ သူ့ကို ရော့ခ်ဂစ်တာသမား အဖြစ်သာ တရားသေသတ်မှတ်သွားကြသော ရော့ခ်ပရိသတ်က ပြစ်တင်ရှုတ် ချခဲ့သည်။ မည်သို့ပင်ဆိုစေ ဂျိုး၏ ရဲရင့်သော ပြောင်းလဲမှုဖြစ်သည့် ထိုအယ်လ် ဘမ်မှာ အောင်မြင်ခဲ့ပါသည်။ ရော့ခ်ဂီတလောကကြီး အပ်ကြောင်းထပ်၍ ငြီး ငွေ့ဖွယ်ဖြစ်နေချိန်တွင် စထရီယာနီက ဖျူးရှင်းဂီတနယ်ပယ်ထဲသို့ ကူးပြောင်း ၍ မိုးကုပ်စက်ဝိုင်းအသစ် ရှာဖွေပေးခဲ့သည်။ “တူရိယာတေးသွားသက်သက် ပညာရှင်အရေအတွက်ထက်စာရင် နာမည်ကျသွားတဲ့အဆိုတော်နဲ့ တီးဝိုင်းဦး ရေက ပိုများတယ်။ ပုံသေနည်းတွေသုံးပြီး သေချာပေါက်ရောင်းလောက်တဲ့ ခပ်မိုက်မိုက်အဆိုတော်နဲ့ တီးဝိုင်းတွေကို ဓာတ်ပြားတိုက်ကြီးတွေက မွေးထုတ် ပေးနေကြတယ်။ ပြီးတော့ ဘာမှလည်း ဖြစ်မလာပါဘူး”ဟု ဂျိုးကရော့ခ် လောကအပေါ် ငြီးငွေ့မှုကို ရှင်းပြခဲ့သည်။

ဂျိုးစထရီယာနီသည် ပရိသတ်လိုက်ဆိုညည်းနိုင်လောက်အောင် ကောင်းမွန်သော ဂစ်တာတေးသွားများကို နားဝင်ချိုအောင် သွက်လက်စွာ တီးပြနိုင်သူဖြစ်သည်။ သူ၏ ကျယ်ပြန့်သောလက်ကွက်နည်းစနစ်များ၊ ဟာမိုနီ ဆိုင်ရာတွေ့ရှိမှုများ ပါဝင်သည့် ဂစ်တာဟန်ကြောင့် ၁၉၈၀ ခုနှစ်များ၏ အရေးပါဆုံးဂစ်တာသူရဲကောင်းတစ်ဦး ဖြစ်လာခဲ့တော့သည်။ သူ၏ တူရိယာ

သက်သက်ဂစ်တာတေးသွားများ၏ အောင်မြင်မှုက တူရိယာသက်သက် ဂီတများကို စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားစဖွယ် စီးပွားရေးဈေးကွက်အဖြစ် မြှင့်တင်ပေးခဲ့သည်။ ဂစ်တာသမားအနည်းငယ်လောက်သာ ထိုကဲ့သို့ ဝိုင်းတစ်ဝိုင်း၏ အပြင်ဘက်မှ တစ်ကိုယ်တော်အောင်မြင်ပြီး ဩဘာပေးခံကြရခြင်း ဖြစ်ပါသည်။

စထရီယာနီကို နယူးယောက်မှာ မွေးဖွားခဲ့ပြီး အသက် ၁၄ နှစ်အရွယ်တွင် ဂစ်တာကို ကိုင်စွဲခဲ့သည်။ တစ်နှစ်အတွင်းမှာ အခြားဂစ်တာသမားများကို သင်ခန်းစာပေးနိုင်သည့်အဆင့်အထိ ကျွမ်းကျင်လာခဲ့သည်။ သူ၏ ပထမဆုံး သင်တန်းသားများထဲတွင် Long Island ၌ နေထိုင်သော **စတီဗီဗိုင်း**မှာ ကျော်ကြားလာခဲ့သည်။ ၁၉၇၁ နှောင်းပိုင်းတွင် စထရီယာနီသည် ကယ်လီဖိုးနီးယား မြောက်ပိုင်းကို ပြောင်းရွှေ့ခဲ့ပြီး ဆန်ဖရန်စစ္စကိုပင်လယ်အော်ဒေသတွင် အခြေချခဲ့သည်။ ထိုအချိန်ကာလအတွင်း သူသည် ဂစ်တာနှင့် စကားပြောနိုင်ခဲ့ပြီး အနာဂတ်ဂီတလောက၏ အမှတ်အသားများ ဖြစ်လာမည့် ကပ်ဟမ်းမက်၊ အဲလက်စကွိုင်နစ် စသူတို့အတွက် သင်ခန်းစာများ ပေးခဲ့သည်။

၁၉၈၅ မှာ စထရီယာနီသည် Rubina အမည်ရ ဓာတ်ပြားကို ထုတ်လွှင့်ခဲ့သည်။ သို့သော် ပရိသတ်အနည်းငယ်သာ ရရှိခဲ့သည်။ စိတ်ပျက်သွားခြင်းမရှိသော စထရီယာနီသည် သူ၏နောက်ထပ်ဓာတ်ပြား Not of This Earth ကို ထုတ်လွှင့်ရန်အတွက် အကြွေးဝယ်ခွင့်ကပ်ပြားကိုပင် အသုံးပြုခဲ့ရသေးသည်။ ထိုသန့်စွမ်းပြီး ဖျူးရှင်းအခြေခံသည့် ကြိုးပမ်းမှုကြောင့် နောက်ဆုံးတွင် သူ၏ သာမန်ထက် ပိုကောင်းမွန်လှသည့် ဂစ်တာနည်းစနစ်များကို ဂစ်တာသမားများက ဩဘာပေးချီးမွမ်းရတော့သည်။ သူ၏နည်းစနစ်များတွင် ခေတ်မီသည့် ဘလူးစ်စကေးလုပ်ရပ်များမှစ၍ လက်ဂေတိုနှင့် ထရီမိုလို လက်ဟန်များအပြင်၊ လက်နှစ်ဖက်သုံးသည့် Tapping တီးဟန်များ၏ ပြေးလွှားနိုင်မှုတို့ အထိပါဝင်ကြသည်။ ထိုအချိန်တွင် ဒေးဗစ်လီဝုဒ်၏ ဝိုင်းတော်သား ဖြစ်နေသူ တပည့်ဟောင်း စတီဗီဗိုင်းက ဂျိုးကို Realativity Records ဓာတ်ပြားတိုက်နှင့် ဆက်သွယ်ပေးခဲ့သည်။ ထိုဓာတ်ပြားတိုက်မှ သူ၏ Not Of This Earth ကို ၁၉၈၆ နိုဝင်ဘာတွင် ထုတ်လွှင့်ပေးခဲ့သည်။

Not Of This Earth အတွက် ဂျိုးသည် ဂစ်တာကို ဆန်ဖရန်စစ္စကို၌ ကျော်ကြားနေသူ ဂရက်ချ်ကင်နှင့် တွဲဖက်တီးခတ်ခဲ့ပြီး Surfing With The

Alien အယ်လ်ဘမ်အတွက် လိုင်းသစ်များကို စတင်သွင်းယူခဲ့သည်။ ၁၉၈၇ အောက်တိုဘာတွင် ဖြန့်ချိခဲ့သည်။ ၎င်း Surfing အယ်လ်ဘမ်သည် အချိန်တိုင်းမှာ အရောင်းရဆုံး ဂစ်တာ တူရိယာအယ်လ်ဘမ်အဖြစ် အောင်မြင်လာခဲ့ပြန်သည်။ Surfing သည် ရေဒီယိုလိုင်းများတွင် အခေါက်ခေါက်အခါခါ အသံလွှင့်ခံရပြီး ဂျိုးကို အဆင့်မြင့် ဂစ်တာသမားတန်းသို့ ရောက်ရှိစေခဲ့သည်။ ထိုအချိန်က စထရီယာနီသည် ဖျူးရှင်းဟန်များကို ချပ်လှပ်ထားကာ ရော့ခ်ဂီတ၏ အသံကို တစိုက်မတ်မတ် လက်ခံလိုက်ခြင်းဖြင့် သူ့ရှေ့မှ ဂစ်တာသမားများထံမှ ခွဲထွက်ခဲ့သည်။ ယင်းအယ်လ်ဘမ်၏ ဂစ်တာလမ်းကြောင်းတွင် တယောဆန်သည့်တို့ထိ တီးဟန်များ၊ စိတ်ကူးဝင်စား အားစိုက်မှုများ၊ ထရီမိုလို ဘားအကျိုးသက်ရောက်မှုများနှင့် ပွက်သိပ်နေသည့် ဂစ်တာဆိုလိုများကို တွေ့မြင်နိုင်သည်။ Ice Nine ဆိုသည့် သီချင်းတစ်ပုဒ်တွင်မူ ဂျင်မီဟင်းဒရစ်၏ ဂစ်တာသံလိုမျိုး Straocaster တေးသွားနှင့် ကြည်လင်သည့် ကော့ဒ်ရိုက်ခတ်မှုအားများ ပါဝင်သည်။ ထို့အပြင် Always With Me, Always With You နှင့် Mid Night စသည့် ပျော့ပျောင်းသော တေးသွားများလည်း ပါဝင်ကာ နှောင်းခေတ် ဂန္ထဝင်ဟန်အပေါ် မြင့်မားသည့် Tapping နည်းစနစ်စွမ်းအင်များဖြင့် အသုံးပြုထားသည်။

၁၉၈၇တွင် ဂစ်တာပရိသတ်များ၏ ထောက်ခံမဲအပြည့်အဝ ရရှိခဲ့ပြီး ထိုနှစ်၏ အကောင်းဆုံးဂစ်တာသမားဖြစ်လာခဲ့သည်။ ၁၉၈၈ ၌ ရိုးလင်းစတုန်းမှ မစ်ဂျက်ဂါး၏ တစ်ကိုယ်တော် ဖျော်ဖြေရေးခရီးစဉ်တွင် စထရီယာနီသည် ဂစ်တာသမား ဂျက်ဖ်ဘက်အစား ဝင်ရောက်တီးခတ်ပေးခဲ့သည်။ ၁၉၈၉ အောက်တိုဘာတွင် စထရီယာနီသည် Flying I A Blue Dream အယ်လ်ဘမ်ဖြင့် ဟန်ကွဲမျိုးစုံအပေါ် ကျွမ်းကျင်မှုကို ထင်ရှားစွာ ပြသခဲ့သည်။ ထိုအယ်လ်ဘမ်တွင် ဂစ်တာသမားတစ်ယောက်၏ ရဲရင့်သည့် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် သီချင်းပါဝင်ဆိုခဲ့သည်။ ယင်းအတွက် သမားရိုးကျသမားများက ဒေါသတကြီး ကဲ့ရဲ့ တိုက်ခိုက်ကြသော်လည်း ဂျိုး၏ ရဲဝံ့သည့် စွန့်စားမှုက သူ၏ ကျော်ကြားမှုကို ဆုတ်ယုတ်မသွားစေခဲ့ပေ။ စင်မြင့်ဖျော်ဖြေပွဲများတွင်လည်း နှစ်အတန်ကြာ အောင်မြင်ခဲ့သည်။ ၁၉၉၂ တွင် The Extremist အယ်လ်ဘမ်ကို ထုတ်ဝေသည်။

စတူဒီယိုနှင့် စင်မြင့်တွင် နှစ်ထပ်အသံသွင်းယူထားသည့် Time Machine အယ်လ်ဘမ်ကို ၁၉၉၃ ၌ ထုတ်ခဲ့ပြီးနောက် စထရီယာနီသည် သူ့ကိုယ်သူ လူထု၏ မျက်စိအောက်မှ ဖယ်ရှားခဲ့သည်။ ၁၉၉၅ ထုတ် Joe Satriani အယ်လ်ဘမ်တွင်တော့ ရော့ခ်လမ်းကြောင်းမှ ဖျူးရှင်းလမ်းကြောင်းသို့ ကူးပြောင်းခဲ့သည်။ ၎င်းနောက် ၁၉၉၆ တွင် G 3 ဝိုင်းကို ဦးဆောင်၍ အခြားဂစ်တာသမားများ ဖြစ်ကြသော အဲရစ်ဂျွန်ဆင်၊ စတိဗ်ဗိုင်းတို့နှင့် နယ်လှည့်ဖြေဖျော်ခဲ့သည်။ စထရီယာနီသည် မယုံကြည်နိုင်လောက်သည့် တီးခတ်နှုန်းနှင့် နည်းစနစ်ရှိသလို နားစွဲလွယ်သည့် ချိုမြသည် တေးသွားများကို ရေးစပ်နိုင်စွမ်းလည်း ရှိသေးသည်။ "ကျွန်တော့် ပြဿနာကတော့ အဆိုထည့်ဖို့ စာသားတွေ ဘာတွေရေးပြီးမှ ဒီသီချင်းကို အဆိုထည့်ဖို့ မလိုမှန်းသဘောပေါက်လာတာပဲ"ဟု ဂျိုးက ပြောသည်။ အဆိုမထည့်သော်လည်း ဂျိုး၏ဂစ်တာတေးသွားများကို ပရိသတ်က ကျယ်ကျယ်ပြန့်ပြန့်လက်ခံကြသည်။ ဂစ်တာသမားအများစုက ရေးဟောင်းဟန်များ လွှမ်းမိုးခံနေရစဉ်ကာလတွင် ဂျိုးက ရော့ခ်ဂီတလမ်းကြောင်းပေါ်ဦးစွာ လျှောက်လှမ်းခဲ့ပြီး ရော့ခ်ဂီတလောက ရိုးအီနေစဉ်ကာလတွင် ဂျိုးက ဖျူးရှင်းလမ်းကြောင်းသို့ အမြော်အမြင်ရှိရှိ ခွဲထွက်လာခဲ့သည်။ အခြားဂစ်တာသမားများက ပုံသေစကေးများ၊ နည်းစနစ်များဖြင့် ရော့ခ်ဂီတနယ်ပယ်တွင် နပန်းလုံးနေစဉ်တွင် ဂျိုးက ဂျပ်ဇ်၊ ဘလူးစ် စသည့် ခရိမက်တစ် လွန်မြောက်နယ်မြေတွင် ပျံသန်းနေချေပြီ။ မည်သို့ပင်ဆိုစေ ဂျိုးစထရီယာနီသည် နည်းစနစ်အပိုင်းရော၊ ဖန်တီးမှုအပိုင်းပါ မျှတသည့် ကိုယ်ပိုင်အမြင်ရှိသော ဂစ်တာတူရိယာပညာရှင်တစ်ဦး ဖြစ်ပေတော့သည်။

❖ ✾ ❖

# ဝုဒ္ဒီဂပ်သရိ

(သုံ့မပဟုတ်)

# ကျေးလက်အဆိုတော်တို့၏ဖခင်



အရှုံးပေးဖို့ မွေးဖွားလာပါလားလို့ ထင်စေတဲ့ သီချင်းမျိုးကို ကျွန်တော် မုန်းတယ်၊ ကျွန်တော်ကတော့ ဒါဟာ ခင်ဗျားတို့ ကမ္ဘာကြီး ပါလားဆိုတာ သက်သေပြမယ့် သီချင်းတွေသီဆိုဖို့ မွေးဖွားလာတာပဲ။

**ဝူဒီဂပ်သရီ**

"အရှုံးပေးဖို့ မွေးဖွားလာပါလားလို့ ထင်စေတဲ့ သီချင်းမျိုးကို ကျွန်တော် မုန်းတယ်၊ ကျွန်တော်ကတော့ ဒါဟာ ခင်ဗျားတို့ ကမ္ဘာကြီးပါလားဆိုတာ သက်သေပြမယ့် သီချင်းတွေ သီဆိုဖို့ မွေးဖွားလာတာပဲ"ဟု ကျေးလက်အဆို တော် **ဝူဒီဂပ်သရီ (Woody Guthrie)** ပြောခဲ့သည်။ အမှန်တကယ်လည်း ဝူဒီ၏ဘဝသည် အစမှအဆုံးအထိ ကံဆိုးမိုးမှောင်ကျခဲ့သောဘဝဖြစ်သည်။ သို့သော်လည်း သူသည် ရက်စက်စွာ ပြုမူနေသော ကံကြမ္မာအား ဘယ်ခါမှ အရှုံးမပေးခဲ့ဘဲ ရောဂါဝေဒနာ ခံစားနေရသည့် နောက်ဆုံးနှစ်များအတွင်း ၌ပင် ပျော်ရွှင်မှုနှင့် မျှော်လင့်ချက်ပါသော သီချင်းများကို ရေးသားနေခဲ့သည်။ သူ၏ **ဒီမြေဟာမင်းမြေ** (This Land Is Your Land) **သိပ်ရှည်လျား** (So Long) ကဲ့သို့သော သီချင်းများသည် လူထုအား ခံနိုင်ရည်ရှိအောင် ပြုလုပ်ပေး သည့် ဂန္ထဝင်ကျေးလက်တေးများ ဖြစ်ကြသည်။ ကျေးလက်၏ ခမ်းနားမှုနှင့် အလှကို သူသီဆိုခဲ့သည်။ သူသည် အမေရိက၏ အံ့ဩဖွယ်ကောင်းမှုအား ယစ်မူးခဲ့သည်။ ၁၉၃၀ နှစ်များအတွင်း သူ၏ ကြမ်းတမ်းစူးရှသော အသံက အမေရိကဘဝစီးကြောင်းအတွင်းသို့ ပျော်ရွှင်မှုနှင့် မျှော်လင့်ချက်အသစ်ကို ထိုးသွင်းပေးခဲ့သည်။

ဝူဒီဂပ်သရီ၏ အမည်ရင်းမှာ **ဝုဒရိုး ဝီလ်ဆင် ဂပ်သရီ** (Woodrow Wilson Guthrie) ဖြစ်သည်။ သူ့အား ၁၉၁၂ တွင် အိုကလာဟိုးမား၏ သဲတောင်ကုန်းများရှိ **အိုကီမက်** (Okemah) မြို့လေးတွင် မွေးဖွားခဲ့သည်။ သူ့ မြို့အား "စိုက်ပျိုးမွေးမြူရေးမြို့တွေထဲမှာ သီချင်းအဆိုဆုံး၊ အကခုန်ဆုံး၊ အအော်

ဟစ်ဆုံး၊ အငိုကြွေးဆုံးမြို့ပါပဲဗျာ”ဟု ဂူဒီဂပ်သရီက ပြန်ပြောင်းပြောပြဖူးသည်။ သူ့ဝန်းကျင်မှ ဂီတကို သူစုပ်ယူခဲ့ပါ၏။ မိခင်ထံမှ ကြေကွဲဖွယ် ရှေးဟောင်း ကျေးလက်အလွမ်းတေးများကို သူသင်ယူခဲ့သည်။ ကြီးပွားချမ်းသာသော မြေကုန်သည်ဖခင်ထံမှ အကကီတနှင့် နီဂရိုး ဘလူးစ်တေးများကို သင်ယူခဲ့၏။ နီဂရိုးဖိနပ်တိုက်သမား ကောင်လေးတစ်ယောက်က သူ့အား ဘာဂျာမှုတ်နည်း သင်ပေးခဲ့သည်။ ထို့နောက် အရက်ပုန်းရောင်းသူတစ်ယောက်ထံမှ ငှားလာသော ဂစ်တာဖြင့် တေးသွားများ တီးခတ်ပုံကို မိမိဘာသာ လေ့ကျင့်သင်ကြားခဲ့သည်။

ထို့နောက် ဂူဒီ၏ ပူပန်မှုကင်းမဲ့သော ကလေးဘဝတွင် ကြမ္မာဆိုးများက တရစပ်ဝင်ရောက်လာခဲ့သည်။ မိသားစုပိုင် အိမ်တစ်လုံးမှာ မီးလောင်သွားခဲ့ရပြီး နောက်တစ်လုံးမှာ လေဆင်နှာမောင်းထဲတွင် လွင့်ပါသွားခဲ့သည်။ ညီမတစ်ယောက်မှာ မီးလောင်သေဆုံးသွားသည်။ သူ့မိခင်မှာ အာရုံကြောများဆုတ်ယုတ်ပျက်စီးသည့် “ဟန်တင်တန်”ရောဂါဖြင့် ကွယ်လွန်သွားရသည်။ ဖခင်ကား စိတ်ကျရောဂါစွဲကပ်ကာ ငွေကြေးများ ဆုံးရှုံးခဲ့ရသည်။

ဂူဒီသည် ဆယ်ကျော်သက်အရွယ်၌ပင် အထက်တန်းကျောင်းမှ ထွက်၍ သတင်းစာရောင်းခြင်း၊ ဝါဆွတ်ခြင်း၊ ရေနံတွင်းတူးခြင်း၊ ဆိုင်းဘုတ်ရေးခြင်းနှင့် ဗေဒင်ဟောခြင်းတို့ကို လုပ်ကိုင်ခဲ့ရရှာသည်။ “အလုပ်အားလုံးနီးပါး ကျွန်တော်လုပ်ဖူးပါတယ်”ဟု သူပြောခဲ့သည်။ ၁၇ နှစ်အရွယ်တွင် နယ်လှည့်၍ ကုန်ပို့သောအလုပ်ကို လုပ်ခဲ့ရသည်။ ဂူဒီသည် ဂစ်တာတစ်လက်ကို ပခုံးထက်လွယ်၍ ကျေးလက်တွင် ကျင်လည်ခဲ့ရသည်။ ကုန်ရထားများကို စီးနင်းကာ အလုပ်လုပ်ခဲ့ရသည်။ ထိုကာလများအတွင်း သူမြင်ခဲ့ ကြားခဲ့ ခံစားခဲ့ရသမျှကို "Hard Traveling" , "Goin,  Down This Old Dusty Road", "Union Maid" နှင့် "Pastures of Planty စသည့် သီချင်းများထဲတွင် ထည့်သွင်းရေးသားခဲ့ သည်။ ထောင်ပေါင်းများစွာသော ကျောင်းသားများသည် ကျေးလက်ကိုဖြတ်၍ အခမဲ့ ကားကြုံစီးခြင်းကို **ခရီးကြမ်းသွားခြင်း** (Hard Traveling) သီချင်း၌ သူဖော်ကျူးခဲ့၏။

“ငါဟာ လင်ကွန်းအဝေးပြေးလမ်းပေါ်ရောက်ရှိခဲ့

မင်းသိသလို ငါတွေးခဲ့

ဖဖ မှာ ငါရောက်ရှိခဲ့
လမ်းပေါ်ကလမ်းကြောင်း
လေးလံတဲ့ဝန်နဲ့ ပူပန်တဲ့စိတ်
တွေးဖို့ခက်တဲ့မိန်းမတစ်ယောက်ကို ရှာဖွေနေ
ခရီးကြမ်းတချို့ ငါသွားခဲ့ပြီးပြီလေ”

အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်တိုင်းနီးပါးရှိ ရွှေ့ပြောင်းသောအလုပ် စခန်းများနှင့် ဆင်ခြေဖုံးဆင်းရဲသားရပ်ကွက်များတွင် သူသီချင်းဆိုခဲ့ဖူးသည်။ “ကျွန်တော်ရောက်တဲ့ နေရာတိုင်းမှာ ဦးထုပ်ချွတ်ပြီး ဘောက်ဆူးရဖို့ သီချင်း ဆိုပြခဲ့ရတယ်”ဟု သူပြောပြဖူးသည်။ ထိုခရီးလမ်းတလျှောက်တွင် ဂူဒီသည် ဇနီးတစ်ယောက်နှင့် ကလေးသုံးယောက် ရရှိလာခဲ့သည်။ ထို့နောက် ဂူဒီသည် အသံလွှင့်ဌာနငယ်တစ်ခုတွင် တစ်နေ့ တစ်ဒေါ်လာနှုန်းဖြင့် သီချင်းဆိုသော အလုပ်ရရှိခဲ့သည်။ နယူးယောက်တွင် ဂူဒီသည် “ကွန်ဂရက်ကိုယ်စားလှယ်” ခေတ်ပြားတိုက်အတွက် ကျေးလက်သီချင်းများ စုဆောင်းပေးရသူ “အလန်လွမ်း မက်စ်”နှင့် ဆုံတွေ့ခဲ့၏။ “သူ့ဂစ်တာကို ညာဘက်ပခုံးမှာ လွယ်ထားတယ် ဗျ၊ အိုကီးအလွမ်းတေးတွေကို သူဆိုလိုက်တဲ့အခါမှာ ဂူဒီရဲ့ အနောက်တောင် ပိုင်းသားလေကို ကျွန်တော် သတိထားမိတယ်”ဟု လွမ်းမက်စ်က ပြန်ပြောင်း ပြောပြခဲ့သည်။ ဂူဒီသည် လွမ်းမက်စ်၏ CBS ရေဒီယိုအသံလွှင့်ပွဲသို့ သွား ရောက်ဖျော်ဖြေခဲ့သည်။ ထိုအသံလွှင့်ချက်သည် ထိုနှစ်အတွက် အကောင်းဆုံး ဂီတတင်ဆက်မှုဆုကို ရရှိခဲ့သည်။

ဂူဒီအား “တန်ပြန်ချေပသော သီချင်းများ”ကို တီထွင်သူဟု ခေါ်ဆိုရမည် ဖြစ်သည်။ ကိုးလ်ပေါ်တာ၊ နိုဝယ်ကောင်းဝပ်နှင့် လောရင့်ဇ်ဟတ်တို့က မြင့် မားသော လူ့အဖွဲ့အစည်းအကြောင်း ခေတ်ဆန်သော အရေးအသားများဖြင့် ရေးဖွဲ့နေသည့် ကာလတွင် ဂူဒီက ပိုင်ဆိုင်မှုကင်းမဲ့၍ ရွှေ့ပြောင်းနေရသော အလုပ်သမားများအကြောင်းကို ရိုးရှင်း၍ ကြမ်းတမ်းသောပုံစံဖြင့် ရေးစပ်ခဲ့သည်။ “နံနက်စောစောကာလရဲ့ မီးဖိုချောင်သုံး အမှိုက်ပုံးတွေ၊ ဆိပ်ကမ်းကုန်တင်ကုန်ချ လုပ်သားတွေရဲ့အော်သံတွေ၊ နွားကျောင်းသားတွေရဲ့ ကြာပွတ်သံတွေ၊ အထီး ကျန် ဝံပုလွေတွေရဲ့ အူသံတွေကို ရေးဖွဲ့ရတာ ကျုပ် ပိုသဘောကျတယ်”ဟု ဂပ်သရီက ဆိုသည်။ ထိုသီချင်းများအား ကျေးလက် အဆိုတော်**ပီတီဆီးဂါး**

စိတ်ကူးချိုချို

(Pete Seeger) က "အခိုင်အမာ ထွန်းလင်းတောက်ပတဲ့ အသံတစ်သံ"ဟု ခေါ်ဆိုခဲ့သည်။ ကုန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ရေမျောကမ်းတင် အုပ်စုအကြောင်းကို သူရေးစပ်သီဆိုခဲ့သည်။

"ဒီရထားဟာ လောင်းကစားသမားတွေကို မသယ်ဆောင်ဘူး။
လူညာတွေ၊ သူခိုးတွေ၊ ကိုယ့်ကိုကိုယ်အထင်ကြီးတဲ့ လူပေလူလွင့်တွေ
ဒီရထားကို ဂုဏ်ကျက်သရေအတွက် ကန့်သတ်ထား"
ဒီရထား

တစ်ခါက သူနှင့် သူ့အဆိုအဖွဲ့သည် နယူးယောက်ရှိ ကြီးကျယ်ခမ်းနားသော "သက်တံခန်းမ"တွင် အသံစမ်းနေကြသည်။ ထိုစဉ် ဂူဒီက ရတ်တရက်ထ၍ လှောင်ပြောင်သရော်သော လက်တန်းစာသားများကို ဤသို့ ဖွဲ့ဆိုလေသည်။

"သက်တံခန်းမဟာ အထပ်ခြောက်ထပ်မြင့်တယ်၊
ဒါဟာ အမေရိကန်ပြန်ဖို့ လမ်းကြောင်းရှည်တစ်ခုကွလို့ သူတို့ ပြောကြတယ်။
တစ်နေရာရာကို သွားဖို့ လူတွေ စပြောချိန်၊
ထထွက်သွားဖို့ အသင့်ဖြစ်နေတာ ငါပါပဲ"

ဂူဒီဂပ်သရီသည် ကြည့်ကောင်းစရာ တစ်ကွက်မှ မရှိသော ပိန်သွယ်သွယ် လူဖလံကလေးဖြစ်သည်။ သူ့ပုံမှာ မာကျောကြွခိုင်၍ ရာသီဒဏ်ခံရပြီး ရုပ်ရင့်ရော်နေသော လက်ဖှေ့သမားနှင့် တူလှသည်။ ပိန်၍ ခက်ထန်သော မျက်နှာအား အနက်ရောင်ဆံပင်အခွေအလိပ် တစ်ထွေးက အုပ်မိုးထားကြသည်။ သူ၏ ငြီးငွေ့ဖွယ် အနောက်တောင်ပိုင်းသား လေသံဝဲဝဲမှာ ကာလကြာမြင့်စွာ စီးပြီး၍ ကွဲအက်သွားသော်လည်း သက်သောင့်သက်သာဖြစ်နေသေးသည့် ဖိနပ်ဟောင်းတစ်ရံနှင့် တူပေသည်။ "ဂူဒီဟာ အမေရိကန်လမ်းမကြီးပေါ်ပေါက်ရေးအတွက် အကောင်းဆုံး အလွမ်းတေးဖန်တီးသူပဲ၊ သူဟာ လမ်းကြောင်းမျိုးစုံထဲမှာ သူ့မျိုးဆက်ရဲ့ အမှန်ကန်ဆုံးနဲ့ ပါရမီအရင့်သန်ဆုံး လူတစ်ယောက်ပါပဲ"ဟု လွန်းမက်စ်က မှတ်ချက်ချခဲ့သည်။

ဓာတ်ပြားတိုက်အတွက် သီချင်းများ သွင်းယူစဉ် ဂူဒီနှင့် လွန်းမက်စ်တို့ အတူနေခဲ့ကြရသည်။ "သူဟာ ကြမ်းပေါ်မှာပဲအိပ်တယ်၊ အပေါ်အင်္ကျီထဲမှာ ဝင်ကွေးတယ်၊ အစာစားရင် ပန်းကန်ဆေးခွက်မှာ ရပ်စားတယ်၊ သိပ်နူးနူး

ညံ့ညံ့တွေ ကျုပ်မလိုချင်ပေါင်၊ ကျုပ်က လမ်းပေါ်ကလူပဲဗျာလို့ ဂူဒီက ပြော တယ်ဗျ”

ဒုတိယကမ္ဘာစစ်အစပိုင်းကာလသည် ဂူဒီ၏ ဘဝတွင် ဖန်တီးမှုအား အကောင်းဆုံးကာလဖြစ်သည်။ တက်လမ်းမရှိသော သူ့အား စိတ်ပျက်နေသော ဇနီးသည် မေရီက ကွာရှင်းပြီးသည့်နောက်တွင် ဂူဒီသည် ဂရင်းနစ်ကျေးရွာ ရှိ စုတ်ချာချာ အိမ်ဟောင်းတစ်လုံးတွင် နေထိုင်လေသည်။ ၎င်းတွင် သီချင်း များ ဒါဇင်နှင့်ချီ၍ သူရေးစပ်ခဲ့သည်။ **လုပ်သားနေ့စဉ်** (Daily Worker) သတင်းစာတွင် **(Woody Sez)** အမည်ရ ကော်လံတစ်ခုကို ပုံမှန်ရေးသားပေး ခဲ့သည်။ “အယ်လ်မန်းနက် အဆိုကျော်များ” အဖွဲ့နှင့် သီချင်းဆိုခဲ့သည်။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်သည့် **Bound for Glory** ကိုလည်း ရေးသား ခဲ့သေးသည်။ ထိုစာအုပ်ကို နယူးယောက်တိုင်း သတင်းစာက ချီးကျူးခဲ့ရသည်။

တစ်ညတွင် ဂူဒီသည် **ဒေါသမာန်** (Grapes of Wrath) ရုပ်ရှင်ကို သွားကြည့်သည်။ ထိုရုပ်ရှင်မှာ ဒပ်စ်ဘိုး ဒုက္ခသည်များအကြောင်း ဂျွန်စတိန်း ဘက်ရေးသားသော ဝတ္ထုပေါ်တွင် အခြေခံထားသည်။ ဂူဒီသည် ရုပ်ရှင်ကြည့် ပြီး အိမ်ပြန်ရောက်လာသောအခါ၌ ထိုင်ချလိုက်ပြီး အသည်းအသန်ပင် လက် နှိပ်စက်ရိုက်လေတော့သည်။ နံနက်ခင်းတွင် ကြမ်းပြင်ပေါ်၌ သူအိပ်ပျော်နေသည် ကို တွေ့ရသည်။ လက်နှိပ်စက်နံဘေးတွင်ကား ၂၆ ပိုဒ် ပါဝင်သော **တွမ်ဂျုပ်** (Tom Joad) သီချင်း၏ ရိုက်ပြီးသား စာရွက်များက ကြဲပြန့်လျက်။ နောင် တွင် ဂျွန်စတိန်းဘက်က ထိုသီချင်းသည် အိုကီးများ၏ စိုးရိမ်ဖွယ်အနေအထား ကို ဖော်ပြရာ၌ သူ၏ ပူလစ်ဇာဆုရစာအုပ် (ဒေါသမာန်) ကဲ့သို့ပင် ကောင်း မွန်ပါသည်ဟု ပြောကြားခဲ့သည်။

၁၉၄၃ တွင် ဂူဒီသည် ဂျာမန်သင်္ဘောများအား ဖျက်ဆီးသော ရေငုပ် သင်္ဘော၌ အမှုထမ်းခဲ့သည်။ “သေနတ်သမားကောင်လေး အယောက် ၅၀ ကို ကျွန်တော် အစာကျွေးခဲ့ရတယ်၊ သူတို့ရဲ့ ညစ်ပေတဲ့ ပန်းကန်ပြားတွေ ဆေး ပေးရတယ်၊ ဆီပေကျံနေတဲ့ သူတို့ရဲ့ ထမင်းစားခန်းကို ဆေးကြောတိုက်ချွတ် ပေးရတယ်၊ အချိန်ပြည့် နားရတယ် မရှိပါဘူးဗျာ”ဟု ဂူဒီက ပြန်ပြောပြ သည်။ ထို့နောက် **မာဂျိုရီး မာဇီယာ** (Marijorie Mazia) နှင့် သူလက်ထပ်သည်။ စစ်အပြီးတွင် ကိုနီးကျွန်း၌ သူတို့အခြေချခဲ့ကြသည်။ ၎င်းတွင် သားသမီး

လေးယောက် ထွန်းကားခဲ့သည်။ ၎င်းတို့အား ထောက်ပံ့ရန်အတွက် ဂူဒီသည် သူ့သီချင်းများပါဝင်သော စာအုပ်ငယ်အား တစ်အုပ်လျှင် ၂၅ ဆင့်ဖြင့် ရောင်းနိုင်ရန် ဖယောင်းစက္ကူဖြင့် ဒီဇိုင်းရေးပြီး စာလှည့်စက်ဖြင့် လှည့်ကာ ထုတ်လုပ်ခဲ့ရသည်။

ကိုနီးကျွန်းပေါ်မှ ကြားကာလသည် နားနေမှုကင်းသော ဂူဒီအတွက် အတန်ငယ် ငြိမ်သက်သော ကာလတစ်ခု ဖြစ်သည်။ သူတို့အိမ်မှာ ကလေးများ ဂီတသံများဖြင့် ပြည့်နှက်နေခဲ့သည်။ ဂူဒီက ရစ်သမ်တီး၍ သီချင်းများဖန်တီးသောအခါတွင် မိသားတစ်စုလုံးက သူတို့ပိုင်ကားစုတ်လေးထဲ စုပြုံ၍ အိမ်ကို ပတ်မောင်းနေတတ်ကြသည်။ "ဒါဟာ ကျွန်မတို့ရဲ့ လူနေမှုဘဝပဲရှင့်"ဟု မာဂျိုရီးဂပ်သရီက ပြော၏။ နောင်တွင် ကျေးလက်အဆိုတော်ဖြစ်လာသော သူတို့၏ သား **အာလို (Arlo)** ဆိုလျှင် အဆင့်ခြောက်ရစဉ်က အိမ်သို့ အမောတကောပြေးလာ၍ ဤသို့သတင်းပေး၏။ "အမေ၊ အဖေ့သီချင်းတွေ ကျောင်းမှာဆိုနေကြတာ သူ့စာသားတွေကို သိနေကြတာ အမေသိရဲ့လား"

တစ်နေ့တွင် ဂူဒီသည် နယူးဂျာစီပြည်နယ်ရှိ အလုပ်သမားသမဂ္ဂအတွက် သီချင်းဆိုရန်သွားရောက်ခဲ့သည်။ သူအိမ်ပြန်ရောက်ချိန်၌ ကလေးများအတွက် ပူဖောင်းများ ဝယ်လာခဲ့သည်။ သို့သော် အိမ်တွင် မည်သူမျှမရှိ။ "ကိုနီးဆေးရုံသို့ လိုက်ခဲ့ပါ"ဟူသော စာတစ်စောင်သာ တွေ့ရသည်။ ဆေးရုံသို့ သူရောက်ချိန်၌ သူ၏ လေးနှစ်သမီးကေသီမှာ အိမ်တွင် ရုတ်တရက် မီးလောင်ရာမှ မီးလောင်ခံရပြီး သေလုမျောပါး ဖြစ်နေလေပြီ။ မကြာမီ သားတစ်ယောက်မှာလည်း ရထားတိုက်ခံရကြောင်း သတင်းရောက်လာခဲ့သည်။ ဂူဒီ၏ ကလေးများအတွက် ပျော်ရွှင်ဖွယ်သီချင်းများမှာ ချုပ်ငြိမ်းခဲ့ရလေပြီ။

ထို့အပြင် သူသည်လည်း ဆန်းကြယ်စွာ မူးဝေသော ဝေဒနာကို ခံစားလာရပြီး စိတ်ညှိုးငယ်ကာ အဆင်အခြင်ကင်းမဲ့စွာ ပြုမိလာခဲ့သည်။ တစ်ကြိမ်တွင် မိမိကိုယ်မိမိ သတ်သေရန်ပင် ကြိုးပမ်းခဲ့သည်။ သူ့မိခင်ခံစားခဲ့ရသော ဝေဒနာမျိုးပင် သူခံစားနေရကြောင်း တွေ့ရှိလာခဲ့သည်။ သို့သော်လည်း ဂူဒီသည် ပျော်ပျော်ကြီးပင် သတင်းများကို ဆွေးနွေးနေသေးသည်။ ရောဂါက သူ့ခွန်အားနှင့် ဖန်တီးမှုကို တဖြည်းဖြည်း ပြုန်းတီးစေခဲ့သည်။ ဖျတ်လတ်တက်ကြွသောသီချင်းများကို ဖန်ဆင်းခဲ့သူ ကျေးလက်အဆိုတော်ကြီးသည်

စကားမပြောနိုင်သည်အထိ အခြေအနေဆိုးလာရသည်။ နောက်ဆုံးတွင် သေလုမျောပါးဖြစ်၍ အိပ်ရာထဲတွင် လဲနေချိန်ကျမှ သူ့အား အသိအမှတ်ပြု လက်ခံမှုများကို ရရှိခဲ့သည်။

ဂူဒီ၏ သီချင်းများက ကျေးလက်တေးများ၏ ဈေးကွက်ကို ကမ္ဘာ နှင့်ချီ၍ ပျံ့နှံ့စေခဲ့သည်။ ပီတာ၊ ပေါလ်နှင့် မေရီ၊ ဂျူဒီကောလင်း၊ ပီတီဆီးဂါး နှင့် ဂျက်အီလီယစ် စသော နာမည်ကျော် အဆိုတော်များက သူ့သီချင်းများကို အသံသွင်းယူကြလေသည်။ ကျောင်းများ၌ "ဒီမြေဟာ မင်းမြေ" သီချင်းကို သီဆိုကြသည်။ "ဂပ်သရီ၏ အရည်အသွေးမှာ နိုင်ငံတော်ပိုင်ဖြစ်သည်"ဟု ဝေဖန်ရေးဆရာ ကလစ်ဖ်တွန် ဖက်ဒီမန်းက ရေးသားခဲ့သည်။ ၁၉၆၆ ဧပြီတွင် ပြည်ထဲရေးအတွင်းဝန် စတီးဝပ်အူးဒေါက ဂပ်သရီအား "အမေရိကန်ပြည်သူများအား သူတို့၏မျိုးရိုးနှင့် တိုင်းပြည်အပေါ် နားလည်သဘောပေါက်လာစေရန် တစ်သက်တာလုံး ကြိုးပမ်းခဲ့မှုများ"အတွက် ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ ဂုဏ်ပြုမှတ်တမ်းတွင် ဤသို့ ဖတ်ကြားခဲ့သည်။

"သင်သည် ကျွန်ုပ်တို့ မြေကို ချစ်မြတ်နိုး၍ ထိုအတွက် ကာကွယ်သူများ၏ ခိုင်မာသော ယုံကြည်ချက်များအား သင့်သီချင်းများအတွင်း နက်ရှိုင်းစွာ ပုံပြင်တင်ပြခဲ့ပေသည်" မာကျိုရီးဂပ်သရီသို့ ဂုဏ်ပြုစကား တင်ဆက်ရာတွင် ပြည်ထဲရေးဌာနအနေဖြင့် "ဂူဒီဂပ်သရီနှင့် ဝေါ့ဝှစ်တမင်းဆိုသော သမိုင်းဝင် ကဗျာဆရာကြီးနှစ်ဦးအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုရသည့်အတွက် ဂုဏ်ယူမိပါကြောင်း" ပြောကြားခဲ့သည်။

ဂူဒီသည် ထိုရောဂါကို ၁၅ နှစ်ကြာ ခံစားခဲ့ရသည်။ အသက် ၅၅ နှစ်အရွယ် အောက်တိုဘာလတွင် သူကွယ်လွန်လေသည်။ သူကွယ်လွန်ကာမှ သူ့လက်ရာအပေါ် စိတ်ဝင်စားမှုများ ပြန်လည်ပေါ်ထွန်းလာကြသည်။ သူကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ပြန်လည်ထုတ်ဝေခဲ့ကြသည်။ ထုတ်လုပ်သူ ဟာရီးဟတ်ချ်နှင့် ဟာရီးလဗမ်သယ်တို့က သူ့ဘဝကို ရုပ်ရှင်ရိုက်ကူးခဲ့ကြသည်။ "အမျိုးသားအသံလွှင့်ကုမ္ပဏီ"က သူ့အတွက် အမှတ်တရ ဖျော်ဖြေပွဲတစ်ခုပြုလုပ်ပေးခဲ့သည်။ ထို့နောက်တွင် ကာနက်ဂျီခန်းမ၌ ထိပ်သီးကျေးလက်အဆိုတော်များက သူ့သီချင်းများကို သီဆိုဖျော်ဖြေကြပြီး သရုပ်ဆောင်ဝီလ်ဂီယာနှင့် ရောဘတ်ရိုင်ယန်တို့က သူ့အရေးအသားများကို ဖတ်ပြကြသည်။ ပရိသတ်များနှင့် အနုပညာရှင်များက ပွဲအဆုံးတွင် "ဒီမြေ..."သီချင်းကို ပူးပေါင်းသီဆိုကြ

သည်။ အများစုမှာ သူတို့အား လှုံ့ဆော်ပေးသည့် ဂူဒီ၏ ကျေးလက်သီချင်းမှ မျှော်လင့်ချက်ပေးစွမ်းသော စကားလုံးများကြောင့် မျက်ရည်ကျကြရပါသည်။

“ဒီမြေဟာမင်းမြေ
ဒီမြေဟာ ငါ့မြေ
ကယ်လီဖိုးနီးယားကနေ နယူးယောက်ကျွန်းအထိ
အနီရောင်သစ်တောတွေကနေ ပင်လယ်ကွေ့ရေစီးများအထိ
ဒီမြေဟာမင်းနဲ့ ငါ့အတွက် ဖန်တီးထား”

Ref : Freedom in the Air by Josh Dunson
- Woody Guthrie : Father of the Folk Singers by John Reddy